မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၁၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆုရမြန်မာအသင်းကို အားပေးချီးမြှင့်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုရ မြန်မာအားကစားသမားများအား အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၁၁ နာရီခွဲက ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်တို့နှင့်အတူ နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ မြားပစ်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်အားကစားနည်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ရေးဦးစွာ နေပြည်တော်ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ Recurve Open အမျိုးသားအသင်းလိုက် ရှုံးထွက်ပွဲစဉ်မှ ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲတွင် ထိုင်းအသင်းက ၂၀၆ မှတ်၊ ၁၉၉ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ဒုတိယသမ္မတက Compound Open အမျိုးသားအသင်းလိုက် ရှုံးထွက်ပွဲစဉ်၌ ပထမဆုရ မြန်မာအသင်း၊ ဒုတိယဆုရ ထိုင်းအသင်း၊ တတိယဆုရ မလေးရှားအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့ပြင် ဒုတိယသမ္မတက ပထမဆုရ မြန်မာအသင်းသားများအား *စာမျက်နှာ ၉ ကော်လံ ၅* ◆

ပြည်တွင်းစက်မှုနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ပြည်ပသွင်းကုန်များနှင့် ယှဉ်ပြိုင်ရန်ပြင်ဆင်ဖို့လိုအပ်နေ

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်တွင်းမှ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အလုပ်ရုံများနှင့် အသေးစား စားသောက်ကုန်၊ လူသုံးကုန်လုပ်ငန်းအများစုမှာ အိမ်နီးချင်းနိုင်ငံများရှိ စက်ရုံကြီးများက တင်သွင်းသည့် ပို့ကုန်များကို ယှဉ်ပြိုင်ပြီး ရပ်တည်ရန် ခက်ခဲလာနေပြီဖြစ်သည်။

အိမ်တွင်းတစ်နိုင်တစ်ပိုင် လုပ်ကိုင်သူအများစုမှာ ငွေရင်းပမာဏအားနည်းမှုနှင့် နည်းပညာပိုင်းတွင် ပြည်ပမှ တင်သွင်းလာသော အဆင့်မြင့်ဈေးနှုန်းသက်သာသည့် ပို့ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

"ယှဉ်ပြိုင်မှုရဲ့ ပုံစံတွေ ပြောင်းလဲလာပါတယ်။ အရင်က ပြည်တွင်းလုပ်ငန်းရှင်အချင်းချင်းရဲ့ အရည်အသွေးနဲ့ ထုတ်ကုန်ဒီဇိုင်းတွေက မကွာခြားကြဘူး။ ဈေးနှုန်းမှာလည်း ပြည်ပပို့ကုန်ဈေးနဲ့ ပြည်တွင်းထုတ်ကုန်ဈေးဆိုပြီး ဈေးနှုန်းအမျိုးအစားနှစ်မျိုးသာရှိတယ်။ အခုတော့ ပြည်တွင်းထုတ်ကုန်တစ်ခုရဲ့ အရင်းဈေးကို ပြည်ပပို့ကုန်တွေက ပိုပြီးသက်သက်သာသာနဲ့ ရောင်းချနိုင်လာတဲ့အတွက် ပြည်တွင်းထုတ်ကုန်တွေ ဈေးကွက်ပျက်ခဲ့ရတယ်"ဟု မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

သတင်း - ခင်ရတနာ

နည်းပညာမြင့် ဈေးနှုန်းသက်သာသည့် စက်မှုပစ္စည်းများအပြင် အသင့်စား အစားအစာများ၊ လျှပ်စစ်ပစ္စည်းများ၊ လယ်ယာထွက်ကုန်စည်များတွင်လည်း ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေးများမှာ နိုင်ငံတကာ စံချိန်စံညွှန်းပြည်မီရန် များစွာလိုအပ်နေသေးကြောင်း လုပ်ငန်းရှင်များက ထောက်ပြသည်။

ထို့အပြင် လာမည့် ၂၀၁၅ ခုနှစ်၌ အာဆီယံတိုင်းပြည်များ အချင်းချင်း ကုန်စည်တင်ပို့ ရောင်းချကြရာတွင် ASEAN Free Trade Area အနေဖြင့် လွတ်လပ်စွာ ကုန်စည်စီးဆင်းနိုင်ခွင့်ရှိလာတော့မည်ဖြစ်သည်။ ယင်းအခြေအနေတွင် အာဆီယံနိုင်ငံများမှ ကုန်စည်များသည် ယခုထက် ပိုမိုပေါများစွာ ဝင်ရောက်လာကြတော့မည်ဖြစ်ပြီး ပြည်တွင်းပို့ကုန်များသည်လည်း အာဆီယံနိုင်ငံအသီးသီးသို့ အပြန်အလှန်အားဖြင့် တင်ပို့ခွင့်ရတော့မည်ဖြစ်သည်။

သို့ရာတွင် အရည်အသွေးနိမ့်ကျသည့် ပို့ကုန်များအနေဖြင့် ဒေသတွင်းတိုင်းပြည်ဈေးကွက်များကို ထိုးဖောက်နိုင်ရန်မဆိုထားနှင့် ပြည်တွင်းဈေးကွက်အတွင်း ရပ်တည်နေနိုင်ရန်ပင် အနိုင်နိုင်ကြိုးပမ်းနေရသည်ကို စီးပွားရေးလုပ်ငန်းရှင်များက စိုးရိမ်လျက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

နိုင်ငံတကာ

ကယ်လီဖိုးနီးယား မိုးအကြီးအကျယ်ခေါင်ရေချွေတာကြရန် အရေးပေါ်ကြေညာ

သတင်းစာမျက်နှာ ➢ ၄

ပြည်တွင်း

သဘာဝဓာတ်ငွေ့ဖိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်၍ မီးလောင်ကျွမ်းမှုဖြစ်ပွား

သတင်းစာမျက်နှာ ➢ ၁၁

နိုင်ငံတကာအားကစား

လာလီဂါပွဲစဉ် (၂၀) မှာ မက်ဆီ ဂိုးသွင်းမေးဦးမှာလား

သတင်းစာမျက်နှာ ➢ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြုပြင်ပြောင်းလဲရေးသမား

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလောကတွင် ပြုပြင်ပြောင်းလဲရေးသမား (Reformist) ဟူသော စကားရပ်သည် အသုံးတွင်ကျယ်လာသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို တိုးတက်လာစေရန် ထိုပြုပြင်ပြောင်းလဲရေးသမားတို့၏ ကြိုးပမ်းစွမ်းဆောင်မှုသည် အလွန်အရေးပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်သည်ဆိုရာ၌ ရှိရင်းစွဲအခြေအနေမှ တိုးတက်သည်ထက် ကိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မှန်ကန်သောရည်မှန်းချက်နှင့် မူဝါဒများချမှတ်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားခြင်းပင်ဖြစ်ပါသည်။

ဤပြုပြင်ပြောင်းလဲရေးသမားဟူသော စကားရပ်သည် နိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင်များနှင့်သာ သက်ဆိုင်နေခြင်းမဟုတ်။ လူတိုင်းနှင့် သက်ဆိုင်နေသည်။ လူတိုင်းလူတိုင်း လက်ရှိအခြေအနေမှ ပို၍ပို၍ကောင်းမွန်သော အနေအထားတစ်ရပ်သို့ ရောက်ရှိသွားရန် ပြုပြင်ပြောင်းလဲစရာလေးများ ရှိနေပါသည်။ ကိုယ့်ကိုယ်ကိုယ် မည်သူမျှအဆိုးမမြင်တတ်ကြပါ။ ကိုယ်လုပ်သမျှ အရာအားလုံးကို အကောင်းချည်းသာ ထင်မှတ်တတ်ကြသည်။ မိမိ၏ ချို့ယွင်းချက်၊ အားနည်းချက်များကို မြင်အောင်ကြည့်တတ်သူဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို မှန်ကန်စွာ သိနိုင်မည်ဖြစ်သည်။ ထိုအားနည်းချက်ကိုသိပြီး အမှန်ပြင်နိုင်ခြင်းသည် ပြုပြင်ပြောင်းလဲရေးသမားတို့၏ အခြေခံကျသော အလုပ်ပင်ဖြစ်သည်။ မိမိမှစ၍ ပြုပြင်သည်။ ထို့နောက် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းစသည်ဖြင့် ပြုပြင်သည်။ ပြုပြင်ပြောင်းလဲရေးအလုပ်သည် နယ်ပယ်ကျယ်ဝန်းပါသည်။

စီးပွားရေးသမားတစ်ယောက်အနေဖြင့် မိမိလုပ်ငန်းအဖွဲ့အစည်းတစ်ရပ် ဝင်ငွေကောင်းပြီး အမြန်ဆုံးကြီးပွားတိုးတက်ရေးမှာ အဓိကရည်မှန်းချက်ပင်ဖြစ်သည်။ ထိုရည်မှန်းချက်သည် မြားပစ်သကဲ့သို့ မဖြောင့်ဖြူးတတ်ပါ။ အဖုအထစ်၊ အကွေ့အကောက်၊ အနှောင့်အယှက်၊ အဟန့်အတားများစွာတို့ကို ရင်ဆိုင်ကျော်ဖြတ်ကြရမည်။ ထိုအခက်အခဲ အကျပ်အတည်းတို့ကို လွယ်လွယ်ကျော်ဖြတ်ရန်မဖြစ်နိုင်ပါ။ အကောင်းဆုံးသော ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များကို စီစဉ်ဆောင်ရွက်တတ်မှသာလျှင် အခက်အခဲများကို ကျော်လွှားကာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပါသည်။

ဤပြုပြင်ပြောင်းလဲရေးအလုပ်သည် သတ်လက်လွတ်နေ၍ မဖြစ်ပါ။ ပတ်ဝန်းကျင်အခြေအနေကို အမြဲမပြတ် အကဲခတ်နေရပါသည်။ ပတ်ဝန်းကျင်အခြေအနေအပေါ် မူတည်ပြီး ပြုပြင်ပြောင်းလဲရေးအလုပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်သွားသင့်ပေသည်။ အခြေအနေအချိန်အခါပေါ်မူတည်၍ လိုအပ်သလို ပဲ့ကိုင်ထိန်းကျောင်းပြုပြင်သွားနိုင်ပါမှ ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်လုပ်နေမည်ဆိုပါက အများက ကိုယ့်ကို ကျော်တက်သွားပြီး မိမိ၏ ပြုပြင်ပြောင်းလဲရေးအလုပ်သည် အရာမထင်ဖြစ်သွားနိုင်ပါသည်။

ယမန်နှစ်က မိမိ၏ စီးပွားရေးသည် အတန်အသင့်ကောင်းလျှင် ယခုနှစ်တွင် ပို၍ကောင်းလာရမည်ဖြစ်သည်။ ထိုသို့ကောင်းမွန်လာစေရန် ပြုပြင်ပြောင်းလဲရေးသည် အရေးပါဆုံးအလုပ်ပင်ဖြစ်သည်။ စီးပွားရေးလုပ်သည်ဖြစ်စေ၊ လူမှုရေးလုပ်သည်ဖြစ်စေ၊ ရှိရင်းစွဲအခြေခံပေါ်မူတည်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲရေးအလုပ်ကို လုပ်ကိုင်သွားခြင်းဖြင့် တိုးတက်ခြင်းအဆင့်သို့ ဖြည်းဖြည်း တက်လှမ်းသွားနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအားဂုဏ်ပြု

နေပြည်တော် ဇန်နဝါရီ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ကြသော စက်မှုဝန်ကြီးဌာနမှ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော် စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံက စုစုပေါင်း ဆုတံဆိပ် ၂၃၃ ဆုရရှိခဲ့ကာ နိုင်ငံအလိုက် ဒုတိယဆုရရှိခဲ့ပါကြောင်း၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားများတွင် စက်မှုဝန်ကြီးဌာနမှ အားကစားသမား စုစုပေါင်း ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် နှစ်ဆု၊ ကြေးတံဆိပ် ငါးဆု စုစုပေါင်းဆုတံဆိပ် ၁၁ ဆု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အားကစားသမားများကို မိမိအပါအဝင် ဝန်ကြီးဌာနတစ်ခုလုံးက ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ အားကစားသမားများအနေဖြင့် လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင်လည်း မိမိတို့ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အောင်မြင်မှုများ ရယူပေးနိုင်အောင် ကြိုးစားသွားကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၄၅ ကီလိုဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)မှ ထုတ်လုပ်ရေးကျွမ်းကျင်(၃) ဒေါ်စဲလ်ဝိုးအားလည်းကောင်း၊ ၇၈ ကီလိုဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၂) အထည်စက်ရုံ (ပလိပ်)မှ ထုတ်လုပ်ရေးကျွမ်းကျင်(၃) ဒေါ်အေးအေးအောင် အားလည်းကောင်း၊ ဝိုင်းခြင်း (အခြေခံမျိုးကွဲ အတွဲခတ်) ပြိုင်ပွဲနှင့် ဝိုင်းခြင်း (အခြေခံမျိုးကွဲခတ်) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)မှ ထုတ်လုပ်ရေးကျွမ်းကျင်(၃) ဒေါ်ဖြူဖြူဝင်းတို့အား ရွှေတံဆိပ်တစ်ဆုလျှင် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းစီနှင့် တစ်ဆင့်မြှင့်ရာထူးသို့ တိုးမြှင့်ပေးသည့်အမိန့်စာများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းအောင်က ၇၀ ကီလို ဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ အမှတ်(၁) အထည်စက်ရုံ (မရမ်းကုန်း)မှ အလုပ်ရုံစိတ်မှူး ဒေါ်သန္တာဝင်းအား ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်းနှင့် တစ်ဆင့်မြှင့်ရာထူးသို့ တိုးမြှင့်ပေးသည့် အမိန့်စာကိုလည်းကောင်း၊ ၆၂ ကီလို တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ အမှတ်(၃၂)အကြီးစားစက်ရုံ (ကြံခင်း)မှ နေ့စားဝန်ထမ်းဖြစ်သည့် ဒေါ်ဝိတိရီးယားတို့အား ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်းနှင့် အမြဲတမ်းဝန်ထမ်းခန့်အပ်သည့်အမိန့်စာကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်က ၇၀ ကီလို ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)မှ ထုတ်လုပ်ရေးကျွမ်းကျင်(၄)ဦးဇော်နိုင်နှင့် ဂျူဒို kata အတွဲလိုက် ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး)မှ ထုတ်လုပ်ရေးကျွမ်းကျင်(၅)ဒေါ်ခင်ခင်စတို့အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းနှင့် တစ်ဆင့်မြှင့်ရာထူးသို့ တိုးမြှင့်ပေးသည့် အမိန့်စာကိုလည်းကောင်း၊ ဂျူဒို kata အတွဲလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ် (၄)အထည်စက်ရုံ (ပွင့်ဖြူ)မှ နေ့စားဝန်ထမ်းများဖြစ်သော ဦးချစ်မင်းမင်းကိုနှင့် ဦးဖြိုးကိုကို၊ ၄၉ ကီလို တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသော အမှတ်(၃၂)အကြီးစားစက်ရုံ (ကြံခင်း)မှ နေ့စားဝန်ထမ်း ဒေါ်အိန္ဒြာအောင်တို့အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီနှင့် အမြဲတမ်းဝန်ထမ်းခန့်အပ်သည့် အမိန့်စာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေး၌ စာပေဟောပြော

မန္တလေး ဇန်နဝါရီ ၁၈

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး ပထမနှစ် TPPD အစီအစဉ်ဖြင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ စာရေးဆရာမဂျူးက စာပေအလှ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာဆူးငှက်က ပြင့်မြင့်ပျံဝေးဝေးကြည့် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီးနောက် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရွှေတိုးက အမှတ်တရဂုဏ်ပြုလက်ဆောင် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာ ပြုပြင်စရာ

လမ်းပေါ်လောင်းကစားဝိုင်းများကြောင့် ရပ်ကွက်ပြည်သူတို့ စိတ်အနှောင့်အယှက်ဖြစ်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၆) ရပ်ကွက်တွင် နှစ်စပိုင်းမှစ၍ လောင်းကစားဝိုင်းများ လမ်းမပေါ်နှင့် လူစည်ကားသော စက်ရုံဆင်းချိန်တို့၌ ထင်ထင်ပေါ်ပေါ် လုပ်ဆောင်နေမှုကြောင့် ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်နေကြကြောင်း သိရသည်။

ကျန်စစ်သားဈေးအနီးရှိ အောင်စန္ဒာလမ်းမကြီးပေါ်တွင် နံနက်ပိုင်း ဈေးသွားဈေးလာ စည်ကားချိန်တွင် တစ်ဂဏန်းမှ ကိုးဂဏန်းထိပါပြီး ခုနစ်ဂဏန်းကျလျှင် သုံးဆရသော အန်စာတုံး လောင်းကစားဝိုင်းနှင့် ညနေစက်ရုံဆင်းချိန် ဆောက်လုပ်ရေးမှတ်တိုင် တံတားပေါ်တွင် လိပ်၊ ဖား၊ ငါး ဆင် လောင်းကစားဝိုင်းတို့ ပြုလုပ်နေမှုကြောင့် စက်ရုံဆင်း အလုပ်သမားများထံမှ ငွေကြေးကို အုပ်စုဖွဲ့၍ လိမ်လည်ယူနေမှုကို ခိုက်ရန်ဖြစ်ပွား၍ မှုခင်းဖြစ်ပေါ်နိုင်သည် အပေါ် စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ရှင်းပြ

"မနှစ်က ညဘက်မှာ လောင်းကစားဝိုင်းလုပ်လို့ လူငယ်တွေမှုခင်းဖြစ်ကြတယ်။ စက်မှုဇုန်နဲ့နီးတဲ့ ရပ်ကွက်ဖြစ်တဲ့အပြင် လူစည်ကားတဲ့အတွက် လောင်းကစားဝိုင်းလုပ်ဝိတဲ့သူတွေက လစ်ရင်လစ်သလို မိုးကာစခင်းပြီး လောင်းကစားဝိုင်းတွေ ပြန်ခေါင်းထောင်လာနေပြီ။ ရဲကင်းနဲ့လည်း သိဝိမဝေးဘူး။ တားဆီးမှုမရှိရင် ပိုများလာဖို့ပဲရှိတယ်" ဟု ဆိုင်ဝိုင်းရင်တစ်ဦးက ရှင်းပြသည်။

သန်းထိုက်(လှိုင်သာယာ)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၈

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အားကစားနည်း ၁၂ မျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ သက်ဆိုင်ရာအားကစားရုံများတွင် ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ (၂) ၌ ကျင်းပသောငါးယောက်တစ်ဖက် ဘောလုံးအားကစားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများ၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ကျင်းပပြုလုပ်သော ပြေးခုန်ပစ်ပြိုင်ပွဲများမှ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၈၀၀ ဘီးတပ်လှည်းပြိုင်ပွဲနှင့် အားကစားလေ့ကျင့်ရေးခန်းမ(၃) တွင် ကျင်းပပြုလုပ်သော စားပွဲတင် တင်းနစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှငွေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲနှင့် အမျိုးသားသံပြားပစ်ပြိုင်ပွဲ ဆုပေးပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံမှ မကေသီမိုး၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံမှ မထက်ထက်အေးနှင့် တတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံမှ Dwi ၊ အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံမှ အောင်ကြီး၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံမှ သန်းလှိုင်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှတ်တရလက်ဆောင် အရုပ်များပေးအပ်၍ ဆုရအားကစားသမားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆုရမြန်မာအားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသမီးသံလုံးပစ် ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများနှင့် အတူ တွေ့ရစဉ်။ (မြဝတီ)

ရိုးရာဝလေ့ထုံးတမ်းများကို ထိန်းသိမ်းထားသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက လဟယ်မြို့ သာသနဝိလကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုဝစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအားတွေ့ဆုံပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံကျေးရွာများမှ တိုင်းရင်းသူများ သင်တန်းတက်ရောက်နေမှု အခြေအနေအား စစ်ဆေးကာ သင်တန်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လဟယ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ခန္တီးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ကြွရောက်မည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူအဓိပတိဆရာတော် အရှင်ဉာဏိဿရအား လိုက်ပါပို့ဆောင်ကြည်ညိုသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် လဟယ်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ဒုံဟီးမြို့နယ်ခွဲတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီအဖွဲ့ဝင်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထောက်ပံ့ဝေးအပ်

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်လာကြသော ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား ထောက်ပံ့ငွေများ၊ ဆိုလာမီးအိမ်များ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ဒုံဟီးမြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နန်းယွန်း-ဒုံဟီးလမ်းပိုင်း တိုင်းယောင်းချောင်းပေါ်ရှိ တိုင်းယောင်း (၂)တံတားနှင့် တိုင်းယောင်း (၃) တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တံတားပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ နန်းယွန်း-ဒုံဟီးလမ်းသည် ၄၁ မိုင်ရည်လျားပြီး အဆိုပါလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ခွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငွေအပ်လမ်းအဖြစ် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စား အမှတ်(၉၀၁) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါဖွင့်လှစ်သော တိုင်းယောင်းချောင်းပေါ်ရှိ တိုင်းယောင်း(၂)တံတားနှင့် တိုင်းယောင်း(၃)တံတားတို့၏ တံတားအမျိုးအစားမှာ အုတ်မြစ် ၉ ပေ အချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေပိုင်တိုင်၊ အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် နှစ်လွှာတစ်ထပ်ဘေလီနှင့် Steel Decking ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၁၃ တန်ဖြစ်ပြီး၊ တံတားအရှည် ပေ ၂၀၀ ၊ ခန်းဖွင့်ပေ ၁၀၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် နန်းယွန်းမြို့တွင် တည်ဆောက်မည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နန်းယွန်းမြို့ ထေရဝါဒဗုဒ္ဓဘာသာဗဟိုပြုဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်တေဇိန္ဒနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုဝစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နန်းယွန်းမြို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နာဂတိုင်းရင်းသားများ၏ အစဉ်အလာမပျက် ရိုးရာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းထားသော နှစ်သစ်ကူးပွဲတော်ဖြစ်ကြောင်း၊ သဘာဝရေမြေတောတောင်အလှအပတို့နှင့် ပြည်စုံသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများသာမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များပါ စိတ်ပါဝင်စားမှုကြောင့် လာရောက်လေ့လာ၊ ပါဝင်ဆင်နွှဲမှုများကို တွေ့ရှိနိုင်ကြောင်း၊ ပြည်သူအားလုံး၏အခြေခံလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီး တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများချဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားညီအစ်ကို မောင်နှမများကလည်း ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုကြောင်း၊ ပြည်ထောင်စုကြီးအတွင်း ထာဝရချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်သော သန္နိဋ္ဌာန်စိတ်၊ အပြန်အလှန် ယုံကြည်လေးစားမှုများရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီး အမြဲထာဝရ တည်တံ့ခိုင်မြဲနေမှာမြစ်ကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ထိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့က ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ဝေးအပ်ပြီး ထူးချွန်ကျောင်းသားများအား ဆချီးမြှင့်သည်။ ထို့နောက် ဌာနဆိုင်ရာ ပြခန်းများ၊ လက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် နှစ်သစ်ကူးရိုးရာပွဲတော်ကွင်း၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲသို့ တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ်၊ ကျေးရွာအသီးသီးမှ နာဂရိုးရာအကအဖွဲ့များ စုဝေါင်းကပြ ဖျော်ဖြေနေမှုများကိုလည်းကောင်း၊ နာဂရိုးရာသီချင်းဖြင့် ဒေသခံပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များ စုပေါင်းပါဝင်ဆင်နွှဲမှုများကိုလည်းကောင်း ကြည့်ရှုအားဝေးပြီး ရိုးရာအကအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ပွဲတော်သို့ဒေသခံပြည်သူများနှင့်အတူ ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားဧည့်သည်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ရောက်ရှိနေသော ဘယ်လ်ဂျီယံနိုင်ငံမှ မျက်စိနှင့် အထွေထွေခွဲစိတ်ဆရာဝန်၊ သူနာပြုအဖွဲ့များ ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ် ကျောင်းရွာမူလတန်းလွန်ကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာ အမှတ်(၂၁) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်း မင်းက ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဆုပေးပွဲနှင့်စုံညီပွဲတော်ကို ကူညီထောက်ပံ့ပေးသည့် ပညာမီးအိမ်ပညာဒါနအဖွဲ့မှ ဦးမျိုး (ခ)ဦးအဂ္ဂကလည်း "ကျွန်တော်တို့အနေနဲ့ ကျောင်းသား ကျောင်းသူလေးတွေ ပညာကို ကြိုးစားသင်ယူလိုစိတ်ရှိအောင်နဲ့ ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းရတနာများဖြစ်လာအောင် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပါတယ်၊ နောင်နှစ်များမှာလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်းမင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဇော်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ငွေနှင့် စေတနာရှင်အလှူရှင်များက ဆုများ ပေးအပ်ကြသည်။

ဖျော်ဖြေ

ဆက်လက်၍ တက်ရောက်လာကြသူများကို ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကပဒေသာများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး (၀၃) အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တင်မောင်လွင်(မြန်မာ့အလင်း)

အချပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့ အလင်း သတင်းစာ တွင် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အထူးကဏ္ဍ နှစ်မျက်နှာနှင့် ဥပဒေကြမ်း ငါးမျက်နှာ တို့အပြင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

နိုင်ငံတကာသတင်း

ကယ်လီဖိုးနီးယား မိုးအကြီးအကျယ်ခေါင်ရေချွေတာကြရန် အရေးပေါ်ကြေညာ

ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ မိုးခေါင်မှုအဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိရာ ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးက အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်ပြီး ဒေသခံပြည်သူများ ရေကို ချွေချွေတာတာ သုံးစွဲကြရန် ၎င်းက တိုက်တွန်းလိုက်သည်။

လယ်သမားများအနေဖြင့် အကူအညီများရရှိမည်ဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ပြန့်ကြဲချထားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်း၏ ကြေညာချက်တွင်ဖော်ပြသည်။

မစ္စတာဘရောင်းသည် ပြည်နယ်၏ အကြီးဆုံးရေလှောင်ကန်ကြီးများ ရေဝင်ရောက်မှု စံချိန်တင်လျော့နည်းခဲ့ပြီး မိုးခေါင်မှုအရေးပေါ်အခြေအနေ ကြေညာရန် ဖိအားပေးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

အဆိုပါ မိုးခေါင်မှုအခြေအနေကြောင့် လော့စ်အိန်ဂျလိစ် အရှေ့မြောက်ပိုင်း၌ ဇန်နဝါရီ ၁၆ ရက်က စတင်မီးလောင်ပြီး နေအိမ်ငါးလုံး မီးလောင်သွားခဲ့သည်။

မိုးခေါင်မှုကြောင့် ရေပြတ်လပ်မှုမရှိစေရေး ဒေသခံများအနေဖြင့် လက်ရှိရေသုံးစွဲမှု အနည်းဆုံး ၂၀ ရာခိုင်နှုန်းလျှော့ချရမည်ဖြစ်ကြောင်း မစ္စတာဘရောင်းက ဇန်နဝါရီ ၁၇ ရက် သတင်းစာရှင်းလင်းပွဲအပြီး ဆော်ဩတိုက်တွန်းလိုက်သည်။ **(ဘီဘီစီ)**

မင်းသမီးနှင့် တိတ်တိတ်ပုန်းကြိုက်သည်ဆိုသော ပြင်သစ်သမ္မတ ပထမဆုံးအကြိမ် ဆေးရုံရှိဇနီးနှင့်သွားရောက်တွေ့ဆုံ

ပါရီ ဇန်နဝါရီ ၁၈

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်သည် လွန်ခဲ့သောသီတင်းပတ်က နာမည်ကြီး ပြင်သစ်ရုပ်ရှင်မင်းသမီး ဂျူလီဂေးယက်နှင့် တိတ်တိတ်ပုန်းချစ်ကြိုက်ခဲ့သည်ဟူသော စွဲချက်သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် ပတမဆုံးအကြိမ်အဖြစ် ဆေးရုံတက်နေသော ဇနီးဖြစ်သူ ဗာလာရီထရီယာဝီလာထံသို့ သွားရောက်ခဲ့သည်။

အဆိုပါသတင်းကို ကြားပြီး မကျန်းမမာဖြစ်လာကတည်းက ဆေးရုံတက်ခဲ့ရကြောင်း မစ္စစ်တရီယာဝီလာက ပြောသည်။

ယင်းသတင်းကိုကြားပြီး အလွန်မောပန်းခဲ့ကြောင်း၊ သွေးပေါင်လည်း ကျသွားခဲ့၍ ဆေးရုံတက်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မစ္စစ်တရီယာဝီလာသည် စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုခံရကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြသည်။ မစ္စတာဟော်လန်နှင့် ပြင်သစ်ရုပ်ရှင်မင်းသမီးဂျူလီဂေးယက်တို့ ချစ်ကြိုက်ခဲ့သည်ဆိုသော သတင်းနှင့်ပတ်သက်ပြီး Closer မဂ္ဂဇင်းက လွန်ခဲ့သော သီတင်းပတ်က အသေးစိတ်ရေးသား ဖော်ပြခဲ့သည်။

မစ္စတာဟော်လန်နှင့် မင်းသမီးဂေးယက်တို့သည် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲ ကျင်းပစဉ်ကာလအတွင်း အတူသွား အတူလာရှိခဲ့ပြီး စတင်ချစ်ကြိုက်ခဲ့ကြသည်ဟုလည်း အဆိုပါမဂ္ဂဇင်းက ရေးသားဖော်ပြတားသည်။

မစ္စဂေးယက်သည် Closer မဂ္ဂဇင်းကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်အောင် ဖော်ပြခဲ့သည့်အတွက် တရားစွဲဆိုတားသည်။ ၎င်းအနေဖြင့် အဆိုပါမဂ္ဂဇင်းမှ အသရေဖျက်မှုအတွက် ယူရို ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၈၀၀၀)နှင့် တရားစွဲကုန်ကျစရိတ် ယူရို ၄၀၀၀ ရလိုကြောင်း ဆိုတားသည်။

ဖရန်ဆွာဟော်လန်သည် ကြာသပတေးနေ့ ညနေပိုင်းက ဆေးရုံတက်ရောက်ကုသနေသော ဇနီးဖြစ်သူထံသို့ ပတမဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က အတည်ပြုပြောကြားသည်။ မစ္စတာဟော်လန်သည် ဆေးရုံသို့ လာရောက်စဉ် အလွန်စိတ်ညစ်နေပုံရသည်ဟု ဆိုသည်။ မစ္စတာဟော်လန် အနေဖြင့် သမ္မတရွေးကောက်ပွဲကာလအတွင်း ပါရီမြို့အနောက်ပိုင်းရှိ ဒုတိယတပ်အခန်းတစ်ခန်းကို အသက် ၄၁ နှစ်အရွယ် အဆိုပါ ရုပ်ရှင်မင်းသမီးနှင့်တွေ့ရန် အသုံးပြုခဲ့သည်ဟု ဆိုသည်။

မစ္စတာဟော်လန် အနေဖြင့် အဆိုပါသတင်းနှင့် ပတ်သက်ပြီး ငြင်းဆိုခြင်းမရှိသော်လည်း Closer မဂ္ဂဇင်းကို ပုဂ္ဂိုလ်ရေးစော်ကားမှုဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ခြိမ်းခြောက်တားသည်။

ပြင်သစ်သမ္မတနှင့် ဂျူလီဂေးယက်တို့သည် ရွေးကောက်ပွဲလှုံ့ဆော်မဆွယ်မှုပြုလုပ်စဉ် နှစ်နှစ်ကြာ ချစ်ကြိုက်ခဲ့ကြကြောင်း အဆိုပါမဂ္ဂဇင်းက နောက်ဆုံးသတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

ကဘူးလ်မြို့တော် တိုက်ခိုက်မှု သေဆုံးသူများထဲတွင် ပြည်ပနိုင်ငံသားများပါဝင်

ကဘူးလ် ဇန်နဝါရီ ၁၈

အာဖဂန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ လက်ဘနွန်စားသောက်ဆိုင်တစ်ဆိုင်၌ ပြီးခဲ့သည့် သောကြာနေ့က ဖြစ်ပွားခဲ့သော ထိတ်လန့်ဖွယ်တိုက်ခိုက်မှုတစ်ခုတွင် ပြည်ပနိုင်ငံသား ၁၃ ဦး အပါအဝင် လူ ၂၁ ဦးသေဆုံးခဲ့ရသည်ဟု ကဘူးလ်မြို့တော် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

"လက်ဘနွန် စားသောက်ဆိုင်တစ်ဆိုင်မှာ တိုက်ခိုက်မှုဖြစ်ပွားခဲ့တာပါ။ ပြည်ပနိုင်ငံသား ၁၃ ဦး အပါအဝင် ၂၁ ဦးသေဆုံးခဲ့ပါတယ်" ဟု အဆိုပါ ရဲတပ်ဖွဲ့ခေါင်းဆောင်အကြီးအကဲက ဒေသခံမီဒီယာများသို့ ပြောကြားသည်။ သေဆုံးသူများထဲတွင် နိုင်ငံခြားသားအမျိုးသမီး လေးဦးနှင့် အာဖဂန်အမျိုးသမီး တစ်ဦးလည်း ပါဝင်ခဲ့သည်။ ဒဏ်ရာရရှိသူ ခြောက်ဦးမက ရှိခဲ့သည်ဟုလည်း သိရသည်။

ကဘူးလ်မြို့ရှိ ကုလသမဂ္ဂမစ်ရှင်ရုံးမှ ပြောကြားချက်အရ သေဆုံးသူများထဲတွင် ကုလသမဂ္ဂရုံးဝန်ထမ်း လေးဦးနှင့် နိုင်ငံတကာရန်ပုံငွေအဖွဲ့ဝင် တစ်ဦးတို့လည်း ပါဝင်သည်ဟု ဆိုသည်။ ဖြစ်စဉ်မှာ တာလီဘန်သုံးဦးတွင် တစ်ဦးက အကျီတဲတွင် ဝှက်ကာ ဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ပြီး အခြားနှစ်ဦးက ဆိုင်အတွင်းဧည့်သည်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ကဘူးလ်မြို့တော် ရဲတပ်ဖွဲ့ခေါင်းဆောင်အကြီးအကဲ ပြောကြားချက်အရ ပြည်ပနိုင်ငံသားသေဆုံးသူများတွင် ကနေဒါ၊ ရုရှား၊ လက်ဘနွန်၊ ဥရောပနိုင်ငံများမှ နိုင်ငံသားများပါဝင်သည်ဟု ဆိုသည်။

ယခုဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် ပြည်ပမှလာရောက်နေထိုင်သူများအား ပစ်မှတ်ထားတိုက်ခိုက်သော ထာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြတားသည်။

(အမ်အင်န်အေ၊ဆင်ဟွာ)

ဟိုတယ်ပေါ်ဇနီးသေဆုံးခဲ့သည့် အိန္ဒိယဝန်ကြီး စိုက်နာသည်ဟုဆိုကာ ဆေးရုံတက်ရောက်ခဲ့ရ

နယူးဒေလီ ဇန်နဝါရီ ၁၈

သောကြာနေ့က ဟိုတယ်တစ်ခု၌ ဇနီးဆုံးပါးသွားခဲ့သော အိန္ဒိယဝန်ကြီး ရှာရိတာရိုယာသည် ဝမ်းဗိုက်နာကျင်ရောဂါဖြင့် ဆေးရုံတင်လိုက်ရသည်။

မစ္စတာ တာရိုယာသည် အဆိုပါနေ့ နံနက်ပိုင်းက ဆေးရုံတက်ခဲ့ရကြောင်း၊ ယခုအခါ ပုံမှန်ပြန်ကောင်းနေပြီဖြစ်ကြောင်း နယူးဒေလီဆေးရုံပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဝန်ကြီးသည် ၎င်း၏ ဇနီးဖြစ်သူ ဆူနန္ဒာပုခါး သေဆုံးခဲ့သည့် ဟိုတယ်၌ပင် ဆေးကုသမှုခံယူခဲ့ရသည်။ ယင်းဆေးရုံ၌ သေဆုံးသူ၏ ရုပ်အလောင်းကို နာရီအတန်ကြာအောင် စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဟုဆိုသည်။ ဝန်ကြီး၏ဇနီးသည် နယူးဒေလီဟိုတယ်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ရဲအဖွဲ့က ဟိုတယ်ဝန်ထမ်းများကို တစ်ဦးချင်း စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ ဇနီးသည်သေဆုံးမသည် ခင်ပွန်းဖြစ်သူ ဝန်ကြီးက အခြားတစ်ဦးနှင့် ချစ်ကြိုက်ခဲ့သည်ဟု သတင်းများထွက်ခဲ့ပြီးနောက် သေဆုံးခဲ့သည်ဟု သတင်းတွင် ဖော်ပြတားသည်။ ယင်းဝန်ကြီးနှင့် ပါကစ္စတန်သတင်းထောက်တစ်ဦးတို့ ချစ်ကြိုက်ခဲ့ပုံများကို တွစ်တာဝက်ဘ်ဆိုက်တွင် ဖော်ပြတားသည်ဟု ဆိုသည်။

မစ္စတာတာရိုယာနှင့်မစ္စစ်ပုခါးတို့သည် ၂၀၁၀ ခုနှစ်က လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ မစ္စစ်ပုခါးသည် ဒူဘိုင်းအခြေစိုက်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သို့သော်လည်း မစ္စတာတာရိုယာသည် ပါစ္စတန်သတင်းထောက် မီဟားတာယာနှင့် ချစ်ကြိုက်ခဲ့ပုံများကို ဇန်နဝါရီ ၁၅ ရက်က ၎င်း၏တွစ်တာဝက်ဘ်ဆိုက်တွင် တွေ့ရသည်ဟုဆိုသည်။ သို့သော် ၎င်းက ယင်းကိစ္စကို ငြင်းဆိုတားသည်။ **(ဘီဘီစီ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အလုပ်လျှောက်ထားသူ Master, B.E(Q), M.Com, B.Com ဘွဲ့ရများအလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကျင်းပမည့်ရက်

ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင်အလုပ်ခန့်ထားနိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများတွင် အလုပ်လျှောက်ထားလာသူ Master, B.E(Q), M.Com, B.Com ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါစာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၁၅-၂-၂၀၁၄ရက် (စနေနေ့)	နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီအထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊ အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည်စာစစ်ဌာန
(ခ)	သက်ဆိုင်ရာဘာသာရပ်	၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)	နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီအထိ	(ရန်ကုန်နည်းပညာတက္ကသိုလ်)၊ (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)
(ဂ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည်သူများသည် ၁၂-၂-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ဖုန်း-၀၁-၇၁၀၇၀၅၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ နှင့် ၀၆၇-၄၀၄၀၁၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မြစ်ကြီးနားအသင်း(ရန်ကုန်)ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၈

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြစ်ကြီးနားအသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ မြစ်ကြီးနားအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးစောနွဲ့သန်းစိန်က အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားသည်။ ယင်းနောက် ၂၀၁၂-၂၀၁၃ အလုပ်အမှုဆောင်အဖွဲ့ဝင်များ နုတ်တွက်ပြီး ၂၀၁၄-၂၀၁၅ အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များကို အတည်ပြုခန့်အပ်သည်။

ယင်းနောက် မြစ်ကြီးနားအသင်း (ရန်ကုန်)သို့ အလှူငွေများလှူဒါန်းကြရာ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က လက်ခံယူသည်။ ဆက်လက်၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်း၊ မြစ်ကြီးနားအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးစောနွဲ့သန်းစိန်နှင့် တာဝန်ရှိသူများက ကန်တော့ခံပစ္စည်းများနှင့် အလှူငွေများကိုပေးအပ်ကန်တော့ကြသည်။

တို့နောက် ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ တူချွန်ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အာရှနှင့် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲများ တွင် ရွှေ ငွေ ကြေးများရရှိခဲ့သော ယခင်မြစ်ကြီးနားခရိုင် ကိုယ်စားပြု အားကစားသမားများဖြစ်သော ဦးညို ဝင်းနှင့် ဒေါ်သန်းသန်း (ပြေးခုန်ပစ်)၊ ဒေါ်ဘေဘီနှင့် ဒေါ်နီလာအေး (ဘော်လီဘော)၊ ဦးသန်းမောင်နှင့် ဒေါ်ကြည်ကြည်ဝေ(ဂျူဒို)၊ ဒေါ်ဝေဝေချမ်း (ဘတ်စကက်ဘော) တို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(ဓါတ်ပုံ)**

ပြောကြား

ဆက်လက်၍ ဂုဏ်ပြုခံ ကျောင်းသူတစ်ဦးနှင့် အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး မြစ်ကြီးနားအသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ သာရေး၊ နာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားသည်။

ဖိုးသော်ဇင်

● ***ရွှေဖုံးမှ***

"အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေက ပြည်တွင်းလုပ်ငန်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်း ကျော်ရှိပါတယ်။ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်မှာလုပ်ငန်းတွေက နှစ်မျိုးသာရှိပါတယ်။ လုပ်ငန်းကြီးနဲ့အသေးစား လုပ်ငန်းငယ်တွေဖြစ်ပါတယ်။ အခုအချိန်မှာတော့ ပြည်ပလုပ်ငန်းတွေ ဝင်လာခဲ့တဲ့အတွက် ဈေးကွက်အတွင်းမှာ ပြိုင်ဆိုင်မှုတွေ ဖြစ်လာခဲ့ရတယ်။ လုပ်ငန်းငယ်တွေ တစ်ဝက်ကျော်က ခေတ်စနစ်နဲ့အညီ မပြောင်းလဲနိုင်ခဲ့တဲ့အတွက် ရပ်ဆိုင်းလိုက်ကြရတယ်"ဟု ဦးဝင်းအောင်က ပြောပြသည်။

တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအများစု ရပ်တန့်ကုန်ကြခြင်း အကြောင်းအရင်းကို နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး ဒေါက်တာ ဦးအောင်တွန်းသက်က "အသုံးပြုပုံ ပြောင်းလဲလာတဲ့နည်းပညာခေတ်ကြီးမှာ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေဖြစ်အောင်ပြုပြင်သွားဖို့ လိုအပ်ပါတယ်။ ဥပမာပြောရရင် ပြည်တွင်းက ကုန်ထုတ်လုပ်တဲ့နည်းပညာက လက်ရှိနိုင်ငံတကာမှာ အသုံးပြုနေတဲ့ နည်းပညာနဲ့ ယှဉ်ရင်အများကြီးခေတ်နောက်ကျကျန်နေခဲ့တာကို တွေ့ရပါတယ်။ အဆင့်မမြင့်တဲ့ ထုတ်လုပ်မှုတွေနဲ့ဖွံ့ဖြိုးပြီးတိုင်းပြည်တွေက နောက်ဆုံးပေါ် နည်းပညာတွေအသုံးပြုပြီး ထုတ်လုပ်တားသော ဒီဇိုင်းကျနတဲ့ ဈေးကွက်ပြန့်ချိရေးဆိုင်ရာ ကျွမ်းကျင်သူတွေက အင်နဲ့အားနဲ့ ဝင်ရောက်လာတာကြောင့် ကျဆုံးကုန်ရတယ်" ဟု တောက်ပြသည်။

ပြည်တွင်းအခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း နည်းပညာစိန်ခေါ်မှုများကြောင့် နိုင်ငံတကာဈေးကွက်အတွင်း သင့်တင့်မျှတသည့် ဈေးနှုန်းများမရရှိကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများက ဆိုသည်။

"စိုက်ပျိုးရေးအဓိကပို့ကုန် ဆန်နဲ့ပဲအမျိုးမျိုးတွေ တင်ပို့တဲ့အခါ ဈေးနှိမ်ခံရတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းပြည့်မီတဲ့ သီးနှံကိုရရှိဖို့ ခေတ်မြေသြဇာကနေစပြီး မျိုးစေ့ ထိန်းသိမ်းစောင့်ရှောက်မှုပုံစံတွေနဲ့ စက်မှုလယ်ယာစနစ်ကို မြန်မြန်ဆန်ဆန် အသွင်မကူးပြောင်းနိုင်သေးတာတွေ၊ တုပ်ပိုးမှုတွေ၊ နိုင်ငံတကာ ဝယ်လက်ကို မချိတ်ဆက်နိုင်မှုတွေ အားလုံးက ပြည်တွင်း စိုက်ပျိုးရေးထွက်ကုန်တွေကို အဓိကခြိမ်းခြောက်နေပါတယ်။ ဥပမာပြောရရင် ပြည်ပက ဝယ်လက်အချို့က လယ်ကွင်းထဲအထိ တိုက်ရိုက်ဆင်းလာပြီး ချေးငွေတုတ်ပေးတာ၊ နည်းစနစ်ပေးတာ၊ မျိုးစေ့ပေးတာ၊ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးပံ့ပိုးပေးတဲ့အတွက် ကူညီကြပြီး ရရှိလာတဲ့ ကုန်စည်တွေကို လက်ဝါးကြီးအုပ်ရောင်းဝယ်မှုတွေ ဖြစ်လာတယ်။ နောက်ဆုံးတော့ ပြည်တွင်း စိုက်ပျိုးရေးတောင်သူတွေက စာရင်းငှားအဆင့်တက်သာတဲ့ ဝင်ငွေတစ်ခုသာရရှိလာရတယ်"ဟု ဆန်စပါးစိုက်ပျိုးရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဓိကလိုအပ်ချက်များမှာ မဖွံ့ဖြိုးသေးသည့် ဘဏ်စနစ်၊ ငွေပင်ငွေရင်းအားနည်းခြင်း၊ အာမခံစနစ်ဖွံ့ဖြိုးမှုအားနည်းခြင်း၊ အခြေခံနည်းပညာနှင့်စီမံခန့်ခွဲနိုင်မှု အားနည်းခြင်းနှင့် ပြည်သူများ ပိုမိုယုံကြည်လာနိုင်မှု အားနည်းခြင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍဖွံ့ဖြိုးမှု အားနည်းခြင်း၊ မျိုးဆက်သစ်တီတွင်သူနှင့်လိုက်ပါနိုင်စွမ်းရှိသူ အားနည်းခြင်းများကြောင့် ဖြစ်ရကြောင်း ဒေါက်တာ ဦးအောင်ထွန်းသက်က ဝေဖန်တောက်ပြသည်။

"ဆန်အရည်အသွေးမပြည့်မီလို့ ပို့ကုန်ပြန်သိမ်းရတာမျိုးတွေ ရှိနေတယ်။ အခြားသီးနှံတွေမှာလည်း ထိုနည်းတူစွာပဲ ယခုဘဏ္ဍာရေးနှစ် စိုက်ပျိုးရေးပို့ကုန်တွေရဲ့ ဝင်ငွေကို ကြည့်ရင် သိနိုင်ပါတယ်။ နိုင်ငံတကာ စံညွှန်းတွေနဲ့ ချိန်ကြည့်မယ်ဆိုရင် အရည်အသွေးပိုင်းမှာ အားနည်းတယ်။ လိုအပ်သလောက် အရေအတွက် မတွက်ဘူး။ ဈေးနှုန်းမှာလည်း အနှိမ်ခံနေရတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စိုက်ပျိုးရေးကဏ္ဍကနေ ပြည်ပကို တင်ပို့တဲ့ပမာဏက တန်ချိန်ပေါင်းနှစ်သန်းရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၁၄ သန်းဝင်ငွေရရှိခဲ့ပေမယ့် ယခုနှစ်ဝက်ကျော် ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ တင်ပို့မှုက ပြည့်မီပြီး ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၉၈၈ ဒသမ ၂၆၇ သန်းသာ ရရှိခဲ့ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးအောင်နိုင်ဦးက နှိုင်းယှဉ်ပြသည်။

"လက်ရှိအခြေအနေအရ လုပ်ငန်းတစ်ဦးစီမှာ ဝင်ငွေနည်းပါးတာက ပြဿနာမဟုတ်သေးပါဘူး။ နောက်ပိုင်းမှာ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ထုတ်ကုန်တွေ၊ ပို့ကုန်တွေဖြစ်လာအောင်လုပ်ကိုင်နိုင်မှသာ ဖြစ်မယ်။ ပထမဆုံးအနေနဲ့ Learning Society တွေ ပေါ်ပေါက်လာသင့်တယ်။ Risk တွေကိုမကြောက်တဲ့ စွန့်ဦးတီထွင်သူ (entrepreneur)တွေ ထွက်ပေါ်လာမယ်။ သင်ယူမှုတွေကနေ နိုင်ငံတကာနဲ့ယှဉ်နိုင်မယ့် ထုတ်ကုန်တွေကို ရရှိလာမှာပါ။ လက်ရှိမှာ အများစုက ရင်းနှီးမြှုပ်နှံမှုဆိုရင် အိမ်ခြံမြေနဲ့ ကားလောက်ပဲမြင်ကြတယ်။ အသေးစား တုတ်လုပ်မှုလုပ်ငန်းတွေမှာ စွန့်စားလိုစိတ်မရှိကြဘူး"ဟုဒေါက်တာဦးအောင်တွန်းသက်က ဆွေးနွေးသုံးသပ်သည်။

"အခွန်တွေကိုလည်း ကင်းလွတ်ခွင့်ပြုတားပြီးသား ဖြစ်ပါတယ်။ သို့သော် အများစုက စတင်ဆောင်ရွက်ဖို့အတွက် နောက်တွန့်နေဆဲပါ။ ပြဿနာက ဈေးကွက်အနေအထား အရ တွက်ခြေမကိုက်တာတွေ အများကြီးရှိနေပါသေးတယ်။ ရိုးရာရက်ကန်းရုံတစ်ရုံကနေ လူအင်အားနဲ့အချိန်ပေးရက်လုပ်တဲ့ ချည်ထည်တစ်ထည်ရဲ့ တန်ဖိုးက ပစ္စည်းတန်ဖိုးနဲ့လုပ်အားခပေါင်းလိုက်ရင် ငွေကျပ် ၂၀၀၀ နှုန်းရှိတယ်ဆိုပါစို့။ သယ်ယူပို့ဆောင်ခနဲ့ အခြွတ်ပေါင်းလိုက်ရင် ငွေကျပ်၃၀၀၀ နဲ့ရောင်းချမှ တွက်ခြေကိုက်မှာဖြစ်ပေမယ့် စက်မှုဖွံ့ဖြိုးတဲ့ တိုင်းပြည်တစ်ခုရဲ့ စက်ရုံကြီးကနေ နည်းပညာမြင့် တုတ်လုပ်လာတဲ့ အရည်အသွေးမြင့် ပိတ်အုပ်တွေကို အရေအတွက်များများနဲ့ တစ်ပြိုင်တည်းဖြန့်ဖြူးပြီး မူလရိုးရာချည်တည်တွေရဲ့ အရင်းဈေးအတိ ချရောင်းနိုင်တယ်ဆိုရင် ပြည်တွင်းတုတ်လုပ်သူတွေ ရပ်တည်နိုင်ဖို့ ခက်ခဲလာမှာ ဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တာဝန်ရှိသူက ဥပမာပေးသည်။

ယှဉ်ပြိုင်မှုများမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုအားကောင်းလာလေလေ ပိုမိုပြင်းတန်လာနိုင်လေဖြစ်နိုင်ရာ ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့် လမ်းရိုးအတိုင်း ဆက်လက်လျှောက်လှမ်းပါက လုပ်ငန်းရပ်ဆိုင်းသွားသည်အထိ တိခိုက်မှုများရှိနိုင်ခြင်းကြောင့် ပြုပြင်ကုစားနိုင်မည့် နည်းလမ်းများကို စတင်အကောင်အတည်ဖော်သင့်ကြောင်း၊ နိုင်ငံတော်ကလည်း ပံ့ပိုးမှုမြှင့်တင်ပေးမည်အစီအစဉ်များကို ကဏ္ဍအလိုက် အကောင်အတည်ဖော်လျက်ရှိကြောင်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က ပြောကြားသည်။

"အဓိကကတော့မိမိလုပ်ကိုင်နေတဲ့ မိရိုးဖလာလုပ်ငန်းကို Upgrade လုပ်နိုင်ဖို့လိုအပ်ပါတယ်။ အရင်းအနှီး ဈေးကွက်ထိုးဖောက်နိုင်မှုနဲ့ လုပ်ငန်းမှာအသုံးဝင်မယ့် အဆင့်မြင့်နည်းပညာတွေကို စုဆောင်းနိုင်ဖို့ တစ်ဦးချင်းတစ်ယောက်ချင်းအားနဲ့ မစွမ်းနိုင်ဘူးဆိုရင် မိမိနဲ့ လုပ်ငန်းတူတွေကို စုစည်းပြီး အများပိုင်ကုမ္ပဏီလုပ်ငန်းတူတောင်နိုင်ပါတယ်။ စက်မှုလုပ်ငန်းပိုင်းမှာဆိုရင်လည်း ပြည်ပက ပညာရှင်တွေဖိတ်ခေါ်ပြီး Joint အနေနဲ့ လုပ်ငန်းပြန်လည်လည်ပတ်နိုင်တယ်။ ဈေးကွက်ရဲ့ လိုအပ်ချက်ကို မျက်ခြည်မပြတ်စောင့်ကြည့်နေသင့်ပြီး မိမိလုပ်ငန်းနဲ့သင့်လျော်မယ့် အဆင့်မြင့် နည်းပညာတွေကို ကြိုတင်တီးခေါက်မိစေချင်တယ်"ဟု ဒေါက်တာ ဝါဝါမောင်က အကြံပေးသည်။

မြန်မာနိုင်ငံအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်အထိရှိနေကာ တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်ပေါင်း ၆၄၀၀၀ ကျော်ရှိသည်။ တရားဝင်မှတ်ပုံတင်ခြင်းမရှိသည့် လုပ်ငန်းရှင်များမှာမူ မှတ်ပုံတင်လုပ်ငန်းအရေအတွက်နှင့် ဆတူပင်ရှိလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းတားကြသည်။ လုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်စေရေး တရားဝင်အကူအညီများ ပေးနိုင်ရန်အတွက် အသင်းအဖွဲ့များနှင့် အဆက်အသွယ်ပြုလုပ်ပေးရန် ဈေးကွက်ဝေစုမရသည့် ပြည်တွင်းလုပ်ငန်းငယ်များ၏ အခက်အခဲကို ပိုင်းဝန်းကူညီအဖြေရှာပေးကြရန် လိုအပ်နေပြီဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။

ပိုးလေဝသ အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်တွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

ပြည်ကြွင်းသတင်း

စားသောက်ဆိုင်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ကြပါရန်အသိပေးနှိုးဆော်ချက်

- **စားသောက်ဆိုင်** ဆိုသည်မှာ အစားအသောက်ကို တည်ခင်းရောင်းချသည့်ဆိုင် သို့မဟုတ် နေရာကိုဆိုလိုပါသည်။ ယင်းစကားရပ်တွင် ပျော်ပွဲစားရုံ၊ စားသောက်ခန်း၊ လက်ဖက်ရည်ဆိုင်၊ အဖျော်ယမကာဆိုင်နှင့် အချိုအချဉ်ဆိုင်တို့လည်း ပါဝင်ပါသည်။
- မိမိလုပ်ငန်းသည် တစ်နှစ်ရောင်းရငွေသိန်း ၁၀၀ အထက်ရှိပါက ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းအဖြစ်မှတ်ပုံတင်ခွင့်ပြုပါရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတွင် လျှောက်တား၍ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ထုတ်ယူကြရပါမည်။
- ပြေစာစာအုပ်များကို တံဆိပ်ရိုက်နှိပ်ပေးပါရန် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ ကြိုတင်ပေးပို့ထားရပါမည်။
- စားသုံးသူက ပေးချေရမည်စားသုံးမှုကျသင့်တန်ဖိုးနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တံဆိပ်ရိုက်နှိပ်ပေးတားသည် ပြေစာဖြင့်တစ်ပါတည်း ကောက်ခံပေးရပါမည်။
- မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တံဆိပ်ရိုက်နှိပ်ပေးတားသည် ပြေစာထုတ်ပေးသည်နည်းဖြင့် ကောက်ခံပေးရန်အခက်အခဲရှိလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးမှူးတံ တင်ပြ၍ စားသုံးဖွယ်ရောင်းရငွေတွင် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို တစ်ပါးတည်းကောက်ခံလျက် နေ့စဉ်ကောက်ခံရရှိတားသည်အခွန်စာရင်းကို ရေးသွင်းဖော်ပြတားသည် ငွေစာရင်းစာအုပ်တားရှိဆောင်ရွက်နိုင်ပါသည်။
- ကောက်ခံတားသည် ကုန်သွယ်လုပ်ငန်းခွန်သည် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဖြစ်ပါသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူတားသည် လစဉ်ငွေသွင်းချလန်ပုံစံဖြင့် သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရပါမည်။
- လစဉ်အခွန်ပေးသွင်းပြီးကြောင်း ချလန်အမှတ်နှင့် ပေးသွင်းရက်စွဲထို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူတားသည် သုံးလတစ်ကြိမ်ကြေညာလွှာတွင် ရေးသွင်းဖော်ပြ၍ သုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရပါမည်။
- နှစ်ချုပ်ကြေညာလွှာပုံစံကို မြို့နယ်အခွန်ဦးစီးဌာနမှူးမှရယူ၍ နှစ်အတွင်း အမှန်ရောင်းရငွေ၊ ပေးဆောင်တားပြီးအခွန်တို့ကို ဖော်ပြလျက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်သွင်းရပါမည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသော (၃၂)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီအစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်ဦးဆောင်သောအဖွဲ့ဝင်များနှင့်အတူ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်တွဲဖက်အတွင်းရေးမှူး(၃) ဦးပြည့်စုံမြင့်တို့လိုက်ပါ၍ ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးရဲအောင် လေဆိပ်၌ပို့ဆောင်နှုတ်ဆက်စဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ စည်းဝေး

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအကြံပေးအဖွဲ့၏(၁/၂၀၁၄) အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် အကြံပေးအဖွဲ့ဝင် ဦးညွန့်မောင်၏ နေအိမ်၌ကျင်းပရာ အဖွဲ့ခေါင်းဆောင် ဦးပိုမြင့်၊ ဒုတိယခေါင်းဆောင် ဦးမြဝင်း၊ ဦးကျော်ဝင်းနှင့် အကြံပေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး အဖွဲ့ခေါင်းဆောင်က ၂၀၁၃ ခုနှစ်အတွင်း အကြံပေးအဖွဲ့၏တင်ပြချက်များနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အထူးဦးစားပေးဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို မှတ်တမ်းတင်တားရှိသွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာလှပစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်လုပ်ဆောင်နေမှုများကိုလည်း အသိအမှတ်ပြု၍ အားနည်းချက် အားသာချက်များကို ဆက်လက်အကြံပြုတင်ပြဆွေးနွေးသွားကြရန် အမှာစကားမြောကြားသည်။

တို့နောက် မြို့နယ်အကြံပေးအဖွဲ့ဝင်များအနေဖြင့် မိမိတို့မြို့နယ်အလိုက် မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို အသေးစိတ်တင်ပြဆွေးနွေးကြသည်။ ယင်းနောက် မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာလှပစ်မ်းလန်းစိုပြည်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ မြို့တော်စည်ပင်သာယာရေးကော်မတ်အဖွဲ့က အကောင်အတည်ဖော်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မြို့တော်၏အလှကို အကျည်းတန်အရုပ်ဆိုးစေမည်အပြုအမူများနှင့် စည်းကမ်းဖောက်ဖျက်သူများကို မြို့ပြစည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သင့်ကြောင်း အကြံပေးတင်ပြသွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ(၅၇)

ဒေါက်တာကံညွန့်

ဆေးပညာလောကမှ စိတ်မကောင်းစရာသတင်းတစ်ခုကိုလည်း တင်ပြလိုပါတယ်။ တရုတ်ပြည် Shanxi ပြည်နယ်မှာဖြစ်တဲ့ အဖြစ်အပျက်တစ်ခုပါ။ အဲဒီက တောရွာတစ်ရွာမှာ မိဘတွေအလုပ်သွားနေတုန်း အမျိုးသမီးတစ်ဦးက ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးရဲ့ မျက်စိကို ထုတ်ယူသွားတဲ့သတင်းပါ။ ကလေးကို ဆေးရုံတင်ကုသလိုက်ရပြီး အသက်ကိုတော့ ပြန်ရှင်အောင် ကယ်တင်နိုင်ခဲ့ပေမယ့် မျက်စိအမြင်အာရုံကိုတော့ ပြန်ရအောင် မလုပ်ပေးနိုင်တော့ပါဘူး။ ကလေးရဲ့မျက်လုံးကို အနီးအနားမှာ ပြန်တွေ့ရပေမယ့် မျက်ကြည်လွှာကိုတော့ မတွေ့ရတော့ဘူးလို့ ဆိုပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ကလေးမျက်စိကို ထုတ်ယူခဲ့တာ၊ မျက်ကြည်လွှာကို ရောင်းစားဖို့ထုတ်ယူခဲ့တာဖြစ်နိုင်တယ်လို့ မှတ်ချက်ချခဲ့ကြပါတယ်။ တရုတ်နိုင်ငံမှာ ကိုယ်ခန္ဓာအစိတ်အပိုင်းလှူဒါန်းသူတွေ အလွန်နည်းပါးတာကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်းကို ရောင်းစားနေကြသူတွေ များနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပါတယ်။ ကျောက်ကပ်၊ အသည်းစတဲ့ အင်္ဂါတွေကို ချမ်းသာတဲ့ဝေဒနာရှင်တွေမှာ အစားထိုးဖို့ အရောင်းအဝယ်ဖြစ်ကြတာပါ။ သေဆုံးသူထံက မျက်စိလှူတာကိုရယူပြီး မျက်ကြည်လွှာအစားထိုးခြင်းကို တစ်ကမ္ဘာလုံးမှာပြုလုပ်နေကြတာပါ။ အသက်ရှင်နေသူလူတစ်ယောက်က သူ့မျက်စိထုတ်ပြီးလှူချင်ပါတယ်ဆိုတာတောင် လက်ခံထုတ်ယူမြင်းမပြုခဲ့ကြပါဘူး။ အခုတော့ အရှင်လတ်လတ် ကလေးတစ်ယောက်ဆီက မျက်စိကို အဓမ္မထုတ်ယူပြီး ယခုလိုပြုလုပ်တာကတော့ ပထမဆုံးကြားရတဲ့ သတင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

HIV ကိုနိုင်တဲ့ ဆေးထုတ်လုပ်နိုင်တော့မည်

အခုဖော်ပြမယ့် ဆေးပညာသတင်းကတော့ HIV ပိုးနဲ့ ပတ်သက်ပြီး လန်ဒန် King's College က ဆေးပညာရှင်တွေရဲ့ တွေ့ရှိမှုသတင်းပါပဲ။ ဒီတွေ့ရှိချက်ကြောင့် စိတ်လှုပ်ရှားစရာအထူးဖြစ်ရတဲ့အကြောင်းကတော့ AIDS ဝေဒနာရှင်တွေဟာ ယခုစားသုံးနေရတဲ့ ART စားဆေးကို လုံးဝအသုံးပြုစရာမလိုလောက်သည်အထိ ဖြစ်နိုင်စရာရှိလို့ပါပဲ။ သူတို့တွေ့ရှိချက်ကတော့ လူ့ကိုယ်ခန္ဓာထဲကို HIV ပိုးဝင်သွားတဲ့အခါ ဒီပိုးကို အဓိက ကိုင်တွယ်ထိန်းချုပ်တဲ့ Geneကို တွေ့ရှိခဲ့လို့ပါပဲ။ ဒီ Gene ကို MXZ လို့ အမည်ပေးထားပြီး ဒီGene ဟာ HIV ပိုး လူခန္ဓာထဲမှာ ဆက်လက်ရှင်သန်နိုင်ဖို့ အဓိကသော့ချက်ဖြစ်တယ်လို့ ဆိုပါတယ်။ အခုအချိန်မှာ သူတို့ဟာ ဒီ Gene ရဲ့ စွမ်းအင်နှင့် HIV ပိုးအပေါ်မှာ ဘယ်လိုထိန်းနိုင်တယ်ဆိုတာ သေချာစမ်းသပ်ပြီးပြီလို့ဆိုပါတယ်။ ဒါကြောင့် HIV ပိုးကိုသေနိုင်တဲ့ ဆေးကိုထုတ်လုပ်နိုင်ဖို့ အလွန်နီးစပ်သွားပြီလို့ ဆိုပါတယ်။ ဒီအကြောင်းကို လန်ဒန်ထုတ် Nature Journal မှာ ဖော်ပြထားတာပါ။ ကမ္ဘာတစ်လွှား လူဦးရေ ၃၄ သန်းခန့် HIV ပိုး ကူးစက်ခံနေရပြီး ချမ်းသာတဲ့နိုင်ငံက လူတွေမှာတော့ ART ဆေးလုံလောက်စွာရရှိပြီး အသက်ရှင်နေထိုင်နိုင်ကြပေမယ့် အများစုပြစ်တဲ့ ဆင်းရဲတဲ့နိုင်ငံတွေက လူနာတွေမှာတော့ ဒီရောဂါကြောင့် သေဆုံးနေကြဆဲဖြစ်ပါတယ်။ အခုတွေ့ရှိချက်ဟာ စမ်းသပ်မှုတွေ ပြုလုပ်ရဦးမှာဖြစ်ပေမယ့် AIDS ဝေဒနာရှင်တွေအတွက်တော့ အထူးဝမ်းမြောက်စရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

ဦးနှောက်ကျန်းမာဖို့ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ

ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဟာ ဦးနှောက်ရဲ့ကျန်းမာရေးကို အထူးအထောက်အကူပြုနိုင်တယ်ဆိုတဲ့ လေ့လာတွေ့ရှိချက်တစ်ခုကို တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်က ဆေးပညာရှင်တွေ ပြုလုပ်ခဲ့ကြတာပါ။ သူတို့တွေ့ရှိချက်အရ ပုံမှန်လေ့ကျင့်ခန်းလုပ်သူတွေမှာ သွေးထဲမှာ Protein တစ်မျိုးပြစ်တဲ့ FNDC 5 ပိုများလာပြီး ဒီ Protein တွေဟာ ဦးနှောက်ထဲက ဦးနှောက် Cells တွေ ဖွံ့ဖြိုးရှင်သန်ရေးနှင့် အာရုံကြောတွေအတွက် အရေးကြီးတဲ့ BDNF လို့ခေါ်တဲ့ Protein ဓာတ်တစ်မျိုးကို ပိုမိုထုတ်လုပ်ပေးစေတာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ၄င်းတို့ဟာ ကြွက်တွေကို လေ့ကျင့်ခန်းမလုပ်စေဘဲ FNDC 5 ကို သွေးထဲထိုးသွင်းပြီး စမ်းကြည့်တဲ့အခါလည်း BDNF Protein ဓာတ် ပိုများလာတာကိုတွေ့ရပြီး ကြွက်တွေရဲ့ဦးနှောက်ကလာပ်စည်း ပိုမိုရှင်သန်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် FNDC 5ကို ဆေးဝါးအပြစ် ဖော်ထုတ်နိုင်ရင် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုကြောင့်ဖြစ်ရတဲ့ Dementia နှင့် Alzeimer လိုရောဂါမျိုးတွေကို ကာကွယ်နိုင်လိမ့်မယ်လို့ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

အသုံးများလာတဲ့ ပဋိသန္ဓေတားနည်းများ

အမျိုးသမီးတွေ ပဋိသန္ဓေတားတာနဲ့ပတ်သက်ပြီး လေ့လာထားချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ပဋိသန္ဓေတားနည်းတွေထဲမှာ နေ့စဉ်ရာသီစပေါ်ပြီးငါးရက်မြောက်တဲ့နေ့ကပဲသောက်ရတဲ့စားဆေး (Pill)၊ မိန်းမကိုယ်ထဲထည့်ထားရတဲ့ Vaginal ring၊ ယောကျာ်းအင်္ဂါအစွပ် (Condom)၊ မိန်းမ သားအိမ်ထဲထည့်ထားရတဲ့ (Intrauterine Device ခေါ် IUD) နှင့် လက်မောင်းရဲ့ အရေပြားအောက်မှာ ထိုးပေးထားရတဲ့ Contraceptive Implant တို့ပဲ ဖြစ်ပါတယ်။ ဒီနည်းတွေထဲမှာ ယခုအသုံးများလာတာကတော့ IUD နဲ့ Implant နည်းတွေပဲဖြစ်ပါတယ်။ IUD နည်းဟာ သူ့အမျိုးအစားအလိုက် ၅ နှစ်မှ ၁၀ နှစ်အထိ ခံပြီး ထုတ်ချင်တဲ့အချိန်မှာလည်း ထုတ်ပစ်နိုင်ပါတယ်။ Implant ကတော့ သုံးနှစ်အထိပဲခံပါတယ်။ ဒီနည်းနှစ်မျိုးဟာ စားဆေးစားတာ၊ မိန်းမကိုယ်ထဲမှာ Ring ထည့်တာနှင့် Condoms အသုံးပြုတာတွေထက်ပိုကောင်းတာကြောင့် အသုံးများတာဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဒီပဋိသန္ဓေတားတဲ့နည်းသုံးစွဲတာနဲ့ပတ်သက်ပြီး လေ့လာထားတဲ့စာတမ်းတစ်စောင်မှာတော့ အမေရိကန်နိုင်ငံက အရွယ်ရောက်ပြီး အမျိုးသမီး ၁၀ ဦးမှာ တစ်ဦးလောက်ပဲ ဒီပဋိသန္ဓေတားနည်းကို အသုံးပြုကြတယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို Washington University School of Medicine in St. Louis မှ သားဖွားမီးယပ်ပညာရှင်တွေက အသက် ၁၄ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီး ၆၀၀၀ ကျော်ကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုနည်းတစ်ခုခုကို အသုံးပြုထားတဲ့အမျိုးသမီးတွေရဲ့ ၈ ရာခိုင်နှုန်းခန့်ဟာ ခြောက်လကြာလောက်ပဲ ဒီနည်းကို အသုံးပြုချင်ကြတာ ပြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အူမကြီးကင်ဆာဆေး မျက်စိရောဂါအတွက်သုံးနိုင်

ဆေးပညာသတင်းတွေထဲမှာ ရောဂါတစ်ခုအတွက် အသုံးပြုတဲ့ ဆေးတစ်ခုဟာ နောက်ရောဂါတစ်ခုမှာလည်း အသုံးဝင်နေတာတွေ ဖော်ပြခဲ့ပြီးပါပြီ။ အခုတစ်ခါလည်း အူမကြီးကင်ဆာရောဂါ ကုရာမှာအသုံးပြုရတဲ့ဆေးတစ်မျိုးဟာ မျက်စိရောဂါကုသရာမှာ အသုံးဝင်ပုံကိုတင်ပြချင်ပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Standford တက္ကသိုလ်က ဆေးသုတေသီတွေက တွေ့ရှိခဲ့တာပြစ်ပြီး Journal of Nature Medicine မှာ ဖော်ပြထားတာပါ။ သူတို့အဆိုအရ ဓာတုဗေဒအခေါ်အရ Aflibercept လို့ခေါ်ပြီး Eylea or Zaltrap ဆိုတဲ့နာမည်နဲ့ အသုံးပြုနေတဲ့ဆေးဟာ အူမကြီးကင်ဆာပျံ့နှံ့နေတဲ့ လူနာတွေမှာ ထိရောက်စွာအသုံးဖြုနေတဲ့ ဆေးတစ်ခုဖြစ်ပါတယ်။ ဒီဆေးဟာ သွေးကြောအသစ်လေးတွေဖြစ်ပေါ်မှု (Vascular Endothelial Growth Factor VEGF) ကို ဟန့်တားနိုင်တဲ့ အာနိသင်ရှိပါတယ်။ ဒီအာနိသင်ကြောင့် ကင်ဆာအကျိတ်အခဲမှာပေါ်လာတဲ့ သွေးကြောသစ်တွေကို ဟန့်တားနိုင်တာဖြစ်ပြီး ယင်းကင်ဆာကျိတ်ဟာ သွေးမရောက်တော့တဲ့အတွက် အာဟာရပြတ်ပိန်ရှုံ့သွားရတာဖြစ်ပါတယ်။ ဒီဆေးဟာ ဆီးချိုဝေဒနာရှင်တွေရဲ့ သွေးထဲက Glucose Level ကိုမြင့်တက်စေတဲ့ Protein ဓာတ်တစ်မျိုးဖြစ်တဲ့ PhD3 ကို ထိန်းချုပ်နိုင်စွမ်းရှိတာကြောင့် ဆီးချိုဝေဒနာရှင်တွေအတွက် ထိရောက်တဲ့ဆေးတစ်ခုဖြစ်နေပြီး သက်ကြီးရွယ်အိုတွေမှာဖြစ်တတ်တဲ့ ARMD ခေါ်တဲ့ သက်ကြီးမျက်စိမှုန် ရောဂါမှာပါ အသုံးပြုနိုင်တဲ့ဆေးဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

သက်ကြီးမျက်စိမှုန်ရောဂါကုနိုင်တော့မှာလား

Age Related Macular Degeneration အတိုကောက် ARMD ခေါ်တဲ့ သက်ကြီးမျက်စိမှုန်ရောဂါဟာ ကုရခက်တဲ့ရောဂါပါ။ အသက်အရွယ်ကြီးရင့်သူတွေ များသောအားဖြင့် အသက် ၇၀ ကျော်သူတွေမှာဖြစ်တတ်တာပါ။ ဖြစ်ရတဲ့အကြောင်းကလည်း မျက်စိအာရုံခံလွှာ (Retina) ကအရေးကြီးတဲ့နေရာဖြစ်တဲ့ Macular ခေါ်တဲ့ရောဂါဖြစ်ပါတယ်။ ဒီရောဂါကို ကုစားနိုင်ဖို့ ဆေးသိပ္ပံပညာရှင်တွေက အမျိုးမျိုးကြိုးစားလာခဲ့ရာမှာ ၁၉၉၉ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်ထိ လေ့လာစမ်းသပ်မှုပေါင်း ၉၃ ခု ပြုလုပ်ခဲ့ကြပါတယ်။ ဒီအထဲက မျှော်လင့်စရာကုထုံးတစ်ခုကိုတော့ တွေ့ခဲ့ကြပြီးလို့ဆိုပါတယ်။ ဒီကုထုံးကတော့ Retinal Implant ထည့်သွင်းကုသနည်းဖြစ်ပြီး ဒါဟာ လက်တွေ့အသုံးပြုနိုင်တဲ့ နည်းလည်းဖြစ်ပါတယ်။ ယခင်က စမ်းသပ်ခဲ့တာ သန္ဓေသားဆီက Retinal Cell ကိုယူပြီး မျက်စိထဲမှာ ထိုးသွင်းကုသမှုဟာ အောင်ပြင်မှုရှိသော်လည်း လက်တွေ့အသုံးပြုနိုင်တဲ့ ကုထုံးအဖြစ် မသတ်မှတ်နိုင်ခဲ့ပါဘူး။ ယခုကုထုံးကို လူတွေမှာ စမ်းသပ်ကြည့်ပြီး အောင်မြင်မှုကို ၁ မှ ၅ အထိ အမှတ်ပေးရာမှာ (၅) ဟာ အမြင့်ဆုံးအမှတ်အနေနဲ့ထားရာမှာ တချို့ထူးခြားတဲ့လူတွေမှာ အမှတ်(၄)အထိ ကောင်းမွန်တာကိုတွေ့ရပြီး (၃)အဆင့်မှာတော့ အတော်များများကောင်းမွန်တာကို တွေ့ရတာကြောင့် ဒီကုထုံးကို အသုံးပြုနိုင်လိမ့်မယ်လို့ဆိုပါတယ်။ ဒီသတင်းကိုတော့ အမေရိကန်ထုတ် JAMA(Ophthal mology) ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

မျိုးမအောင်သူတို့အတွက် သားသမီးမျှော်လင့်ချက်

ဆေးပညာလောကမှာ Nanomedicine ဆိုပြီး Nanotechnology ကို အသုံးပြုလာကြပါပြီ။ အခုတစ်ခါလည်း မျိုးမအောင်တဲ့ Infertility ဖြစ်နေတဲ့ ဇနီးမောင်နှံတွေအတွက် ဘာကြောင့်မျိုးမအောင်ဖြစ်နေရတာလဲဆိုတာ တိတိကျကျသိနိုင်ဖို့ Nanotechnology ကို အသုံးပြုနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီစမ်းသပ်မှုကိုတော့ ဗြိတိန်နိုင်ငံ Oxford တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တွေ ပြုလုပ်လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ အပေါက်ကလေးပါတဲ့ Silica အမှုန်လေးကို အိတ်ကလေးသဏ္ဌာန်ပြုလုပ်ပြီး ကျားသုက်ပိုးကို ထည့်ယူစမ်းသပ်မှုပြုလုပ်မယ်လို့ ဆိုပါတယ်။ Sperm ခေါ်တဲ့ သုက်ပိုးလေးဟာ အင်မတန်သေးငယ်ပြီး ပုံသဏ္ဌာန်ကလည်း အမျိုးမျိုးဖြစ်နေပြီး ကိုယ်ခန္ဓာအပြင်ဘက်မှာလည်း ရှင်သန်နိုင်မှုကာလတိုတောင်းတာကြောင့် သူတို့ရဲ့ချို့ယွင်းချက်ကို တိတ်ကျကျစမ်းသပ်ဖို့ ခဲယဉ်းနေတာလို့ ဆိုပါတယ်။ အခုတော့ ဒီ Nanotechnology ကြောင့် ဒီသုက်ပိုးတွေရဲ့ချို့ယွင်းချက်ကို တိတိကျကျသိအောင် စမ်းသပ်နိုင်ရင် ကုထုံးပေါ်လာဖို့ လွယ်ကူသွားမယ်ဆိုတာ သတင်းကောင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

နှလုံးကြွက်သားပျက်စီးရောဂါအတွက် ကုထုံး

နှလုံးကြွက်သားပျက်စီးရောဂါ(Health Failture) ရောဂါခံစားနေရသူတွေအတွက် မျှော်လင့်စရာသတင်းကောင်းတစ်ပုဒ်ကိုလည်း တင်ပြချင်ပါတယ်။ ဒီရောဂါအတွက် ကုနိုင်မယ့် Gene အစားထိုးကုထုံးတစ်ခုကို ဖော်ထုတ်နိုင်ဖို့ အလွန်နီးစပ်နေပြီဆိုတဲ့ သတင်းပါ။ ဒီကုထုံးကိုတော့ အမေရိကန်နိုင်ငံ Mount Sinai ဆေးတက္ကသိုလ်မှာရှိတဲ့ Cardiovascular Research Center မှ ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ နှလုံးကြွက်သားပျက်စီးနေတဲ့ ဝက်တွေမှာ Gene နှစ်မျိုးနဲ့စမ်းသပ်ကြည့်တဲ့အခါ ဝက်တွေရဲ့နှလုံးဟာ သာမန်နှလုံးတွေလိုပဲ ပြန်ပြီးအလုပ်လုပ်နိုင်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီ Gene နှစ်မျိုးကတော့ SUMO-1 ခေါ်တဲ့ Gene နှင့် SERCA-2လို့ခေါ်တဲ့ Gene နှစ်မျိုးဖြစ်ပါတယ်။ SUMO-1 Gene ဟာ ပျက်စီးပြီး ကြီးနေတဲ့ နှလုံးကြွက်သားတွေကို ပြန်ကျုံ့သွားအောင် လုပ်နိုင်ပြီး SERCA-2 Gene ကတော့ နှလုံးကြွက်သားကလာပ်စည်းတွေထဲက Calcium Pump ကိုပြန်ကောင်းအောင်လုပ်ပေးနိုင်တာလို့ ဆိုပါတယ်။ Heart Failure ရောဂါဟာ နှလုံးကြွက်သားအားလျော့ပြီး သွေးတွေကို နှလုံးကနေ ခန္ဓာကိုယ်အနှံ့ရောက်အောင် ညစ်မပေးနိုင်လို့ ဖြစ်ရတဲ့ရောဂါပါ။ ယခုအခါ ဒီ Gene Therapy နဲ့ ဝက်တွေမှာ စမ်းသပ်တာအောင်မြင်ပြီဖြစ်တာကြောင့် လူတွေကိုစမ်းသပ်ပြီး ကုထုံးဖော်ထုတ်နိုင်ဖို့ မဝေးတော့ဘူးဆိုတာတင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြမြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မင်းလုံကျောက်တိုင်ပန်းခြံ အဆင့်မြှင့်တင်မွမ်းမံ

ဝင်းလုံ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်ပန်းခြံကို အဆင့်မြှင့်တင်မွမ်းမံပြုပြင်ခြင်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းထည့်ဝင် ရန်ပုံငွေကျပ် ၁၃၆၅ သိန်းမတည်ကာ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ယခုလက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများမှာ ကျောက်တိုင်ပန်းခြံဝင်းအတွင်း(လူသွားပတ်လမ်း)၊ ရေကန်တည်ဆောက်ခြင်း၊ ပန်းအလှစိုက်ပျိုးမြင်းနှင့်လျှပ်စစ်မီး(မီးအလှ)အဆင့်မြင့်မီးဆိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ ဆောင်ရွက်နေသောလုပ်ငန်းများအပါအဝင် ကျောက်တိုင်ပန်းခြံပရိဝုဏ်အတွင်း၌ ပြည်ထောင်စု သမိုင်းဝင်ပြတိုက်တစ်တိုက် တည်ဆောက်ခြင်းလုပ်ငန်းလည်း ပါဝင်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ၃၅ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်ပြီး လာမည့်ပြည်ထောင်စုနေ့အမီ ဖွင့်ပွဲကျင်းပနိုင်အောင် ဆက်လက်အကောင်အထည်ဖော်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်လျက်ရှိသော စည်ပင်သာယာ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

ပြောကြား

ဆက်လက်၍ "ပင်လုံကျောက်တိုင်ပန်းခြံနေရာဟာ လွန်ခဲ့တဲ့ပင်လုံစာချုပ်ချုပ်ဆိုပြီး ကာလကတည်းက ယနေ့တိုင်နဂိုအတိုင်း တည်ရှိနေခဲ့တဲ့ ကျွန်တော်တို့ပင်လုံမြို့ရဲ့ သမိုင်းဝင်နေရာဖြစ်ပြီး ယခုအခါမှာ နိုင်ငံတော်အကြီးအကဲများ၏ စေတနာ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ကူညီပံ့ပိုးပေးမှုများကြောင့် မကြာမီကာလဖြစ်တဲ့ ပြည်ထောင်စုနေ့မှာ ဖွင့်ပွဲကျင်းပသွားနိုင်တော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပင်လုံမြို့သူမြို့သားများသာမက ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ အဲဒီဖွင့်ပွဲနှင့်အတူ ကျွန်တော်တို့ ပင်လုံမြို့သူမြို့သားများ ကစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက် ခင်းကျင်းခဲ့ကြတဲ့ ပင်လုံမြို့ ရပ်ကွက်(၃)၊ (၄)အတွင်းရှိ အနည်းဆုံး အရှည်ပေ ၇၀၀ ရှိ ရပ်ကွက်နှစ်ရပ်ကွက်မှ ကတ္တရာလမ်း ခနစ်လမ်းကိုလည်း ဖွင့်ပွဲကျင်းပသွားနိုင်ဖို့ ကျွန်တော်တို့အားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ပြင်ဆင်လျက်ရှိကြပါတယ်။ ကျွန်တော်တို့ ပင်လုံမြို့မှာရှိနေကြတဲ့ ပြည်သူများသာမကဘဲ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဒီပင်လုံစာချုပ် အထိမ်းအမှတ်ကျောက်တိုင်ပန်းခြံကြီး ထာဝရလှပသာယာရေးနဲ့အတူ ပင်လုံမြေ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အစဉ်အမြဲ လိုလားတောင့်တလျက်ရှိနေကြပါတယ်"ဟု ပင်လုံမြို့ ရပ်ကွက်(၄)မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလုံးရွက်တိုင်းက ပြောကြားသည်။

စိုင်းဇော်လတ်(လင်းခေး)

ပြည်တွင်းသတင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဩဝါဒါစရိယ နိကာယနယူပဒေသကျောင်း ဆရာတော်ကြီး အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၉ ရက်က ဘဝနတ်တံပျံလွန်တော်မူသွားခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် မဟာနာယက သာသနာပြုအသင်းအဖွဲ့များ၏ ဩဝါဒါစရိယ နိကာယနယူပဒေသကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတေဇော သာရာ ဘိဝံသ သက်တော် ၈၉၊ သိက္ခာတော် ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများမှ သံဃာတော်များ၊ မန္တလေးမြို့ပေါ်ရှိ သံဃနာယကအဖွဲ့အစည်း အဆင့်ဆင့်မှ ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညိုစော၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံရေးပါတီ အသီးသီးမှ တာဝန်ရှိသူများနှင့် အသင်းသားအသင်းသူများ၊ မြို့မိမြို့ဖများနှင့် အလှူရှင် ဒါယကာ ဒါယိကာမများ၊ မြို့သူ မြို့သားများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ သံဃာတော်နှင့် ဧည့်ပရိသတ်အပေါင်းတို့က "သဗ္ဗေ သင်္ခါရာ အနိစ္စာ" အစရှိသော သုံးဂါထာကို ရွတ်ဆိုကာ သံဝေဂဉာဏ်ပွားများ၍ အခမ်းအနားဖွင့်လှစ်ကြပြီး အာဂမနယူပဒေသကျောင်း နာယကဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသ မထေရ်မြတ်က သေတစ္ဆတ္တဝိဝရဏ ထီးဖြူတော်ဖွင့်ဂါထာကို ရွတ်ဆိုပူဇော်တော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်အား စိန်ကတ္တီပါ လွှမ်းခြုံပူဇော်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကြွရောက်လာကြသောဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မစိုးရိမ်တိုက်သစ်၊ ဓမ္မာဓိပတိကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍကာလင်္ကာရ ဘိဝံသ အရှင်သူမြတ်က ရွတ်ဖတ်ပူဇော်တော်မူ၍ သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားပူဇော်သည်။

ဆတ်လက်၍ ဆရာတော်ဘုရားကြီး၏ တေရုပတ္တိကို ဒေါပုံမြို့နယ် ဓမ္မပဥ္စရိကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လက ဖတ်ကြားပူဇော်၍ "သီလဿ စသမာဓိဿ၊ ပညာယ ပရိပူရကော၊ ပါသာဒိကော အဟောတေရော၊ ရာဇပူဇိတလဥ္ဆနော" သံဝေဂ ဂါထာကို မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အရှင်သူမြတ်က ရွတ်ဖတ်ပူဇော်ပြီး သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်းစသော လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

တို့နောက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီက ပေးပို့အပ်သော ဝမ်းနည်းကြောင်း သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြား ပူဇော်၍ ဦးမင်းကြည်က ဂုဏာနုဿရဏာသံဝေဂပွားဂါတာဖြင့် ပူဇော်သည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မြတောင်ကျောင်းတိုက်၊ ရွှေဝါင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ မဟာထေရ်ထံမှ မရဏာနုဿတိ ဘာဝနာတရားနှင့် ရေစက်ချတရား နာယူကြကာ အန္တိမအဂ္ဂိစျာပနဌာနသို့ ပင့်ဆောင်တော်မူပြီး အစီအစဉ်အတိုင်း မီးသဂြိုဟ်တော်မူကြသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

"ရွှေမြန်မာမင်းများ လက်တတ်တ ကရဝိက်ဖောင်နဲ့ ရေကြောင်းသွားလာကြတာကို သတိရပြီး စိတ်ကူးရလာလို့ ကရဝိက် ရေပေါ်ဟိုတယ် လုပ်ဖြစ်သွားတာပါ။ ကမ္ဘာလှည့် ခရီးသွားတွေကို မြန်မာ့ယဉ်ကျေးမှု လက်ရာတွေ မြသချင်တာလည်းပါတယ်။ အခန်း အဆောက်အအုံတွေကို ကျွန်းသားနဲ့ ဗိသုကာလက်ရာတွေ အသေးစိတ်ပုံဖော်ထားတာကြောင့် ပြီးမယ့်နေ့ကို အတိအကျပြောလို့ မရဘူး" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပို့ဆောင်ပေးမည့် ခရီးစဉ်မှာ မန္တလေး- မင်းကွန်း- ရွှေကြိုက်ယက်တို့ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများက တောင်းဆိုလာလျှင် ဗန်းမော်- ရွှေကူ စသည် အခြားဆိပ်ကမ်းမြို့များသို့ ပို့ဆောင်ရန် စီစဉ်ပေးမည်ဖြစ်၍ ဧရာဝတီမြစ်ကြီး၏ သဘာဝအလှတရားများကို ခံစားကြည့်ရှုနိုင်မှာပြစ်သည်ဟု ဆိုသည်။ ပွင့်လင်းမြင်သာသည့် အချိန်တွင် ဧရာဝတီပြစ်၏ အလှအပများ၊ မြန်မာတို့၏ လူနေမှုသဘာဝအခြေအနေများ၊ မပျက်စီးသေးသော တောတောင်ရေမြေရှုခင်းများနှင့်အတူ မြန်မာ့ယဉ်ကျေးမှု လက်ရာများကို ကမ္ဘာကသိအောင် ပြသနိုင်သကဲ့သို့ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်မည်ဖြစ်သည်။

"နှစ်တပ်ဆောင်အပေါ်တပ်မှာ လေသာဆောင် ဟင်းလင်းပြင်ပါလို့ မင်္ဂလာဧည့်ခံပွဲကျင်းပချင်ရင် လက်ခံပေးသွားမယ်၊ ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားအောင် ပန်းချီပြပွဲ၊ ရုပ်သေးပြပွဲ၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှပြ ကစားတာတွေ စီစဉ်တားပေးမယ်" ဟု ဦးတွန်းတွန်းက ပြောသည်။ ဝန်ဆောင်ခဈေးနှုန်းများကို လက်ရှိအချိန်တွင် မသိရသေးသော်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း တာဝန်ရှိသူများနှင့် ညှိနှိုင်းသတ်မှတ်သွားမည်ဖြစ်ကြောင်း၊ဆိပ်ကမ်းနေရာ ရရှိရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားဆဲဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်မှုလွယ်ကူရေး စက်အင်ဂျင်တပ်ဆင်လှူဒါန်း

မြင်းမူ ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ မီးသတ်ကား ဒီဇယ်အင်ဂျင်ပြောင်းလဲတပ်ဆင်ပေးပွဲအပ်အခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် အလှူရှင် ဦးချုတ်ားက နှစ် ၃၀ကြာ သုံးစွဲပြီး ဟောင်းနွမ်းနေသော မီးသတ်ယာဉ်ကို 7C ဒီဇယ်အင်ဂျင်ပြောင်းလဲတပ်ဆင် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ဦးချုတ်ား-ဒေါ်အေးအေးသက် "ချိုတက်" မိသားစု မင်းရဲကျော်စွာရပ် မြင်းမူမြို့မိသားစု မီးသတ်ယာဉ်ပြုပြင်ပြီးစီးမှုမှတ်တမ်းကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမြင့်ဦးက လက်ခံယူသည်။ ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝက်မှုလယ်ယာစနစ် လယ်မြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တွေ့ဆုံပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၆ ရက် နံနက်က ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာစနစ် လယ်မြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှူး ဦးလှမြင့်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကိုကိုတို့က စက်မှုလယ်ယာစနစ် လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြေပြင်ပြင်ဆင်သည်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလုပ်ဆောင်သွားရန် မှာကြားပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ယန္တရားများဖြင့် မြေမြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှ တစ်ဆင့် ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ သွားရောက်၍ ဆောင်းခိုငှက်များ လာရောက်နားခိုရာတွင် အန္တရာယ်ကင်းရှင်းရေး၊ မိုးယွန်းကြီးအင်းကြီးကို ရေရှည်တည်တံ့ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး ဆောင်းခိုငှက်များ နားခိုနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

[illegible]

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၈

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို နေပြည်တော်ရှိ အားကစားကွင်း၊ အားကစားရုံအသီးသီး၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိသည် အာဆီယံမသန်စွမ်းဘိုစီယာ (BOCCIA) ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို တက်ရောက်သည်။

ရှေးဦးစွာ ဘိုစီယာပြိုင်ပွဲ BC (1)ဆေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ၌ ပထမနှင့်ဒုတိယဆုရ ထိုင်းနိုင်ငံမှ အားကစားသမားများ၊ တတိယဆုရမလေးရှားနိုင်ငံမှ အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဦးအုန်းကျော်က တစ်ဦးချင်း ဆုတံဆိပ်များနှင့် မြန်မာနိုင်ငံပီတန်း အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးအောင်က အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘိုစီယာ (BOCCIA)(BC 2)ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရ ထိုင်းနိုင်ငံမှအားကစားသမားများအား ပြိုင်ပွဲကျင်းပရေး တာဝန်ခံက တစ်ဦးချင်း ဆုတံဆိပ်နှင့် မြန်မာနိုင်ငံပီတန်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအေးထွန်းက အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

တို့နောက် ဘိုစီယာ (BOCCIA) (3) ဆေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ စင်ကာပူ၊ ဒုတိယနှင့် တတိယဆုရ ထိုင်းနိုင်ငံမှ အားကစားသမားများအား စင်ကာပူနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက တစ်ဦးချင်း ဆုတံဆိပ်များနှင့် မြန်မာနိုင်ငံ ပီတန်းအမှုဆောင် ဦးကျော်ဇင်က အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဘိုစီယာ Open Event ပြိုင်ပွဲ ပထမဆုရ မြန်မာမှ ယုရတနာတွန်း၊ ဒုတိယဆုရ ဗီယက်နမ်၊ ပူးတွဲတတိယရရှိကြသော မြန်မာမှ မင်းမင်းတိုက်နှင့် ဗီယက်နမ်မှ အားကစားသမားတို့အား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တစ်ဦးချင်း ဆုတံဆိပ်(ဝဲပုံ)နှင့် မြန်မာနိုင်ငံပီတန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အထိမ်းအမှတ်လက်ဆောင်များကို ချီးမြှင့်ခဲ့ကြသည်။

ဆုပေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆုရရှိကြသော အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဦးအုန်းကျော်က ဆုရရှိကြသော ခြန်မာအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) ၌ ကျင်းပလျက်ရှိသော အာဆီယံမသန်စွမ်းဂိုးဘောပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲ မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းက အနိုင်ရရှိကာ ပြိုင်ပွဲအပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာအားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၁၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၇း၀၀ ပြည်တွင်းသတင်း
၈း၁၅ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၉း၁၀ လုပစ်ုံလင်အာဆီယံတစ်ခွင်

နေ့လယ်ပိုင်း

၁၁း၁၅ ဂီတတံခါးလေးဖွင့်ဦး
၁၂း၀၀ ပြည်တွင်းသတင်း

၁၂း၂၅
၁၂း၃၅
၁၄း၄၅
၁၅း၄၅
၂၀း၀၀
၂၀း၁၀

အလွတ်တန်းဘော်လီဘော

ဘားအံ ဇန်နဝါရီ

ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကာယပညာဦးစီးဌာန ကရင်ပြည်နယ်အားက ထို့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ဘော်လီဘော မည် မြို့နယ်ပေါင်းစုံ၊ ကလပ်အသင်းပေါင်းစုံ အမျိုးသမီးအလွတ်တန်း ဘော်လီဘောပြို ၁၂ ရက်အထိ ကရင်ပြည်နယ်အားကစားခန်း ပြည်နယ်အတွင်းအမှန်တကယ်နေထိုင်သော သမားများသာပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပေးအပ်မည်ဖြစ်ကာ ဇန်နဝါရီ ၃၀ ရက် နေ့ အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ် တို့သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် နာရီတွင် ပြိုင်ပွဲပွဲစဉ်ရေးဆွဲမည်ဖြစ်ကြောင်း

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူများအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ ထိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်ပြီး နုတ်တွက်ခွင့်ပြုလျက်ရှိရာ ၉၆ ဦး စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သန်းစိုး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ခြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးစသည်တို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်တွက်ခွင့်ရ ကလေးသူငယ် ၉၆ ဦးနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် (CTFMR) မှ Mrs.Renata Lok-Dessalliem တို့က အမှာစကားများ ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့ကပေးအပ်ခဲ့ပြီး ကလေးများအား အုပ်ထိန်းသူမိဘများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ကလေးများနှင့်မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိစစ်ဆေး၍ လိုအပ်က ကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်နိုင်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားနိုင်ရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည် ကျွမ်းကျင်မှုများ သင်ယူရန်ဖြစ်နိုင်ခြေများဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်တို့ကို စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို အဆိုပါ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ ရန်ကုန်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ၂၄ဦးအား ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား တတိယအကြိမ်အပြစ် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၃ခုနှစ် ဩဂုတ် ၈ ရက်တွင် ၆၈ ဦးအားလည်းကောင်း လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် ပဉ္စမအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

အရေးယူ

အဆိုပါစီမံချက်ကို အကောင်အထည်ဖော်ရန် အသေးစိတ်လုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲသဘောတူပြီးဖြစ်ရာ ၁၈ လအတွင်း တပ်မတော်အတွင်း၌ အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည် လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့်အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးနုတ်ထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက် ရှိသည်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူ အရာရှိ ၄၀ နှင့် စစ်သည် ၂၂၉ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

ဒုတိယရဲအုပ်လောင်းသင်တန်းဆင်းပွဲ အခ

နေပြည်တော် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၇၄/၂၀၁၂)ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် သင်တန်းဆင်းတပ်ခွဲ ဒုတိယရဲအုပ်လောင်းများက ရဲချုပ်အား အနေးလျှောက်၊ အခြန်လျှောက်ပြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၈၀) ဒုတိယရဲအုပ်လောင်း ရဲကိုခိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၇၅) ဒုတိယရဲအုပ်လောင်း အောင်ကိုလွင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၄၀) ဒုတိယရဲအုပ်လောင်း ငြိမ်းချမ်း၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၃၉) ဒုတိယရဲအုပ်လောင်း ခွန်ကောင်းမြတ်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၀) ဒုတိယရဲအုပ်လောင်း ကျော်ခိုင်ဦးတို့အား ဆုများကိုချီးမြှင့်ခဲ့သည်။

ယင်းနောက် ရဲချုပ်ကမိန့်ခွန်းပြောကြားရာ၌ ရဲတပ်ဖွဲ့က ယခုအကောင်အထည်ဖော် ဆောင်ရွက်နေသော ဖြည်သူ့လူထုဗဟိုပြုသည့် ရဲလုပ်ငန်းစနစ်ဖြစ်ရန် ပြည်စုံရမည့် အချက်(၄)ချက်ရှိကြောင်း၊ မိမိဆောင်ရွက်ချက်အပေါ် တာဝန်ခံနိုင်မှု၊ လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာရှိမှု၊ လူ့အခွင့်အရေးများကို လေးစားမှုနှင့် ကာကွယ်စောင့်ရှောက်ပေးမှု၊ ပြည်သူလူထုအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျင့်ဝတ်များ လိုက်နာမှုစသည်အချက်များ ပြည်စုံအောင် ကြိုးစားနေထိုင်သွားကြရမည် ဖြစ်ကြောင်း။

ပြည်သူ့လူထုဗဟိုပြုသော ရဲလုပ်ငန်းစနစ်၏လုပ်ငန်းစဉ်အတွက် ပြည်သူလူထုအတွက် ဝန်ဆောင်မှုကို ရှေးရှုသော ချဉ်းကပ်မှုသို့ ကူးပြောင်းနေခြင်းဖြစ်သည်အတွက် ပြည်သူ့ဘဝလုံခြုံဘေးကင်းစေရန် မှုခင်းဖြစ်လာမှုတုံ့ပြန်ခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်းသို့ အစဉ်

ငံသကြား

(တနင်္ဂနွေနေ့)

၁၂း၂၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၂း၃၅ ဖျော်ဖြေမည့်ရုပ်ရှင်
ဒိုး
ကျော်သူ၊စိုးသူ၊မေဝင်းမောင်၊ ဇင်မာဦး
(ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၄း၄၅ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲပြေးခုန်ပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

ညပိုင်း

၁၅း၄၅ (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲပြေးခုန်ပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ ရင်ခုန်လက်ကမ်းတေးသစ်လမ်း

...န်းဘော်လီဘောပြိုင်ပွဲကျင်းပမည်

ဘားအံ ဇန်နဝါရီ ၁၈

...အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ်အားကစားနှင့် ...ကရင်ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီ ...မြည်နယ်ဘော်လီဘောဆပ်ကော်မတီမှ ကြီးမှူးကျင်းပ ...ကလပ်အသင်းပေါင်းစုံနှင့် ဌာနပေါင်းစုံ အမျိုးသား၊ ...န်း ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ...ပြည်နယ်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကရင် ...န်တကယ်နေထိုင်သော ဘော်လီဘော အားကစား ...ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့် ...ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထား၍ ကရင်ပြည်နယ် ...ပညာဦးစီးဌာန ပြည်နယ်ဘော်လီဘော ဆပ်ကော်မတီ ...ရင်းပေးသွင်းကြရန်နှင့် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ ...ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ (၈၄၈)

...ဆင်းပွဲ အခမ်းအနားကျင်းပ

...လောင်း ခွန် ...ဘာဘာသာရပ် ...င်းသားအမှတ် ...ဟင်း ကျော်ခိုင် ...ချီးမြှင့်ခဲ့သည်။ ...ချုပ်ကမိန့်ခွန်း ...ပ်ဖွဲ့က ယခု ...ဲ ဆောင်ရွက် ...ထုဗဟိုပြုသည့် ...န် မြည်စုံရမည် ...ကြောင်း၊ မိမိ ...ါ် တာဝန်ခံနိုင် ...များ ပွင့်လင်း ...အရေးများကို ...ယ်စောင့်ရှောက် ...ူလူထုအတွက် ...ကျင့်ဝတ်များ ...ျက်များ ပြည်စုံ ...င်သွားကြရမည် ...ဟုပြုသော ရဲ ...င်းစဉ်အတွက် ...ဝန်ဆောင်မှုကို ...မှုသို့ ကူးပြောင်း ...တွက် ပြည်သူ့ ...စရန် မခင်းဖြစ် ...ဖြစ်ခင်ကြိုတင် ...ခြင်းသို့ အစဉ်

ဦးတည်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဤကဲ့သို့ ကြိုးပမ်းသည့်အခါ ကြီးလေးသောရာဇဝတ်ဖြစ်မှု တစ်ခုဖြစ်သည့် အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်ပြီး မှာကြားလိုကြောင်း၊ Corruption ကျူးလွန်မြင်းသည် တရားမျှတစွာ တာဝန်ထမ်းဆောင်နေသော ဆောင်ရွက်မှုလမ်းကြောင်းကို သွေဖည်စေခြင်းကြောင့် ပြည်သူလူထုအမြင်တွင် ရှိသင့်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပုံရိပ်ကောင်းကိုသာမက နိုင်ငံတော်၏ပုံရိပ်ကိုပါ ကြီးမားစွာထိခိုက်စေသည်ကို အထူးသတိပြုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျင့်ပျက်ခြစားမှု မှန်သမျှကို ကိုယ်တိုင်ကျူးလွန်ခြင်း မပြုရုံသာမကဘဲ ပြင်းထန်စွာဆန့်ကျင်ရမည်ဖြစ်ကြောင်း။

အကျင့်စာရိတ္တကိုယ်ကျင့်တရားကောင်းမွန်ထိန်းသိမ်းကာ သစ္စာ၊ သမာဓိ၊ သတ္တိဆိုသော ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ပြီး မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ရဲတပ်ဖွဲ့၏နေ့စဉ်လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း ပြည်သူ့အကျိုးကို ဖြောင့်မတ်မှန်ကန်စွာ တပ်ဖွဲ့၏ဂုဏ်သိက္ခာတို တိုးတက်မှုရရှိအောင် လေ့ကျင့်နေထိုင်သွားကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရေးဦးစွာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပုသိမ်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများက လယ်ယာမြေသိမ်းဆည်းမှုနှင့်ပတ်သက်ပြီး ကုမ္ပဏီနှင့် တောင်သူလယ်သမားပြဿနာများကို ဖိစစ်ပြီး တောင်သူလယ်သမားများရသင့်သည် လယ်မြေများ မူလလက်ငုတ်ပိုင်ရှင် တောင်သူများထံ ပြန်လည်ရရှိရေး၊ ဇလွန်မြို့နယ် ကျုံဇရစ်ကျေးရွာအတွင်းရှိ ဖွဲ့ကရိုင်းအင်း၏ ဆည်ချိုပိတ်ဆို့မှုကြောင့် ကျေးရွာငါးရွာမှလယ်မြေဧက ၇၀၀ ခန့် ရေလွှမ်းမိုးပြီး စပါးခင်းပျက်စီးမှု၊ ငပုတောမြို့နယ် ကမ်းခြေပတ်လည်ရှိ ရိုးမများပေါ်တွင် စီမံကိန်းမြေနေရာအဖြစ် ချထားခြင်းကြောင့် စားကျက်မြေများပျက်စီးပြီး တောဆင်ရိုင်းများက စပါးခင်းများသို့ ဝင်ရောက်စားသောက်မှု၊ စပါးမျိုးကောင်းမျိုးသန့်များ ရရှိရေး၊ မျိုးပွားဇုန် ဆောင်ရွက်ပေးရေးနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို တင်သွင်းရောင်းချရာတွင် စိစစ်ရေးအဖွဲ့များဖြင့်စိစစ်ပြီး တရားဝင်မှတ်ပုံတင်ပြီးမှသာ ရောင်းချခွင့်ပြုရေး၊ သွင်းအားစုနှစ်ရှည်ချေးငွေများကို အစိုးရက ကူညီပံ့ပိုးပေးရေးနှင့် ရေလုပ်သားများအား သမဝါယမစနစ်ဖြင့် ချေးငွေများချေးပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်အတွင်း တောင်သူလယ်သမားများနှင့် ပြည်သူ့လူထုဗဟုသုတတိုးပွားစေရေး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ယနေ့အခမ်းအနားတွင် ပုသိမ်မြို့နယ်အတွင်းရှိ တောင်သူလယ်သမား ကိုယ်စားလှယ်ပေါင်း ၂၄၆ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ (ခရိုင် မြန်/ဆက်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်ဖြင့်အရာရှိကြီးများသည် ယနေ့ နံနက် ၈ နာရီတွင် အတူးလေယာဉ်ဖြင့် ပုဂံ-ညောင်ဦးလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အာဆီယံအစည်းအဝေးများကျင်းပရေး ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ) (သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းနှင့် ငါးသိန်း ဆုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ Recurve Open အမျိုးသားအသင်းလိုက် ရှုံးထွက်ပွဲစဉ်၌ ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မလေးရှား၊ တတိယဆုရ အင်ဒိုနီးရှားအသင်းမှ အားကစားသမားများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် အထိမ်းအမှတ်လက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘီလီယက်နှင့်စနူကာ အားကစားရုံ၌ အမျိုးသားလုံးဝမျက်မမြင်ဆေးအဆင့် (B1) ပြိုင်ပွဲများမှ မြန်မာအားကစားသမား အောင်လွင်နှင့် အင်ဒိုနီးရှားအားကစားသမား ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားအားကစားသမားတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ မြန်မာမှ အောင်လွင်ဦးနှင့် မလေးရှား အားကစားသမားတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိ စားပွဲတင်တင်းနစ် အားကစားရုံ၌ အာဆီယံမသန်စွမ်း စားပွဲတင်တင်းနစ် ယှဉ်ပြိုင်ကျင်းပနေမှု၏ ပွဲစဉ်များဖြစ်သော အမျိုးသမီးအသင်းလိုက် Class (7-9) ပြိုင်ပွဲမှ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ အမျိုးသားအသင်းလိုက် Class (8)ပြိုင်ပွဲမှ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ အမျိုးသားအသင်းလိုက် Class (6-7) ပြိုင်ပွဲ၏ ထိုင်းအသင်းနှင့်မလေးရှားအသင်းတို့ ယှဉ်ပြိုင်တစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီး ပြိုင်ပွဲဝင်ကစားသမားများနှင့် အရှေ့တောင်အာရှစားပွဲတင်တင်းနစ် ဒုတိယဥက္ကဋ္ဌအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

အပြောင်းအလဲသလောက် အလုပ်ခက်သည့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ကျရေးကိစ္စ (၁)

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

မြန်မာနိုင်ငံတွင် လူနေမှုအဆင့်အတန်းမြင့်မားလာမှု၊ လူဦးရေတိုးတက်လာမှု၊ စက်မှုလုပ်ငန်းများတိုးတက်မှုနှင့် စီးပွားရေးအဆောက်အအုံများ တိုးတက်လာမှုတို့ကြောင့် ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ်တက်တစ်နှစ်ပို၍ပို၍ သုံးစွဲလာကြသည်ကိုတွေ့မြင်ရပါသည်။ ဓာတ်အားသုံးစွဲမှုများလာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်မှု (Generation)ပိုင်း၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေး (Transmission/ Distribution)ပိုင်းတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ပိုမိုအလေးထား၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံလျှပ်စစ်ကဏ္ဍအတွက် ဘဏ္ဍာငွေလိုအပ်ချက်၊ ချေးငွေလိုအပ်ချက်နှင့် ဓာတ်အားခနှုန်းထားမြင့်တင်ရန်ကိစ္စတို့ကို ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့မှုအပေါ် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားဖြတ်တောက်မှုများကို ဝေဖန်ပြောဆိုမှုများ ရှိခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ရရှိခဲ့သော ဘဏ္ဍာငွေကြေးအပေါ်သုံးစွဲလျက် ဓာတ်အားပျောက်ဆုံးမှုများကို လျှော့ချရေးအတွက် ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ ထိုကဲ့သို့ ကြိုးစားလုပ်ဆောင်ခဲ့ရာ ၁၉၉၀- ၁၉၉၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ၁၄ နှစ်တာကာလအတွင်း ဓာတ်အားပျောက်ဆုံးမှု လျှော့ကျခဲ့သည့် အခြေအနေများကို အောက်ပါဇယားဖြင့်ဖော်ပြထားပါသည်-

ဘဏ္ဍာရေးနှစ်	ပျောက်ဆုံးမှုရာခိုင်နှုန်း(ယူနစ်သန်းဝေါင်း)
၁၉၉၀-၁၉၉၁	၃၅. ၃၅
၂၀၀၀-၂၀၀၁	၃၄. ၁၅
၂၀၀၁-၂၀၀၂	၃၃. ၀၅
၂၀၀၂-၂၀၀၃	၂၉. ၄၃
၂၀၀၃-၂၀၀၄	၂၇. ၆၁
၂၀၀၄-၂၀၀၅	၂၈. ၈၆
၂၀၀၅-၂၀၀၆	၂၆. ၈၈
၂၀၀၆-၂၀၀၇	၂၈. ၀၂
၂၀၀၇-၂၀၀၈	၂၈. ၄၇
၂၀၀၈-၂၀၀၉	၂၆. ၆၉
၂၀၀၉-၂၀၁၀	၂၆. ၆၅
၂၀၁၀-၂၀၁၁	၂၅. ၁၁
၂၀၁၁-၂၀၁၂	၂၄. ၆၂
၂၀၁၂-၂၀၁၃	၂၂. ၉၈

အဆိုပါဇယားအရ (၁၄)နှစ်အတွင်း ဓာတ်အားပျောက်ဆုံးမှု ၃၅ ဒသမ ၃၅ ရာခိုင်နှုန်းမှ ၂၂ ဒသမ ၉၈ရာခိုင်နှုန်းသို့လျှော့ချနိုင်ခဲ့သဖြင့် ၁၂ ဒသမ ၃၇ ရာခိုင်နှုန်း လျှော့နည်းကျဆင်းခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်ယှဉ်လျှင် ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းမှာ ပိုမိုများပြားနေသေးသဖြင့် အခြားနိုင်ငံနည်းတူဖြစ်စေရန်အတွက် စီမံမှုများချမှတ်တာ ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။

ဓာတ်အားပျောက်ဆုံးမှု (Energy Losses) ဆိုသည်မှာ ထုတ်လုပ်သူထံမှ ဝယ်ယူခဲ့သော ဓာတ်အားယူနစ် (KWH)အရေအတွက်နှင့် ဓာတ်အားသုံးစွဲသူထံသို့ ရောင်းချခဲ့သည် ဓာတ်အားယူနစ် (KWH) အရေအတွက်တို့ **"ခြားနားချက်"**ပင်ဖြစ်ပါသည်။ ယင်းကို ရာခိုင်နှုန်းဖြင့် တွက်ချက်ဖော်ပြပါသည်။ ဓာတ်အားပျောက်ဆုံးမှုတွင် အပိုင်းအားဖြင့် နှစ်ပိုင်းရှိပြီး ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နည်းပညာပိုင်းအရ ဓာတ်အားပျောက်ဆုံးမြင်း (Technical Losses)
(ခ) နည်းပညာပိုင်းနှင့်ဆက်စပ်မှုမရှိသော ဓာတ်အားပျောက်ဆုံးခြင်း (Non -Technical Losses)

နည်းပညာပိုင်းအရ ဓာတ်အားပျောက်ဆုံးမြင်းသည် ဓာတ်အားပို့လွှတ်ခြင်း (Transmission-230 KV,132 KV. 66 KV)အပိုင်း၊ ဗို့အား နိမ့်/မြင့်ပြောင်းပေးခြင်း Transformation အပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးခြင်း (Distribution 33KV,11 KV, 400 V)အပိုင်းတို့တွင် အသုံးပြုထားသည့် ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံများတွင် တပ်ဆင်အသုံးပြုထားသောပစ္စည်း (Equipments)များကြောင့် ဖြစ်ပေါ်လာသည် ဆုံးရှုံးမှုများကို ဆိုလိုပါသည်။ ယင်းတို့တွင် အောက်ပါအချက်များပါဝင်ပါသည်-

(က) ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှု တိုးမြင့်လာသော်လည်း အသုံးပြုနေဆဲ ဓာတ်အားလိုင်းကြိုးများ၏အရွယ်အစား (Conductor Size)မှာ သေးငယ်နေခြင်း။
(ခ) ဓာတ်အားလိုင်းကြိုးများတွင် ပို့လွှတ်ဖြန့်ဖြူးနေသော ဝန်အားမှာ သတ်မှတ်ချက်တက် ပိုမိုများပြားနေမြင်း။
(ဂ) သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးများ ရည်လျားလွန်းနေခြင်း (Conductor Length Over Extend)
(ဃ) ဗို့အားမပြည့်မြင်း (Under Voltage Supply)
(င) ထရန်စဖော်မာများတွင် သတ်မှတ်ထားသောဝန်အားထက် ပိုမိုသုံးစွဲနေခြင်း (Over Load)
(စ) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် ဆက်သွယ်ခြင်း၊ ချိတ်ဆက်ခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်သည့်အခါ သေချာမှု၊ ခိုင်ခံ့မှု၊ သပ်ရပ်မှုမရှိခြင်း။ (Poor Workmanship)
(ဆ) လျှပ်စစ်ဓာတ်စီးပတ်လမ်းတွင် ဓာတ်အားယိုစိမ့်မှုဖြစ်ပေါ်ခြင်း (Electricity Leakage)
(ဇ) ဓာတ်အားလိုင်းများတွင် ဝန်အားကို မျှတစွာ ဆက်သွယ်အသုံးပြုမှုမရှိမြင်း (Unbalance Load)
(ဈ) ထရန်စဖော်မာ၊ စက်ရုံသုံးမော်တာ၊ ရေမော်တာ၊ ရေခဲသေတ္တာ၊ မီးချောင်းချုပ်စသည်တို့မှ ဖြစ်ပေါ်သည့် Reactive Power (KVar)များအတွက် လုံလောက်သော Compensation မပြုလုပ်နိုင်မြင်း။ (Inadequate Reactive Compensation)
(ည) သုံးစွဲသောမီတာများ တိကျမှန်ကန်မှုမရှိခြင်း (Poor Accuracy)
(ဋ) အသုံးပြုခဲ့သည် ပစ္စည်းအချို့အရည်အသွေးညံ့ခြင်း။

နည်းပညာပိုင်းနှင့် ဆက်စပ်မှုမရှိသောပျောက်ဆုံးမှု (Non-Technical Losses)ဖြစ်ပွားရမြင်းမှာ စီမံခန့်ခွဲမှု(Administration) အားနည်းခြင်း၊ ဓာတ်အားခိုးယူသုံးစွဲခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယင်းတို့တွင် အောက်ပါအချက်များ ပါဝင်ပါသည်-

(က) မီတာဖတ်ရှုမှု အားနည်းခြင်း(လိုဖတ်ခြင်း/ပိုဖတ်ခြင်း)။
(ခ) မီတာဖတ်ပြီးတွက်ချက်ရာတွင် မြှောက်ဖော်ကိန်း (Multiplier Factor) ကို မှားယွင်းတွက်ချက်ခြင်း။
(ဂ) ရပ်/ပျက်/နှေး မီတာများ အချိန်မီ လဲလှယ်မှုမရှိမြင်း။
(ဃ) မီတာကို တစ်နည်းနည်းဖြင့် မလည်အောင်ပြုလုပ်မြင်း။
(င) မီတာတွင် ဓာတ်ကြိုးမဝင်ဘဲ (By Pass) သုံးစွဲထားမြင်း။
(စ) ဓာတ်အားကို ခိုးယူသုံးစွဲခြင်း (Direct Connection)။
(ဆ) ဓာတ်အားလိုင်း၊ ထရန်စဖော်မာစသည်တို့တွင် သစ်ပင်၊ ချုံနွယ်တို့ဖြင့် ထိနေမြင်း၊ ဖုံးအုပ်နေခြင်း။

အထက်တွင် ဖော်ပြခဲ့သော ဓာတ်အားပျောက်ဆုံးမှုများအနက် စီမံခန့်ခွဲမှု(Administration)အားနည်းမှုကြောင့် ဖြစ်ပွားသော ပျောက်ဆုံးမှုများ၊ မသမာသူများ၏ ဓာတ်အားခိုးယူခြင်းဖြင့် ပျောက်ဆုံးမှုများကို လျှော့နည်းစေရန်ပညာပေးခြင်း၊ အရေးယူအပြစ်ပေးမြင်းတို့ဖြင့် လျှော့ချနိုင်မည် ဖြစ်ပါသည်။

ပြည်တွင်းသတင်း

စဥ့်ကူးမြို့ရှိ ငလျင်ဒဏ်သင့် ရှေးဟောင်းဖောင်တော်ဦးစေတီတော် ဘက်စုံမွမ်းမံပြုပြင်မည်

စဥ့်ကူး ဇန်နဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့သည် တစ်ခေတ်တစ်ခါက သမိုင်းအစဉ်အလာကြီးမားခဲ့သော ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခဲ့သည်။ ရှေးက စဥ့်ကူးမြို့ကို ကျောက်များခံပြီး တည်တားခဲ့မှုကြောင့် သေလာဂါမဟု ခေါ်တွင်ခဲ့ရာမှ မင်းများလက်ထက် မုဆိုးစဥ့်ဆိုသူက ဧရာဝတီမြစ်အနောက်ဘက်ဖြတ်ကူးရာမှ စဥ့်ကူးဖြစ်လာပြီး ယခုအခါ စဥ့်ကူးမြို့ဟု အမည်တွင်ခဲ့ကြောင်း ရှေးဟောင်းသမိုင်းမှတ်တမ်းများအရ သိရသည်။

စဥ့်ကူးမြို့သည် ရှေးမင်းများအဆက်ဆက်က မြို့တည်နန်းတည်ထီးစိုက်နန်းစိုက်နေလာခဲ့ရာမှ ဘုရားပုထိုးစေတီများစွာ တည်ထားကိုးကွယ်ခဲ့ကြပြီး ဘုရားစေတီများ လက်ညှိုးထိုးမလွဲတည်ရှိနေမှုတို့ကြောင့် ဒုတိယပုဂံဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်က အင်အားပြင်းငလျင်ဒဏ်ကြောင့် စဥ့်ကူးမြို့ရှိ ဘုရားစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ မြေပြိုပျက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ထိုသို့ ပြိုပျက်ခဲ့မှုများတွင် ရှေးခေတ်ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး ၄၅၄-၅၂၉ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီးလည်း တစ်ဆူပါဝင်ခဲ့ကြောင်း သိရသည်။ အဆိုပါ စေတီတော်ကြီးသည် နှစ်ပေါင်း ၈၀၀ ကျော် ကြာမြင့်ခဲ့ပြီးဖြစ်ရာ ၁၁၂၀ ခုနှစ်တွင် စဥ့်ကူးဇာတိ မြင်းခေါင်းမောင်ကြာမိသားစုလည်းကောင်း၊ ၁၂၈၄ ခုနှစ်တွင် စဥ့်ကူးမြို့မနေ အမ်နှံတော်ရရှေ့နေ မောင်ချမ်း၊ ဇနီး မမြင့်၊ သမီး မတင်ဦး၊ မတင်တုတ်၊ သား မောင်သိမ်းမောင်တို့ကလည်းကောင်း၊ ထို့နောက် စဥ့်ကူးမြို့ ဘုရားအမ ဒေါ်ပု၊ သမီး မတော်တို့ကလည်းကောင်း ခေတ်အဆက်ဆက် ဘိုးဘေးတို့ပြုပြင်တည်ဆောက်ခဲ့ကြကြောင်း သိရသည်။

ယခုအခါ စေတီတော်ကြီးသည် နှစ်ဝေါင်းများစွာ ကြာမြင့်ခဲ့ခြင်းနှင့် သဘာဝဘေးဒဏ်တို့ကြောင့် စေတီကိုယ်လုံးတော် ကြေမွကွဲအက်ခဲ့ရပြီး စိန်ဖူးတော်မြေခဲ့ရသည်။ အဆိုပါ စေတီတော်ကြီး ဘက်စုံမွမ်းမံမြှုပြင်တည်ဆောက်ရန်အတွက် အလှူရှင်များဖြစ်သော မန္တလေးမြို့ ဦးချစ်တီးမောင်၊ ဒေါ်အုံးခင်(စက်မှု-၁)တွင်ခိုမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ မန္တလေးမြို့ ဦးမြဝင်း၊ ဒေါ်ခင်ဆိုင်(မြရော-ကုလားပဲခွဲစက်)မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ တည်ဝင်လှူဒါန်းကြပြီး ရပ်နီး/ရပ်ဝေးမှ တည်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးလှိုင်မောင် ဖုန်း-၀၈၆၃၅၀၇၉ နှင့် ဦးလရွှေ ဖုန်း-၀၉ ၄၀၂၅၃၁၃၄၉ တို့သို့ ဆက်သွယ်ဝါဝင်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (၄၃၃)

ကလေးတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ တက်လှမ်းနေ

ကလေး ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စိုက်ပျိုးမြေလယ်ဧက ၈၁၄၅၇ ဧက၊ ယာ ၁၉၂၆၂ဧက၊ ကိုင်း ၄၈၈၈၀ ဧက၊ ဥယျာဉ် ၄၄၂၈ ဧက စုစုဝေါင်း ၁၅၄၀၂၇ ရှိပြီး ၂၀၁၃-၂၀၁၄ မိုးစဝါး စိုက်ဧက ၁၀၁၄၀၇ ရှိကြောင်း ကဘော်ချိုင့်ဝှမ်းလွင်ပြင်ဒေသနှင့် ချင်းပြည်နယ်တို့အတွက် အဓိကအားထားရသည့် ဆန်အိုးကြီးတစ်ခုဖြစ်ရာ ကလေးမြို့နယ် တောင်သူတို့အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ တက်လှမ်းနေပြီဖြစ်သည်။

အဆင့်မြင့် စက်မှုလယ်ယာထူထောင်ရေးအတွက်လည်း ဂျပန်နိုင်ငံ Evergreen ကုမ္ပဏီ၏ အကူအညီဖြင့် မြို့နယ် အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပြီး ကလေးမြို့နယ်တောင်ပိုင်း တိုမာ၊ သာယာကုန်း၊ တောက်ကြန့်၊ နတ်ချောင်း၊ နတ်မြောင်းကျေးရွာများရှိ လယ်ယာမြေများကို စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်မှုနည်းပညာများအသုံးပြုပြီး လုပ်ငန်းအားလုံးကို စက်ယန္တရားများဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကလေးမြို့နယ်အတွင်းရှိ လယ်ယာမြေများနှင့် ဂန့်ဂေါမြို့နယ် မြောက်ပိုင်း ကျေးရွာများရှိ လယ်မြေများအားလုံး ရာသီမရွေးစိုက်ပျိုးနိုင်ရန်အတွက် ရာဇပြိုဟ်ဆည်နှင့် မဏိပူရဆည်စီမံကိန်းများပြီးစီးပါက လယ်ယာမြေအားလုံး ဆည်ရေဝသည်ထက်ဝ၍ လယ်မြေလှသည်ထက်လှကာ ဒေသတွင်းပြည်သူတို့၏ လူမှုစီးပွားများဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရာဇပြိုဟ်ဆည်နှင့် မဏိပူရဆည်များ အမြန်ပြီးစီးရေး ပြည်သူတို့လိုလားနေကြကြောင်း သိရသည်။ **သျှင်နေမင်း**

အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေး

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန အသက် ၆၅ နှစ်အတက် အငြိမ်းစား ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ဓာတုဗေဒဌာန၌ ကျင်းပရာ အစည်းအဝေးတွင် ပါမောက္ခချုပ်(ငြိမ်း)ဦးလှနီက အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်မိမိသင်းက ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီ၌ မန္တလေးတက္ကသိုလ်မွှာရုံ၌ကျင်းပမည့် အာစရိယပူဇော်ပွဲကျင်းပရေး အတွေ့ထွေကို ဆွေးနွေးတင်ပြကာ အာစရိယပူဇော်ပွဲကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ကြသည်။

လှူဒါန်းနိုင်

အဆိုပါပူဇော်ပွဲအောင်မြင်စွာကျင်းပရေးအတွက် လှူဒါန်းငွေများကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးရှိ ဓာတုဗေဒဌာနမှူးများနှင့်သက်ဆိုင်ရာ အတန်းကိုယ်စားလှယ်ကျောင်းသားခေါင်းဆောင်များနှင့် ဒေါက်တာဒေါ်မိမိသင်း ဖုန်း-၀၉-၂၀၂၁၇၇၆၊ ဦးတင်ထွန်း ဖုန်း-၀၉-၆၅၀၁၉၉၆၊ ဦးစိုးသိမ်း ဖုန်း-၀၉-၂၀၁၃၅၅၈ နှင့် ဦးစိုးလွင် ဖုန်း-၀၉-၂၀၀၃၈၉၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ချောင်းရေတိုက်စားမှုကာကွယ်ရန် ကမ်းပါးနံရံတည်ဆောက်

ကလေး ဇန်နဝါရီ ၁၈

ကလေးမြို့နယ် ဇင်းကလင်းကျေးရွာအဝင် မိုင်တိုင်(၇၈/၄)နှင့် ၇၈/၅ကြား အာရှဝတ်လမ်းမကြီးပေါ်၌တည်ရှိသည့် တံတားအမှတ် (၃/၇၉) ဇင်းကလင်း သံကူကွန်ကရစ်တံတားနှင့် တံတားအနီး ချောင်းကမ်းပါးနံရံတစ်လျှောက် ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားပြီး တံတားနှင့်ချောင်းကမ်းဝါးများ ကာကွယ်ရန်အတွက် သစ်မာမျောတိုင်ရိုက်၍ သစ်သားမြေတားနံရံတည်ဆောက်မြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းတွင် တံတားအထက်ဘက်၌ သစ်သားမြေတားနံရံ အရှည်ပေ ၁၀၀ ခန့် သစ်မာမျောတိုင်ရိုက်မြင်းနှင့် တံတားအောက်ဘက် ဇင်းကလင်းဘက်ကမ်းပါးနံရံ အရှည်ပေ ၁၅၀ ကို သစ်မာမျောတိုင်ရိုက်မြင်းပြီးစီးကာ ဇင်းကလင်းဘက်တံတားကမ်းဝါးနံရံကို အရှည် ၁၈ ပေ၊ အမြင့် ရစ်ပေ ကျောက်ကြီးစီ မြေကာနံရံတည်ဆောက်ခြင်းတွင် မျောတိုင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး ယင်းအပေါ်တွင် ကိုးလက်မတု ကွန်ကရစ်လောင်း၍ ကျောက်ကြီးစီနံရံ အမြင့် ရစ်ပေ တည်ဆောက်မည်ဖြစ်သည်။

ယင်းနောက် ရေလမ်းကြောင်းရှင်းလင်းမြင်းလုပ်ငန်းတွင် တံတားအတက်ပိုင်း၌ အရှည်ပေ ၆၀၀ နှင့် တံတားအောက်ဘက်၌ အရှည်ပေ ၁၀၀၀ သောင်ခုံများဖယ်ရှားပြီး အဆိုပါသစ်မာရိုက်၍ သစ်သားမြေတားနံရံ တည်ဆောက်မြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းဝေါင်း ၂၉ သန်းအကုန်အကျခံ တည်ဆောက်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကလေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စနေမင်း**

နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပတ္တာကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်က သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

တို့နောက် လယ်ဝေးမြို့နယ် လဝကဦးစီးအရာရှိ ဦးမိုးဆက်နှင့် ဝန်ထမ်းများက ရားချောင်း၊ ပတ္တာ၊ စည်တိုးအောင်ကျေးရွာများရှိ မြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး (One Stop Service) ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၅၄)

ကိုယ့်အားကိုယ်ကိုး လူကူးတံတားဆောက်လုပ်

ဗန်းမောက် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တောင်ပိုင်းတွင်ရှိသော ဒယူးကျေးရွာအနီးတွင် ဒေသခံများက ကိုယ့်အားကိုယ်ကိုး လူကူးတံတားဆောက်လုပ်တားသည့်အတွက်ကြောင့် ရာသီမရွေးသွားလာသည့်အခါများတွင် ဒေသခံတို့အတွက် သာမက အနယ်နယ်အရပ်ရပ်မှ အဆိုပါလမ်းကိုအသုံးပြုသွားလာနေကြသူများသည် အဆင်ပြေချောမွေ့ကာ လွယ်ကူလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ဗန်းမောက်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးသော ဒယူးရွာသည် မိုးရာသီကာလများတွင် လမ်းများမကောင်းသည်အတွက်ကြောင့်ခရီးသွားလာကြသူများသည် ချောင်းငယ်မြောင်းငယ်များကို မြတ်သန်းသွားလာသည်အခါ အခက်အခဲများရှိသလို ဆောင်းရာသီနှင့် နွေရာသီကာလများမှာလည်း အဆိုပါချောင်းငယ်သည် ခရီးသွားများအတွက် အဟန့်အတားများဖြစ်ခဲ့သည်။

ယခုအခါတွင် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး သစ်သားတံတားတစ်စင်းကို ဆောက်လုပ်တားသောကြောင့် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လမ်းကို

အသုံးပြုသွားလာနေကြသည် ခရီးသည်များမှာလည်း သွားလာရေးများ အဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။ (လ-၀၀၂)

ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအမြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်နိုင်ရေးအတွက် ကြိုးဝမ်းဆောင်ရွက်မှုများနှင့်ဝတ်သက်၍ ရှင်းလင်းမြောကြားသည်။

ဖျော်ဖြေ

တို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဒုတိယမြို့နယ်ပညာရေးမှူး ဦးသောင်းငွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းနှင့်ကျေးရွာနေ အလှူရှင်များက ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပညာရေးစုံညီပွဲတော်ကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **တင်မောင်လွင်**

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

ဟိုတယ်ဖွင့်ပွဲ၊ အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲ ပိတ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီးသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ငွေဆောင်မြို့နယ်ရှိ All Season ဟိုတယ်သို့ ရောက်ရှိပြီး ဟိုတယ်ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် All Season Managing Director ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဟိုတယ်လုပ်ငန်းများ တိုးတက်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပေးအပ်

ထို့နောက် ဧရာဝတီဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် သုံးသိန်းနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ် သုံးသိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် Cheer Girls ကျောင်းသူလေးများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကြော်ငြာများ စိုက်ထူရာတွင် ဆိုင်းဘုတ်တစ်ခုနှင့်တစ်ခု ပေ ၁၀၀၀ အကွာအဝေးတွင် စိုက်ထူခွင့်ပြုပြီး ဆိုင်းဘုတ် အရွယ်အစားများအမြစ် ပေ (၃၀×၁၅) နှင့် ပေ (၆၀×၂၀) နှစ်မျိုးအနက် တစ်မျိုးကိုခွင့်ပြုပေးသွားမည်ဖြစ်ရာ ကြော်ငြာစိုက်ထူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိစိုက်ထူလိုသော တည်နေရာ/မိုင်တိုင်/အရွယ်အစားဖော်ပြ၍ ကြိုတင်ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ စိုက်ထူတားရှိသည့် ကြော်ငြာဆိုင်းဘုတ် လုပ်ငန်းရှင်များ

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး နယ်နိမိတ်အတွင်း စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်များ ခွင့်ပြုချက်ရယူရန်နှင့် အခွန်ငွေပေးသွင်းရန်လို

အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် သက်တမ်းတိုးလိုပါက လက်ရှိ အရွယ်အစားများအစား အပိုဒ် (၁) တွင် ဖော်ပြတားသည့် အရွယ်အစားနှစ်မျိုးအနက် တစ်မျိုးကိုသာ ဆက်လက်စိုက်ထူခွင့်ပြုမည်ဖြစ်သည်။ သို့ဖြစ်၍ကြော်ငြာလုပ်ငန်းရှင်များအနေဖြင့် ယခင်ကြော်ငြာတားသော ဆိုင်းဘုတ်အရေအတွက်အလိုက် ဓာတ်ပုံနှင့်တကွ ဖော်ပြ၍ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးတားရှိ၍ ဆက်လက်စိုက်ထူခွင့်ရရှိရေး ပြည်သူဆောက်လုပ်ရေးလုပ်ငန်း၊ ခွန်၊ တိန်း/ကျောက်ထုတ်ဦးစီးသို့ အမြန်လာရောက်ဆက်သွယ်ရမည်ဖြစ်သည်။

ယာဉ်ရပ်နားစခန်းများတွင် စိုက်ထူသည့် ကြော်ငြာများသည်လည်း သတ်မှတ်အရွယ်အစား နှစ်မျိုးအနက် တစ်မျိုးကိုသာ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ကြော်ငြာတစ်ခုနှင့်တစ်ခု အကွာအဝေးအား လိုအပ်သည်အကွာအဝေးသတ်မှတ်တားရှိ စိုက်ထူခွင့်ပေးသွားမည်ဖြစ်သည်။

ကြော်ငြာခ သတ်မှတ်နှုန်းတားမှာ တစ်နှစ် ၁ စတုရန်းပေလျှင် ငွေကျပ် ၅၀၀၀ နှုန်း သတ်မှတ်တားရှိကြောင်းနှင့်စိုက်ထူလိုပါက ခွန်၊ တိန်း/ကျောက်ထုတ်ဦးစီးရုံး အမှတ်(၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၄၇၁ နှင့် ၀၆၇- ၄၀၇၀၇၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးလူထုလှုပ်ရှား ဆန္ဒပြပွဲအတွင်း မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို သေနတ်ကျည်သုံးချက်ထိမှန်

ဗန်ကောက် ဇန်နဝါရီ ၁၈

ထိုင်းနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးလူထုလှုပ်ရှား ဆန္ဒပြပွဲဖြစ်နေသည် ဇန်နဝါရီ ၁၁ ရက် ထိုင်းစံတော်ချိန် နံနက် ၅ နာရီ ဝန်းကျင်က နှစ်ဖက်လူတုအတွင်းမှ မည်သည်နေရာမှ တွက်ပေါ်ခဲ့သည် မသိသော သေနတ်ကျည်ဆန်မှာ ခေါင်းခွမ်ဈေးအနီး လမ်းမတန်းတွင် ညဘက်အလုပ်ဆင်းနေသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကံ့ပုကိုးကျေးရွာသား ကိုမျိုးမင်း (၂၇ နှစ်) အား ပေါင်တွင်တစ်ချက်၊ လက်မောင်းတစ်ချက်၊ ဗိုက်တစ်ချက် သုံးချက်တိမှန်ခဲ့ကာ ဒဏ်ရာများရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) ၏ ပြောပြချက်အရ သိရသည်။

ထို့နောက် သက်ဆိုင်ရာ လူနာတင်ယာဉ်မှ ဗန်ကောက်မြို့ လာမားဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး အလုပ်ရှင်မှ သက်ဆိုင်ရာရဲစခန်းကို အကြောင်းကြား ပေးခဲ့ကြောင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေနှစ်သောင်း လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

အဆိုပါ လာမားဆေးရုံတွင် ဆက်လက်ဆေးကုသမှုခံယူနေသော မြန်မာအမျိုးသားက လာရောက်ကူညီပေးပါရန် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့သို့ ဖုန်းဆက်လာသဖြင့် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့မှ နာယက ဆရာတော် ဦးဇောတိက (အောင်သပြေကျောင်းဆောင်)နှင့် အဖွဲ့ဝင်တစ်ဦးတို့က သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေဘတ် ၂၀၀၀ တို့ကို လှူဒါန်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအချင်းချင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်များ ဆက်လက်ကူညီလှူဒါန်းလိုပါက ဒဏ်ရာရ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကံ့ပုကိုးကျေးရွာသား ကိုမျိုးမင်း၏ လက်ရှိအသုံးပြုနေသော ထိုင်းဖုန်း-၀၈၅၁၃၆၅၄၆၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အောင်သပြေကျောင်းဆောင် ဆရာတော် ဦးဇောတိက ဖုန်း-၀၈၂ ၄၉၅၆၂၈၉ သို့လည်းကောင်း၊ ထိုင်းနိုင်ငံရောက်မြန်မာများအဖွဲ့ (MAT) အဖွဲ့ဝင်မင်းဘခက် ဖုန်း-၀၈၇ ၃၁၂ ၁၁၇၉ သို့လည်းကောင်း လှူဒါန်းနိုင်ကြောင်း ဖြင့် ထိုင်းနိုင်ငံရောက် ဖြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand)က ဇန်နဝါရီ ၁၆ ရက်တွင် ဆက်သွယ်ပြောကြားချက်အရ သိရသည်။

စိုးဝင်း(SP)

အခွန်တာလွှာပြည့်ပါမှ လှပသာယာ တို့မြည်မြန်မာ

မော်တော်ယာဉ် ၁၇၃၁၃ စီး သွင်းကုန်ပါမစ်ထုတ်ပေးပြီး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေး ဌာနစိတ်က လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ 1350 CC အောက် ယာဉ်များအပါအဝင် Saloon,Pick Up,Van,Wagon, Light Truck, Box Truck, Extra CAB/Space CAB နှင့် Truck တို့အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၁၇၃၁၃ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီး ဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၉၈၉ သန်းခန့် ထန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရှိရသည်။ **အေးကို(သတင်းစဉ်)**

တရားမဝင်ပစ္စည်းများ တင်သွင်းလာမှု ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံမှ ရန်ကုန်သို့ ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီက ဆိုက်ရောက်လာသည့် လေယာဉ်၌ အကောက်ခွန်မဲ့ပစ္စည်းများ ပါရှိလာပြီး လေယာဉ်ဆိုက်ချိန်တွင် ခရီးသည်/ကုန်ပစ္စည်းများနှင့်အတူ ပုံမှန်လမ်းကြောင်းဖြင့် ထုတ်ယူသယ်ဆောင်ခြင်းမပြုဘဲ လေယာဉ်ပေါ်သို့ ခရီးသည်များ တက်ရောက်သည် Tube အမှတ် (၁) အောက်တွင် ကုန်သေတ္တာ (Cargo box) တစ်ခုအတွင်း ချန်တားခဲ့ပြီး မသမာသောလမ်းကြောင်းဖြင့် လေဆိပ်ပြင်ပသို့ ထုတ်ယူရန်ရှိကြောင်း သတင်းရရှိသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ အဆိုပါကုန်သေတ္တာကို လေယာဉ်ကွင်းအတွင်းမှ ပြည်ပအရေးကြီးပုဂ္ဂိုလ်နားနေဆောင်သို့ သယ်ယူ၍ စစ်ဆေးခဲ့သည်။

အဆိုပါ ကုန်သေတ္တာအတွင်း ခရီးဆောင်အိတ်ရစ်လုံးနှင့် စက္ကူပုံးလေးလုံးတို့ကို တွေ့ရှိခဲ့သဖြင့် X-ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးခဲ့ရာတွင် ဖုန်း Hand Set များနှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိ၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဖုန်းမျိုးစုံ ၆၂၅ လုံး Memory Card (16 GB) ၂၇၃ ခုနှင့် (8 GB) ၁၀၀၀ ခု၊ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ဖော်ပြပါ ပစ္စည်းများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးကင်းစကလေးအား မြေမြှုပ်၍ စွန့်ပစ်ခဲ့

မုဒုံ ဇန်နဝါရီ ၁၈

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄) ကွမ်ကတောင်ရပ်ကွက်၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခွဲက ဆည်မြောင်းဝင်းအတွင်း ဒန့်သလွန်ပင်အောက် ပီလောပီနံပင်များအကြား၌ မွေးကင်းစကလေးငယ်တစ်ဦးအား ပီလောပီနံပင်ကို နှုတ်ပြီး အပင်ရင်းရှိ မြေသားခြောက်လက်မခန့် လက်ဖြင့်ယက်၍ အဝတ်စဖြင့် ပတ်ကာ မျက်နှာဖော်လျက် မြေမြှုပ်တားကြောင်းကို ဆည်မြောင်းဝင်းနေသူ မအိမ်းသူ (၁၂ နှစ်) အခြေခံပညာအလယ်တန်းကျောင်း (ဗိုလ်တေဇ)မှ အဌမတန်းကျောင်းသူသည် ဒန့်သလွန်ပင်တွင် ဒန့်သလွန်သီးခူးရန် သွားရောက်စဉ် ကလေးငိုသံကြားရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ဝန်တမ်းအချို့ကို ပြောပြခဲ့ပြီး ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့မ(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့မရဲစခန်းက ဆည်မြောင်းဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဝတ်စပတ်ကာ မျက်နှာဖော်လျက် မြေမြှုပ်တားသော အသက်ရှင်လျက် မိန်းကလေးတစ်ဦးဖြစ်ကြောင်း၊ ကလေးငယ်အား ကျန်းမာစေရန် မုဒုံမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသတားကြောင်း သိရသည်။ မုဒုံမြို့မရဲစခန်းက စစ်ဆေးတွေ့ရှိချက်အရ မွေးကင်းစမိန်းကလေးငယ်အား သေစေရန်အကြံဖြင့် မြေမြှုပ်ခဲ့သူအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၀၈)**

အရက်အတူသောက်စဉ် စကားများရာမှ ဓားဖြင့်ထိုး၍ သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီခွဲက လှိုင်သာယာမြို့နယ်နေ မအေးသန္တာသည် နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူ ကိုရဲလင်းမှာ ပိတောက်လမ်းတိပ်တွင် ဓားထိုးခံရကာ လဲကျနေကြောင်းကြားသိရသဖြင့် သွားရောက်ကြည့်ရှုရာ ခင်ပွန်းဖြစ်သူတွင် ဝဲနံစောင်းထိုးသွင်းဒဏ်ရာတစ်ချက် ရရှိတားသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

ဖမ်းဆီးစစ်ဆေး

ဖြစ်စဉ်ကို မေးမြန်းစုံစမ်းခဲ့ရာ ခင်ပွန်းဖြစ်သူနှင့် ဂျက်လီ(ခ)ရဲသွေးတို့မှာ ကျန်စစ်သားလမ်းရှိ အရက်ဆိုင်တွင် အတူအရက်သောက်ကြရာမှ စကားများခဲ့ကြောင်း၊ ဆိုင်မှထွက်လာပြီးနောက် ပိတောက်လမ်းထိပ်အရောက်တွင် ဂျက်လီ(ခ)ရဲသွေးက ခင်ပွန်းဖြစ်သူကို ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ခင်ပွန်းဖြစ်သူကို လှိုင်သာယာဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားသဖြင့် အရေးယူပေးရန် မအေးသန္တာက တိုင်တန်းခဲ့၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ မြစ်မှုကျူးလွန်သူ ဂျက်လီ(ခ)ရဲသွေး အလယ်ကျေးရွာ လှိုင်သာယာမြို့နယ်နေသူကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များယိုစိမ့်၍ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာအနီး လေးဖာလုံခန့်အကွာ အမှတ်(၂) မြောက်လမ်းသွားလမ်းမကြီးဘေးအနီး ရေမြောင်းဘေးရှိ အင်းစိန်ရွာမမှ သန်လျင်မြို့နယ် ပဲခူးစရပ်ကွက် မြို့ပတ်လမ်းရှိ သဘာဝဓာတ်ငွေ့ထိန်းသိမ်းရေးစခန်းသို့ သွယ်တန်းတားသော သဘာဝပိုက်လိုင်းမှာ ဆွေးပြည်ပြီး ဓာတ်ငွေ့များယိုစိမ့်နေရာမှ လမ်းဘေးရှိ မြက်ခြောက်များ မီးလောင်ကူးစက်ပြီး ပေ ၆၀ ပတ်လည်ရှိ မြက်ခြောက်များ မီးလောင်ကျွမ်းခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ သန်လျင်မြို့နယ်ရဲစခန်းမှ တာဝန်မှူးအဖွဲ့များ၊ မီးသတ်ဦးစီးမှူးအဖွဲ့များ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ သနပ်ပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ မီးသတ်ကားတစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။ **(ဝဝု)** **ဖြိုးမင်းလတ်(သန်လျင်)**

ပြည်တွင်းသတင်း

မိုးနှောင်းကောင်း၍ အအေးစိုခဲ့သဖြင့် မြေအစိုဓာတ်များရရှိမှုကြောင့် ဖြူးမြို့နယ်တွင် ဆောင်းရာသီစိုက်သီးနှံများ ဖြစ်ထွန်းအောင်မြင်

ဖြူး ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၀၀ ကျော်တို့မှ တောင်သူလယ်သမားများအနေဖြင့် ၂၀၁၃ ခုနှစ် မိုးစပါးများကို ၁၅၃၄၂၆ ဧက စိုက်ပျိုးခဲ့ကြကာ ယခုအချိန်တွင် ရာနှုန်းပြည့်ရိတ်သိမ်းခြွေလှေ့ခဲ့ကြပြီး မိုးစပါးများ အထွက်ကောင်းခဲ့ကြသဖြင့် စပါးဈေးမှာလည်း အသင့်အတင့် ဈေးကောင်းရလျက်ရှိကြ၍ ကျေနပ်ဝမ်းသာ ပီတိဖြာလျက်ရှိကြသည်။

ထို့အပြင် မိုးစပါးများရိတ်သိမ်းအပြီးတွင် ဆောင်းသီးနှံများဖြစ်ကြသည့် ပဲအမျိုးမျိုးကို စိုက်ဧက ၁၁၂၉၆၆ ဧကအထိ ရာသီအမီ ထွန်ယက်စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် မိုးနှောင်း(နောက်မိုး)ကောင်းခဲ့သည့်အပြင် ဆောင်းအအေးပိုခဲ့သဖြင့် မြေဩဇာအစိုဓာတ်များ ကောင်းမွန်ခဲ့သဖြင့် မတ်ပဲစိုက်ခင်းများနှင့် ပဲတီစိမ်း၊ ပဲနောက်စိုက်ခင်းများမှာ အတူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

"ဒီနှစ်ကတော့ ရာသီဥတုအနေဖြင့် ဆောင်းစိုက်ပဲမျိုးစုံအကြိုက်ဖြစ်လို့ လယ်သမားတိုင်း စိုက်ပျိုးခဲ့ကြတဲ့ ဆောင်းစိုက်ပဲမျိုးစုံကတော့ ဖြင်ရတဲ့အတိုင်း အထူးဖြစ်ထွန်းအောင်မြင်ကြပါတယ်ဗျာ။ ပဲပေါ်ချိန်မှာ ဈေးကောင်းရဖို့ပဲ ကျွန်တော်တို့ လယ်သမားများက မျှော်လင့်နေကြပါတယ်" ဟု ဖြူးအနောက်ကွင်းမှ လယ်သမားကြီးတစ်ဦးက ရင်းပြသည်။

မြင့်ဦး(ဖြူး)

သုံးဘီးကားများ ခရီးသည်ပို့ဆောင်ရေးတွင် နေရာမရဖြစ်နေ

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးမြို့တွင် သုံးဘီးမော်တော်ယာဉ်တစ်စီးလျှင် ငွေကျပ်သိန်း ၂၀ နှုန်းနှင့် လွန်ခဲ့သော ၁၀ ရက်ခန့်အတွင်း တစ်ဦးတည်းမှ ၂၅ စီးခန့် ဝယ်ယူစုဆောင်းထားကြောင်း သုံးဘီးမောင်းသူတစ်ဦးထံမှသိရသည်။

ရန်ကုန်မြို့တွင် သုံးဘီးယာဉ်များ အသုံးမပြုရန် ကန့်သတ်ခဲ့ချိန်က နယ်များသို့ သုံးဘီးမော်တော်ယာဉ်များ ထွက်ခွာခဲ့ရာ အများစုမှာ မန္တလေးမြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ သုံးဘီးများမှာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် လုံးဝနီးပါးနေရာမရရှိဘဲ ကုန်စည်ပို့ဆောင်ရေးတွင်သာ အသုံးပြုလျက်ရှိပြီး မန္တလေးတွင် စီးရေ ရာဂဏန်းအောက်တွင်သာရှိနိုင်ကြောင်း နီးစပ်သူများက ခန့်မှန်းသည်။

"ကျွန်တော်တို့ သုံးဘီးမော်တော်ယာဉ်တွေဟာ နှစ် ၅၀ ကျော်ကတည်းက တင်သွင်းအသုံးပြုခဲ့သော ယာဉ်များဖြစ်ကြောင်း၊ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးတာဝန်များ ကျေပွန်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အခွန်အခများများကိုလည်း နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြေးဆွဲနိုင်ရန်အပိုပစ္စည်းအတွက် တွင်ခုတ်၊ အဟောင်းပြင်နှင့်သာ စခန်းသွားနေရကြောင်း၊ အခြားမော်တော်ယာဉ်များ အပ်ကားအဖြစ်လက်ခံသလို သုံးဘီးတွေကိုလည်း အပ်ကားအဖြစ် လက်ခံစေချင်ပါကြောင်း၊ အပ်ကားစလစ်ဈေး ငွေကျပ်သိန်း ၇၀ ဝန်းကျင်ရှိချိန်မှာ မိမိတို့ သုံးဘီးယာဉ်များ ငွေကျပ်သိန်း ၂၀ သာရပါကြောင်း၊ ထိုငွေနှင့် အခြားမော်တော်ယာဉ်တစ်စီး ဝယ်ယူပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း" ဟု သုံးဘီးလုပ်ကိုင်သူများက ရင်ဖွင့်ကြသည်။

သုံးဘီးယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဟ/. . နံပါတ်များဖြင့် ခွင့်ပြုပေးထားပြီး မာဇဒါ ၃၆၀နှင့် ဟမ်းဘီး အမျိုးအစားနှစ်မျိုးကို တွေ့ရသည်။

အေးမြ(မန္တလေး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၅၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၆၈-၃၁	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၉၉	ကျပ်
ဟောင်ကောင်	တစ်ယွမ်	၁၆၀-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၂၉၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (ဘုရင့်နောင်ကုန်စည်ဒိုင်ဈေး)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၃၉၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၄၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၂၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၃
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၇၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၃၀-၁၀၅၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၆၈၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၈၀၀-၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၈၈-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

6G-9999 နံပါတ် ငွေကျပ် ၅၆ သိန်းဖြင့်ဝယ်ယူ

ရန်ကုန် ဇန်နဝါရီ ၁၈

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)သည် နိုင်ငံတော်အတွက် ဖြည်းသူ့ဘဏ္ဍာငွေ ပိုမိုရရှိစေရန်နှင့် ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ အပူးဂဏန်းနှင့် ရွေးဂဏန်းနံပါတ်များကို ပွင့်လင်းမြင်သာစွာဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ကညန ရန်ကုန်(ရုံးချုပ်)ရှိ ဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် 6G-9999 နံပါတ်ကို ငွေကျပ် ၅၆ သိန်းဖြင့် ယာဉ်ပိုင်ရှင်တစ်ဦးက ဝယ်ယူသွားကြောင်း၊ အလားတူ 5G-5555 နံပါတ်ကို ငွေကျပ် သိန်း၄၀ဖြင့် လည်းကောင်း၊ 5G-7777 နံပါတ်ကို ငွေကျပ်သိန်း ၄၀ ဖြင့်လည်းကောင်း၊ 5G-8888 နံပါတ်ကို ငွေကျပ် ၃၆ သိန်းဖြင့်လည်းကောင်း၊ 5G-9999 နံပါတ်ကို ငွေကျပ် ၅၂ သိန်းဖြင့်လည်းကောင်း ယာဉ်ပိုင်ရှင်များက ဝယ်ယူကြသည်။ ကညနဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် ကနဦး မှသေနောက်ဆုံးနံပါတ်များမှာ 4G-4678နှင့် DD-4586 ရောက်ရှိကြောင်း အဆိုပါဌာနမှသိရသည်။ **အေးကို**

ရွှေခြေတော်စည် - ကျိုက်ထီးရိုး / ရွှေစက်တော်ဖူးပွဲ

Jan 24,31
Feb 2,7,11

ကံကောင်း
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြို့သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ကန့်ကွက်နိုင်ဝါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ ၁၂(ကမာရွတ်)၊ အေးရိပ်မွန်အိမ်ရာအပိုင်း(၂)၊ မြေကွက်အမှတ် ၂၆၉၊ ဧရိယာ ၀ ဒသမ ၁၃၈ဧက နှစ်၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးမော်ဂန်(ခ) ဦးတင်စိုးဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၃၉၂၃/၂၀၁၃)တင်ပြ၍ ဒေါ်သဇင်သန်း ၁၂/လမတ(နိုင်)၀၀၉၅၁၈အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သွေးသည် အသက်

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

1875 HOTLINE 1876 HOTLINE 1877 HOTLINE

Blue Ocean Operating Management Co.,Ltd.

ဖြူးဆရာတော်ကြီး၏ တပည့်ကြီးဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့်ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ Ph.D, INDIA အရှင်သူမြတ်သည် ၂၀-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ရက် တာချီလိတ်မြို့ ဓမ္မသဘင်၊ ကျိုင်းတုံမြို့၊ ကောင်းမှုခန်းဓမ္မာရုံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း(၂၂-၁-၂၀၁၄)ရက်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ဖုန်း-၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်နိုင်ပါသည်။

အစိမ်းကျယ်ရောင်းမည်

Ph-09-5053076

ပုဂံရှေးဟောင်းနန်းတော်ကြီးသို့ ပြည်တွင်းပြည်ပ ဧည့်သည်များ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုများ ပြုလုပ်လျက်ရှိ

ပုဂံ ဇန်နဝါရီ ၁၈

ပထမမြန်မာနိုင်ငံတော်ကြီးကို တည့်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ ရွှေနန်းတော်ကြီး ရေးမူလလက်ရာမပျက် တည်ဆောက်ထားပြီး ပြည်တွင်းပြည်ပဧည့်သည်များ စိတ်ဝင်တစားလှေ့လာစေရန် ညစဉ် ပုဂံ အက၊ ခုနစ်တွေအကနှင့် ရေးဟောင်းယဉ်ကျေးမှုပြိုကွက်များဖြင့် ပြသကပြလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

“ကျွန်မတို့ တစ်ပတ်လုံး ဖျော်ဖြေမယ့်ရက်တွေခွဲထားပါတယ်။ စနေ၊ တနင်္ဂနွေနေ့တွေမှာဆို ဘုရင်ထိုင်းခန်းလှည်လည်ခန်း၊ ညီလာခံကျင်းပပုံ အခမ်းအနားနဲ့ မြန်မာအကအလှများဖြင့် ဖျော်ဖြေပါတယ်။ အင်္ဂါ၊ ကြာသပတေးနေ့တွေမှာဆို မြန်မာရာဇဝင်တေးသရုပ်ဖော်အက၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တွေမှာဆို စောင်းဖျော်ဖြေပွဲများဖြင့် ညစဉ် ၇ နာရီမှ ၉ နာရီအထိ ဖျော်ဖြေတင်ဆက်ပါတယ်။ ဧည့်သည်များ အဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများလည်း ရောင်းချပေးပါတယ်။ စနေ၊ တနင်္ဂနွေနေ့တွေမှာဆိုဘိသိက်ဆောင်မှာ ဘိသိက်အခမ်းအနားများ ကျင်းပပုံ၊ ပဥ္စပါသာဒအဆောင်မှာ ညီလာခံကျင်းပပုံ၊ အခမ်းအနားများ တောင်စမုခ်ဆောင်မှာ ဘုရင်မင်းမြတ်က စစ်သူကြီးအား ဆုချီးမြှင့်ပုံများ ပြီးတော့ အလံများနဲ့ စီတန်းလှည့်လည်ပြီး စတိတ်စင်မှာ ကပြပါတယ်။ နိုင်ငံခြားသားတွေ အများအပြားလာရောက်ကြည့်ရှုကြပါတယ်” ဟု မဇင်မိုးသူ (ပုဂံမြန်မာကမ္ဘာ မန်နေဂျာ)က ပြောပြသည်။

“နေ့ပိုင်းမှာလည်း မြင်းလှည်းစီးတာ၊ ပုဂံခေတ်အဝတ်အစားဝတ်ဆင်ပြီး အမှတ်တရဓာတ်ပုံရိုက်၊ ကိန္နရီအဝတ်အစားခေါင်းစည်း၊ လည်စည်းစတာတွေ ဝတ်ဆင်ဖို့ ဒီက ဝန်ထမ်းတွေက ဝတ်ဆင်ပေးပါတယ်။ ဝတ်စုံငှားခတော့ပေးရပါတယ်။ ဒီပုဂံနန်းတော်ကြီး ပြင်ဆင်မှုအပိုင်းမှာ အရင်က မီးမရဘူး။ အခမ်းတွေ တပ်ဆင်ထားပါတယ်။ တိုင်းနိုင်ငံဗန်ကောက်မှ ပညာရှင်ခေါ်ပြီး လိုက်တင်ပြင်ဆင်မှုတွေလုပ်ပါတယ်။ နိုင်ငံခြားပညာရှင်များထံမှ အကြံဉာဏ်တွေတောင်းပါတယ်။ နောက်ပိုင်း ဧည့်သည်တွေ အတူးစိတ်ဝင်စားလာအောင် မြန်မာ့ရိုးရာရေးဟောင်းယဉ်ကျေးမှုများကို ဖော်ထုတ်ပြသသွားဖို့ အစီအစဉ်တွေရှိပါတယ်” ဟု ၎င်းကဆက်လက်ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုတန်းသိမ်းစောင့်ရှောက်ဖော်ထုတ်လျက်ရှိသည်။ ကမ္ဘာတွင် မြန်မာဟု သိလာကြသည်မှာ ရေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံဒေသသည် အဓိကကျမည်ဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်တောင်ခဲ့သော အနော်ရတာမင်းကြီး နန်းတော်ပုံစံအတိုင်း အသစ်တည်ဆောက်ထားသော ပုဂံရွှေနန်းတော်ကြီးသို့ ပြည်တွင်း ပြည်ပဧည့်သည်များ ပုဂံသို့ရောက်ရှိပါက တစ်ခေါက်တစ်ခါလေ့လာကြည့်ရှုသင့်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

သတင်း–ကျော်သူဝင်း
ဓာတ်ပုံ– ရာမည

နိုဗိဇ်ကြီးသားပိသဇ္ဇာ အခွန်ထမ်းဆောင်တာ စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၆၂)နှစ်မြောက် ကယားပြည်နယ်နေ့ ကန္တရဝတီအလှမယ်ပြိုင်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၈

(၆၂)နှစ်ပြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကန္တရဝတ်အလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကန္တရဝတီအလှမယ် ၁၆ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဖျော်ဖြေ

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အလှမယ်များ သတ်မှတ်ကိုယ်ဟန်လေးမျိုးဖြင့် ယှဉ်ပြိုင်ကြပြီး လွိုင်ကော်တက္ကသိုလ် ကျောင်းသား ကျောင်းသူလေးများက သွေးချင်းတို့၌ာနီ ပြန်မာပြည်အကဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပဏာမရွေးချယ်မြင်းခံရသော ပြိုင်ပွဲဝင်အလှမယ် ၁၀ ဦးက စိတ်ကြိုက်ကိုယ်ဟန်သုံးမျိုးဖြင့် ဆက်လက်ယှဉ်ပြိုင်ကြပြီး လွိုင်ကော်တက္ကသိုလ် ကျောင်းသား ကျောင်းသူလေးများက ကယန်းနှစ်သစ်ကူးအကဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အထူးဆုရရှိသော အလှမယ်များကို ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ပြင့်ရွှေနှင့် ဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ပြီး ပတမ၊ ဒုတိယ၊ တတိယဆုရရှိသော ကန္တရဝတီအလှမယ်များအား မြည်နယ်စာရင်းစစ်ချုပ် ဒေါ်ကြည်ကြည်က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)** **(ပြည်နယ် ပြန်/ဆက်)**

နိုင်ငံတကာအားကစားသတင်း

လာလီဂါပွဲစဉ် (၂၀) မှာ မက်ဆီ ဂိုးသွင်းမေးဦးမှာလား

စပိန်လာလီဂါပွဲစဉ် (၂၀) လက်ကျန်ပွဲတွေကို ဇန်နဝါရီ ၂၀ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်လို့ ဘာစီလိုနာဟာ လီဗန်တေးကွင်းမှာ သွားကစားရပေမယ့် နိုင်ပွဲဆက်မယ့် အနေအထားရှိနေပါတယ်။ ဒါ့အပြင် တန်းစီဇယားဒုတိယနေရာက အက်သလက်တီကိုတို့ကတော့ မိမိကွင်း မိမိပရိသတ်ရှေ့မှာ ဆီဗီလာကို အနိုင်ယူဖို့ဆိုတာ လွယ်လွယ်ကူကူနဲ့တော့ ဖြစ်လာမှာမဟုတ်တာမို့ ရင်ခုန်စရာပွဲစဉ်တွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။

လီဗန်တေးနှင့် ဘာစီလိုနာ

လီဗန်တေးကွင်းမှာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဘာစီလိုနာတို့သွားကစားခဲ့တဲ့ပွဲတိုင်း ရှုံးပွဲမရှိခဲ့ပါဘူး။ ဘာစီလိုနာဟာ ဒီနှစ်မှာ အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းပြကစားနိုင်နေပြီး အဝေးကွင်းမှာ ဒီနှစ်ဘောလုံးရာသီအတွင်း ရှုံးပွဲတစ်ပွဲသာရှိထားပါတယ်။တန်းစီဇယားအဆင့် ၁၀ မှာ ရပ်တည်နေတဲ့ လီဗန်တေးဟာ အိမ်ကွင်းမှာ ဘာစီလိုနာကို အခက်တွေ့အောင်ကစားနိုင်ပေမယ့် အနိုင်ရလဒ်ကို မျှော်မှန်းအကောင်အထည်ဖော်ဖို့ မလွယ်ပါဘူး။ ပထမအကျော့ ဘာစီလိုနာကွင်းမှာ သွားကစားတဲ့ လီဗန်တေးရဲ့ ပွဲရလဒ်က ခုနစ်ဂိုးပြတ်ရှုံးနိမ့်ထားတာမို့ ဒီပွဲမှာလည်း အဲဒီရှုံးကြေးကို မချေဖျက်နိုင်တဲ့အပြင် ဂိုးမပြတ်ရေးကိုပဲ အာရုံစိုက်ရမှာဖြစ်ပါတယ်။ ဘာစီလိုနာတို့က တိုက်စစ်မှူး မက်ဆီအပါအဝင် ကစားသမားအစုံအလင်နဲ့ ပွဲထွက်နိုင်နေပြီဖြစ်လို့ လီဗန်တေးတို့ခံစစ်ကြောင်း ခိုင်မာတောင့်တင်းအောင် ပြင်ဆင်တည်ဆောက်ပြီး အကောင်းဆုံး တွန်းလှန်နိုင်ဖို့ပဲ ကြိုးစားရမှာဖြစ်ပါတယ်။ လီဗန်တေးဟာ အိမ်ကွင်းခြေစွမ်းပြနိုင်တဲ့ အသင်းတွေထဲမှာပါဝင်ပြီး ပြိုင်ဘက်ကို ကောင်းကောင်း ဒုက္ခပေးနိုင်တဲ့ အသင်းဖြစ်တာမို့ ဘာစီလိုနာဟာ ဒီပွဲမှာ ရလဒ်ပြတ်သားဖို့မလွယ်ပါဘူး။ ဒါပေမယ့် ဘာစီလိုနာတို့အနိုင်ပါ။

အက်သလက်တီကိုနှင့် ဆီဗီလာ

တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာနဲ့ ပွဲတူအမှတ်တူဖြစ်နေပြီး ပွဲတိုင်းဖိအားပေးနေတဲ့ အက်သလက်တီကိုဟာ ဒီပွဲမှာလည်း အမှတ်ပြည့်ယူဖို့ အားထုတ်မှာသေချာပါတယ်။ ဒီနှစ်လာလီဂါမှာအိမ်ကွင်းရှုံးပွဲမရှိအောင် ကစားနိုင်နေတဲ့ အက်သလက်တီကိုဟာ အကောင်းဆုံးခံစစ်ကိုလည်း တည်ဆောက်ထားနိုင်ပါတယ်။ ဒါ့အပြင်တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေကလည်း ကောင်းမွန်နေတာမို့ အဝေးကွင်းရလဒ်မကောင်းတဲ့ ဆီဗီလာတို့အကြိတ်အနယ်ရုန်းကန်ရဖို့ ရှိနေပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားအားကောင်းပြီးနားလည်မှုရှိရှိကစားတတ်တဲ့ ဆီဗီလာကို အက်သလက်တီကိုတို့ လျှော့တွက်ရင် မမျှော်လင့်တဲ့ရလဒ် ရရှိသွားနိုင်ပြီး အမှတ်ခွဲပေးသွားနိုင်ပါတယ်။

အက်သလက်တီကို ကွင်းမှာ သရေပွဲတွေရအောင်ကစားနိုင်ခဲ့တဲ့ မှတ်တမ်းတွေ အများအပြားရှိတာမို့ ဆီဗီလာဟာ အမှတ်ရရှိရေး အစွမ်းကုန် အားထုတ်မှာ သေချာနေပါတယ်။ အိမ်ရှင်တို့အတွက် ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ပေမယ့် ခက်ခဲပါလိမ့်မယ်။

မိုးမြင့်လင်းလက်

မော်ရင်ဟို ချယ်လ်ဆီးမှ ထွက်ခွာမည်မဟုတ်

ချယ်လ်ဆီးနည်းပြကြီး မော်ရင်ဟိုက သူ့အနေဖြင့် ချယ်လ်ဆီးအသင်းတွင် ကြာကြာနေမည်ဖြစ်သကဲ့သို့ ချယ်လ်ဆီးကိုခွာပြီး ဘယ်မှမသွားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပေါ်တူဂီသား အသက် ၅၀ ရှိ မော်ရင်ဟိုသည် ၂၀၀၇ ခုနှစ်က ချယ်လ်ဆီးမှ ထွက်ခွာသွားပြီးနောက် ဒုတိယအကြိမ် ချယ်လ်ဆီးနည်းပြဖြစ်လာခြင်း ဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်လုံးရအောင် ကြိုးစားပေးခဲ့သူဖြစ်သည်။ ၂၀၁၃ ခုနှစ်က ချယ်လ်ဆီးအသင်းနည်းပြလုပ်ရန် ဒုတိယအကြိမ်ပြန်ရောက်လာခြင်းဖြစ်သည်။ ၎င်းသည် အင်တာမီလန်နှင့်ရီးရဲမက်ဒရစ်တို့တွင်လည်း နည်းပြလုပ်ခဲ့သည်။ "ကျွန်တော့်ကိုချစ်တဲ့သူတွေ ချယ်လ်ဆီးမှာရှိနေသရွေ့တော့ ကျွန်တော်ဘယ်ကိုမှ မသွားပါဘူး" ဟုလည်း မော်ရင်ဟိုက ဆိုသည်။ မော်ရင်ဟိုသည် ၂၀၀၄ ခုနှစ်က ပေါ်တူဂီကလပ် ပေါ်တိုကိုချန်ပီယံလိဂ်ဖလားရထူးပေးခဲ့ပြီးနောက် ချယ်လ်ဆီးသို့ ရောက်ရှိလာသည်။ ၎င်းသည် ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလား နှစ်လုံးအပြင် အက်ဖ်အေဖလားကိုလည်း ရယူပေးနိုင်ခဲ့သည်။

ဖက်ဒဲယားနှင့် ရှာရာပိုဗာ နိုင်ပွဲများရ

နာမည်ကြီးတင်းနစ် အကျော်အမော်များဖြစ်သည့် ရော်ဂျာဖက်ဒဲယားနှင့် ရှာရာပိုဗာတို့သည် ဩစတြေးလျအိုးပင်းတွင် အသီးသီးအနိုင်ရပြီး နောက်တစ်ဆင့် တက်လှမ်းသွားပြီဖြစ်သည်။

ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက ရုရှားမှ ဂါဗက်ဗီဗီအား ၆-၂၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသည်။ ထိုအတောအတွင်း ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ပြင်သစ်မှ အလစ်ကော်နက်ကို အကြိတ်အနယ်ကစားပြီး ၆-၁၊ ၇-၆ ဖြင့် နောက်ဆုံး ၁၆ ဦး ပြိုင်ပွဲသို့ တက်လာသည်။

၂၀၀၈ ခုနှစ် ချန်ပီယံ ရှာရာပိုဗာသည် ပထမပွဲငယ်တွင် ၃၂ မိနစ်ကြာအောင် ကစားခဲ့ရသည်။ ဆားဘီးယားမှ ယန်ကိုဗစ်က ဂျပန်မှ ကုရူမီနာရာကို ၆-၄၊ ၇-၅ဖြင့် နိုင်သည်။

ကောင်းမြတ်သူ-စုစည်းသည်

နေမာ တစ်လနား

ဘာစီလိုနာတိုက်စစ်မှူး နေမာသည် ဝဲဘက်ခြေမျက်စိထိခိုက်ဒဏ်ရာရရှိသွားသဖြင့် တစ်လကြာနားရမည်ဖြစ်၍ အနည်းဆုံးပြိုင်ပွဲ ငါးပွဲနှင့် လွဲချော်မည်ဖြစ်ကြောင်း ၎င်းအသင်းက ပြောကြားသည်။ အသက် ၂၁ နှစ်ရှိ ဘရာဇီးနိုင်ငံသား တိုက်စစ်မှူး နေမာသည် ဂီတာဖေးအသင်းနှင့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။ ယင်းဒဏ်ရာကြောင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် မန်စီးတီးနှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရန် မသေချာပေ။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၂ — ဇန်နဝါရီ၁၉

ဆွမ်ဆီး	-	စပါး	ည ၈း၀၀
ချယ်လ်ဆီး	-	မန်ယူ	ည ၁၀း၃၀

ပြင်သစ်လီဂူး ပွဲစဉ်-၂၁ — ဇန်နဝါရီ၁၉/၂၀

ရိမ်းစ်	-	လိုင်ယွန်	ည ၇း၃၀
တူးလော့စ်	-	မိုနာကို	ည ၁၀း၃၀
ပီအက်စ်ဂျီ	-	နန့်ထက်စ်	နံနက် ၂း၃၀

အီတလီစီးရီးအေ ပွဲစဉ်-၂၀ — ဇန်နဝါရီ၁၉/၂၀

ဆူဗီးနိုစ်	-	လာဇီယို	ညနေ ၆း၀၀
အတ္တလန္တာ	-	ကက်ဂလီယာရီ	ည ၈း၃၀
ကာတာနီးယား	-	ဖီအိုရင်တီးနား	ည ၈း၃၀
ဂျီနိုအာ	-	အင်တာ	ည ၈း၃၀
ဘိုလော့ဂ်နာ	-	နာပိုလီ	ည ၈း၃၀
ချီယေဗို	-	ပါးမား	ည ၈း၃၀
ဆက်ဆူအိုလို	-	တိုရီနို	ည ၈း၃၀
အေစီမီလန်	-	ဗီရိုနာ	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်-၂၀ — ဇန်နဝါရီ၁၉/၂၀

ဂီတာဖေး	-	ဆိုစီဒက်	ညနေ ၅း၃၀
ဗီလာရီးရဲလ်	-	အယ်လ်မာရီးယား	ည ၁၀း၃၀
လီဗန်တေး	-	ဘာစီလိုနာ	နံနက် ၀၀း၃၀
အက်သလက်တီကို	-	ဆီဗီလာ	နံနက် ၂း၃၀

ဇန်နဝါရီ ၁၈ ဘောလုံးပွဲရလဒ်များ

စိန့်အက်တီယန်	၂-၀	လိုင်လီ
မာလာဂါ	၀-၀	ဗလင်စီယာ

ဆက်ဆူအိုလို Vs တိုရီနို

ပွဲစဉ် (၁၉) အပြီးမှာ တိုရီနိုအသင်းက ရမှတ်၂၆မှတ်နဲ့ အဆင့် ၇ မှာ ရှိနေပြီး ဆက်ဆူအိုလိုမှာ ရမှတ် ၁၇မှတ်နဲ့ အဆင့်၁၇ တန်းဆင်းဇုန်နားမှာ ရပ်တည်နေပါတယ်။ တိုရီနို နောက်ဆုံးအဝေးကွင်းငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီ ဆက်ဆူအိုလို အိမ်ကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးထားပါတယ်။ ဆယ်နှစ်အတွင်း သူတို့နှစ်သင်း အိမ်ကွင်းအဝေးကွင်းတွေ့ဆုံမှု ခုနစ်ပွဲမှာ တိုရီနိုအသင်းက လေးပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ တိုရီနိုခြေစွမ်းဟာ ဒီရာသီမှာ တိုးတက်လာပြီး အသင်းကြီးတွေတောင်ဟန့်တားနိုင်လို့ ဧည့်သည်တို့ အမှတ်ပြည့်ယူနိုင်မှာပါ။

၂၀၁၄ ခုနှစ် နှစ်သစ်အထူးအခွင့်အရေး
(အရင်းအနှီးမလို၊ နေရာရှိရုံမျှဖြင့် လုပ်ငန်းရှင်ဖြစ်နိုင်ပြီ)

၁။ အမြို့မြို့အနယ်နယ်မှ စိတ်ပါဝင်စားသူများအား ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။

၂။ မိမိတို့ ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်က မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးပြီး လူမျိုးမရွေး၊ ဘာသာမရွေး စားသောက်သုံးစွဲနိုင်သော ပြည်ပမှ မှာယူတင်သွင်းသည့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများစသည့် ပစ္စည်းအမျိုးပေါင်း ၁၃၀ကျော်ကို အမြို့မြို့အနယ်နယ်တွင် ဖြန့်ဖြူးပေးမည့် ကိုယ်စားလှယ်များအလိုရှိပါသည်။

၃။ ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ကုန်ပစ္စည်းတစ်ခုခုကို ဖြန့်ဖြူးရောင်းချဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေးပါမည်။ သို့ဖြစ်ပါ၍ မိမိရပ်ရွာဒေသအတွင်း ကုန်ပစ္စည်းလိုက်လံဖြန့်ဖြူးရောင်းချသော လုပ်ငန်းကို စိတ်အားထက်သန်သူဖြစ်ရပါမည်။

၄။ စိတ်ပါဝင်စားသူများအနေဖြင့် ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်၍ မိမိ၏ အခြေအနေနှင့် ဖြန့်ဖြူးမည့် နည်းလမ်းများကို အသေးစိတ်တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ပါသည်။

ဆက်သွယ်ရန် ။	ဒုတိယမန်နေဂျင်းဒါရိုက်တာ	ဖုန်း-၀၁-၆၅၇၈၃၄၊
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၈၃၀၂၂၁၇
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၄၅၀၉၉၃၀၁၀
	ဖြန့်ဖြူးရေးဌာနကြီးမန်နေဂျာများ	ဖုန်း-၆၅၇၃၁၁၊ ၆၅၇၃၁၂၊ ၆၅၇၃၂၂၊ ၆၅၇၃၁၄-၁၉ Ext: ၃၇၈/၃၇၉

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်

ကျောင်းသင်ခန်းစာ

၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

မင်္ဂလာပါ။ ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပေးချင်ပါတယ်။

ရူပဗေဒဘာသာရပ် မေးခွန်းက ၂၀၁၃ ခုနှစ် မေးခွန်းပုံစံအတိုင်း ဖြစ်ပါတယ်။ ရူပဗေဒမေးခွန်းမှာ SECTION (A) နဲ့ SECTION (B) အပိုင်း နှစ်ပိုင်း ပါရှိပါတယ်။ SECTION (A) အပိုင်းက (၄) မှတ်တန် မေးခွန်း (၉) ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ် (၉) ကတော့ OR နဲ့ မေးထားတဲ့အတွက် (၂) ပုဒ်ထဲက နှစ်သက်ရာ (၁) ပုဒ်ကိုပဲ ဖြေရပါမယ်။ SECTION (B) မှာတော့ မေးခွန်းတိုင်းမှာ (၈) မှတ်တန် (a) နဲ့ (b) ခွဲထားပြီး တစ်ပုဒ်ကို (၁၆) မှတ် ပေးပါတယ်။ နံပါတ် (၁၀)မှ နံပါတ် (၁၅) ထိ (၆)ပုဒ်ကနေ နှစ်သက်ရာ (၄)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

မေးခွန်း နံပါတ် (၁၅) ကလည်း OR တည်းပြီး မေးတာ ဖြစ်ပါတယ်။ မေးခွန်း (၂) ပုဒ်ကိုပဲ ရွေးပြီး ဖြေဆိုရမှာပါ။ ပထမ နံပါတ် (၁၅) ရဲ့ (a) နဲ့ (b) ကို နောက် နံပါတ် (၁၅) ရဲ့ (a), (b) အတွက် နဲ့ ရောဖြေလို့ မရပါဘူး။

ရူပဗေဒ ဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာ အခန်း (၁) မှ အခန်း (၁၄) ထိရှိပါတယ်။သင်ခန်းစာခေါင်းစဉ်တွေက Mechanics (Power and Pressure), Heat, Waves and Sound, Optics, Electricity and Magnetism နဲ့ Modern Physics စသည်ဖြင့် အပိုင်း (၆) ပိုင်း ခွဲခြားထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီး ပါဝင်အောင် အခန်းတိုင်းက သင်ခန်းစာတွေပေါ် မူတည်ပြီး မေးခွန်းမေးတာ ဖြစ်ပါတယ်။ ရူပဗေဒ ဘာသာရပ်မှာ အလွတ်ကျက်မှတ်ရုံနဲ့ မရဘဲ သဘောတရားကို နားလည်မှ မေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်မှာပါ။ ရူပဗေဒ သဘောတရားကို အခြေခံကျကျ နားလည်ဖို့ အဓိက လိုအပ်ပါတယ်။ Physical quantity တစ်ခုချင်းရဲ့ အခြေခံ concept တွေ နားလည်ထားရင်၊ အချိန်မရွေး မှတ်ဉာဏ်ဖော်ထုတ်နိုင်ပြီး အသုံးချနိုင်ပါတယ်။

ရူပဗေဒ မေးခွန်းတွေမှာ Theory, Definition, Law, Problem, Diagram, ဉာဏ်စမ်းမေးခွန်းတို့ကို ရောပြီး မေးလေ့ရှိပါတယ်။မေးတဲ့ မေးခွန်းတိုင်းကို ဖြေပေးရပါမယ်။ မဖြေမိခဲ့ရင်ရှိရင် အမှတ်ပြည့် မရတော့ပါဘူး။ Law, Definition ကို ဖြေတဲ့အခါ ဖြစ်စေ၊ Discuss, Mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိကျကျ၊ပြည့်ပြည့်စုံစုံ နဲ့ ဖြေမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book) ကို ကြေညက်နေရမယ်။ ဆက်လက်ပြီး သတိထားရမဲ့အချက်တွေကို ပြောပြပါမယ်။

(၁) ရူပဗေဒ မေးခွန်းတွေမှာ Physical quantity တွေရဲ့ unit တွေကို မေးတတ်ပါတယ်။

ဥပမာ **Q** – What are the units of power in different unit systems?

ပါဝါရဲ့ ယူနစ်တွေကို different unit system တွေမှာ မေးတာဖြစ်တဲ့ အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။

Ans: SI system– watt

CGS system – erg per second

FPS system – foot-pound per second

system တစ်ခုချင်းအတွက် unit ကိုသိရမယ်။ unit မေးရင် watt, erg per second စသည်ဖြင့် အပြည့်အစုံ ဖြေရပါမယ်။

(၂) ပုစ္ဆာတွက်တဲ့အခါ ပေးထားချက်တွေမှာ unit system မတူရင်တူအောင် ပြောင်းပေးရပါမယ်။မေးခွန်းတစ်ခုမှာ

Q- If the mass of a string of 1 m length is 0.3 g and its tension is 48 N, find the fundamental (the lowest) frequency of the string.

ပေးထားချက်တွေက

$l = 1$ m, $m = 0.3$ g, $T = 40$ N

ပေးထားချက်မှာ length, mass, time တို့၏ unit system မတူပါ။ ဒါကြောင့် mass unit g ကို kg ပြောင်းပေးရပါမယ်။

$m = 0.3$ g $= 0.3 \times 10^{-3}$ kg

(၃) အချို့ပုစ္ဆာတွေမှာ ပေးထားချက်ကို တိုက်ရိုက်မပေးခဲ့ရင် တတ်ယူတတ်ဖို့ လိုပါတယ်။ ပေးထားချက်ကနေ မေးထားတဲ့အချက်ကို ပြန်တွက်ရမှာပါ။

(က) **Q**. A magnifying glass of focal length 6 cm is used to produce an image which is two times the size of an object. How far must the magnifying glass be placed from the object?

ပုစ္ဆာမှာ magnifying glass လို့ ဖော်ပြထားတဲ့အတွက် lens က convex lens ဖြစ်ပြီး ပုံရိပ်က ပုံရိပ်ယောင် (virtual) ဖြစ်တဲ့အတွက် ချဲ့ကိန်း 'm' ကိုအပေါင်းယူရမယ်။

Ans : $f = +6$ cm (convex lens) , $m = +2$ (erect, virtual)

$$m = -\frac{v}{u}$$

$$2 = -\frac{v}{u}, \quad v = -2u$$

$$\frac{1}{u} + \frac{1}{-2u} = \frac{1}{+6}, \quad u = +3 \text{ cm}$$

The magnifying glass must be placed 3 cm from the object.

(ခ) **Q**- An image which is ten times the size of the object is formed on the wall by a convex lens of focal length 10 cm. (a) How far is the object from the lens? (b) How far is the wall from the lens?

ဒီပုစ္ဆာမှာ နံရံပေါ်မှာပေါ်တဲ့ ပုံရိပ်လို့ ပေးထားတဲ့အတွက် ပုံရိပ်စစ် (real image) ဖြစ်ပါတယ်။ ပုံရိပ်က ဝတ္ထုထက် ဆယ်ဆကြီးပြီး ပုံရိပ်စစ်က ပြောင်းပြန်ပေါ်တဲ့အတွက် ချဲ့ကိန်း $m = -10$ ဖြစ်ပါတယ်။ ပေးထားချက်တွေက

$m = -10$, $f = +10$ cm, $u = ?$, $v = ?$

ရှေ့ကပုစ္ဆာမှာတွက်ခဲ့သလို

$$m = -\frac{v}{u} \text{ နဲ့ } \frac{1}{u} + \frac{1}{v} = \frac{1}{f}$$

formula တွေ သုံးပြီး တွက်ရပါမယ်။

(ဂ) **Q**- Find the total electric potential at the point p in the diagram given below. The value of q is $+5.0 \times 10\text{-}9$ C.

$$(K = \frac{1}{4\pi\varepsilon} = 9 \times 10^9 \text{ Nm}^2\text{C}^{-2})$$



ဒီပုစ္ဆာမှာ charge ရဲ့ပမာဏ ပေးထားပြီး charge တစ်ခုစီနဲ့ point p ၏ အကွာအဝေးကို ပုံမှာ ဖော်ပြထားပါတယ်။ ပထမ charge 'q' နဲ့ point 'P' အကွာအဝေး၊ တတိယ charge 'q' နဲ့ point 'p' အကွာအဝေးကို ပုံကနေ တိုက်ရိုက်ယူလို့ရပါတယ်။ ပေးထားချက်က

$Q_1 = Q_2 = Q_3 = q = +5 \times 10\text{-}9$ C

$r_1 = 10$ cm, $r_3 = 10$ cm

ဒုတိယ charge 'q' နဲ့ point 'P' အကွာအဝေးကထောင့်ဖြတ်ရဲ့ အလျား ဖြစ်လို့ တွက်ယူရပါမယ်။

$r_2^2 = 10^2 + 10^2$

$r_2 = 14.14$ cm

ဆက်ပြီး charge တစ်ခုချင်းစီအတွက် potential ရှာရပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_0}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+5 \times 10^{-9})}{10 \times 10^{-2}} = +4.5 \times 10^2 \text{ V}$$

Positive charge ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ တည့်တွက်ရပါမယ်။ potential က positive potential ဖြစ်ပါတယ်။

$$V_2 = \frac{1}{4\pi\varepsilon_0}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(+5 \times 10^{-9})}{14.14 \times 10^{-2}} = +3.18 \times 10^2 \text{ V}$$

$$V_3 = \frac{1}{4\pi\varepsilon_0}\frac{Q_3}{r_3} = 9 \times 10^9 \times \frac{(+5 \times 10^{-9})}{10 \times 10^{-2}} = +4.5 \times 10^2 \text{ V}$$

V_1, V_2, V_3 ကို ပေါင်းရင် total electric potential ကို ရပါတယ်။

$$V = V_1 + V_2 + V_3 = 4.5 \times 10^2 + 3.18 \times 10^2 + 4.5 \times 10^2 = 1218.15 \text{ V}$$

(၄) အချို့ပုစ္ဆာမှာ အယူအဆများပြီး တွက်တာ တွေ့ရပါတယ်။

Q - Three capacitors have capacitances of 6 μF, 12 μF and 18 μF. (i) Find the equivalent capacitance when they are connected in parallel. (ii) Find the equivalent capacitance when they are connected in series.

Ans : $C_1 = 6$ μF, $C_2 = 12$ μF, $C_3 = 18$ μF

(i) capacitor တွေကို parallel ဆက်ရင် equivalent capacitance 'C' က

$C = C_1 + C_2 + C_3 = 6 + 12 + 18 = 36$ μF

(ii) capacitor တွေကို series ဆက်ရင် equivalent capacitance 'C' က

$$\frac{1}{C} = \frac{1}{C_1} + \frac{1}{C_2} + \frac{1}{C_3} = \frac{1}{6} + \frac{1}{12} + \frac{1}{18}$$

$C = 3.27$ μF

ဒီပုစ္ဆာ တွက်တဲ့အခါ parallel နဲ့ series အတွက် ပုံသေနည်း (formula) ကို resistor နဲ့ မှားပြီး တွက်ကြတာကို တွေ့ရတယ်။formula ကစပြီး မှားတဲ့အတွက် ပေးမှတ် လုံးဝမရတော့ပါဘူး။

(5) Ray diagram ဆွဲရင် သတိထားရမဲ့အချက်တွေ ရှိပါတယ်။ အလင်းတန်းတွေမှာ မြားပါရမယ်။ဝတ္ထုအရွယ်ကိုလည်း မှန်ဘီလူးတက်ငယ်တာပဲ ဆွဲသင့်တယ်။ ပုံရိပ်စစ်၊ပုံရိပ်ယောင် ခွဲခြားဆွဲရမယ်။

ဥပမာပြောရရင်

Q- Draw a ray diagram to show the formation of a real image which is same size as the object formed by a lens.

ဒီမေးခွန်းက မှန်ဘီလူး (lens) တစ်ခုမှာ ဝတ္ထုနဲ့ အရွယ်တူ ပုံရိပ်စစ် (real image) ပေါ်စေတဲ့ ပုံကို ဆွဲရမှာဖြစ်ပါတယ်။ မေးခွန်းမှာ မှန်ဘီလူး (lens) အမျိုးအစားကို ဖော်ပြမထားပါဘူး။ ပုံရိပ်စစ်က မှန်ဘီလူးခုံး (convex lens) မှာပဲ ပေါ်တယ်ဆိုတာ သိရမယ်။မှန်ဘီလူးခုံး (convex lens) ရဲ့ 2F မှာ ဝတ္ထုကိုထားရင် ဝတ္ထုနဲ့ အခြားတစ်ဖက် 2F မှာ အရွယ်တူ ပုံရိပ်စစ် ပေါ်စေတာကို သိသာအောင် ဆွဲပေးရမယ်။ F, 2F, P, OO′, II′ စသည်တို့ကို တင်တင်ရှားရှားတည့်ပေးရပါမယ်။ ပုံမှာ ဝတ္ထုအရွယ်နဲ့ ပုံရိပ်အရွယ်မတူရင် အမှတ်ပြည့်မရနိုင်ပါဘူး။



(၆) အချို့ဖြေဆိုမှုတွေမှာ ပြည့်စုံမှု မရှိတာတွေကိုလည်း ပြောပြပါမယ်။

(က) Q- A moving-coil galvanometer of resistance 20 Ω gives a full-scale deflection when a current of 5 mA passes through it. What modification must be made to it so that it will give a full-scale deflection for (i) a current of 1 A and (ii) a potential difference of 100 V?

Ans : $R_G = 20$ Ω, $i = 5$ mA $= 5 \times 10^{-3}$ A $= 0.005$ A

(i) $I = 1$ A, $r = ?$

$$r = \frac{i R_G}{I - i} = \frac{5 \times 10^{-3} \times 20}{1 - 0.005} = \frac{5 \times 10^{-3} \times 20}{1} = 0.1 \Omega$$

A shunt of 0.1 Ω must be connected in parallel with the galvanometer. ဟု ပြည့်ပြည့်စုံစုံ ဖြေရပါမယ်။ current 1A စီးစေတိုင်းဖို့အတွက် galvanometer ကို 0.1 Ω ရှိတဲ့ shunt နဲ့ပြိုင်ဆက်ပေးရမှာ ဖြစ်ပါတယ်။ ဘယ်လိုဆက်ပေးရမယ်ဆိုတာ တည့်မဖြေရင် မပြည့်စုံတဲ့အတွက် အမှတ်ပြည့်မရတော့ပါဘူး။

(ii) $V = 100$ V, $R = ?$

$$R = \frac{V}{i} - R_G = \frac{100}{0.005} - 20$$

$R = 19980$ Ω $= 19.980$ kΩ ≈ 20 kΩ

A resistor of 20 kΩ(19.98 kΩ) must be connected in series with the galvanometer coil. လို့ဖြေရပါမယ်။

(ခ) **Q**- What is the electric field intensity at a point 0.4 m from a charge of $+7 \times 10^{-5}$ C?

$$(K = \frac{1}{4\pi\varepsilon} = 9 \times 10^9 \text{ Nm}^2\text{C}^{-2})$$

Ans : $Q = +7 \times 10^{-5}$ C , $r = 0.4$ m , $E = ?$

$$E = K\frac{Q}{r^2} \text{ (or) } E = \frac{1}{4\pi\varepsilon}\frac{Q}{r^2}$$ Formula ကို သုံးပြီးတွက်ရပါမယ်။

$$E = 9 \times 10^9 \times \frac{7 \times 10^{-5}}{(0.4)^2}$$ (Charge ရဲ့ လက္ခဏာကို တည့်တွက်စရာမလိုပါဘူး)

$E = 3.94 \times 10^6$ NC⁻¹ (Away From The Charge $+7 \times 10^{-5}$ C)

electric field intensity က vector quantity ဖြစ်တဲ့အတွက် direction ကို ဖော်ပြပေးဖို့ လိုအပ်ပါတယ်။ direction မဖော်ပြခဲ့ရင် အဖြေက ပြည့်စုံမှုမရှိပါဘူး။ direction ကို ဖော်ပြဖို့ မေ့နေတတ်ပါတယ်။

(ဂ) **Q**- Define the focal length of a concave lens.

Ans : The distance between the centre of concave lens and the focus is called the focal length of a concave lens.

အဖြေမှာ- အချို့က the centre of concave lens လို့မဖြေဘဲ concave ကျန်နေတာ တွေ့ရပါတယ်။မေးခွန်းက focal length of a concave lens လို့ တိတိကျကျ မေးတဲ့အတွက် အဖြေမှာလည်း တည့်ရေးဖို့ လိုပါတယ်။

(7) graph ဆွဲဖြေရမဲ့ မေးခွန်းတွေမှာ သတိထားရမဲ့ အချက်တွေရှိပါတယ်။



The exponential nature of radioactive decay curve

radioactive decay curve ပုံကို ဖော်ပြထားပါတယ်။

radioactive decay curve ဆွဲရင် X-axis မှာ အချိန် (time)၊ Y-axis မှာ no. of radons ထားပြီးဆွဲရမယ်။ Y-axis ပေါ်မှာ N0 (1 g) အမှတ်ရှိပြီး X-axis မှာတော့ curve က axis နဲ့ နီးလာရတယ်။အပေါ်ကို ပြန်တက်မသွားရဘူး။ X-axis နဲ့လည်း မထိရဘူး။ graph ရဲ့ တိတဲ့အမှတ်ဆိုရင်လည်း တင်တင်ရှားရှား ရှိရမယ်။ တိသလို၊ မတိသလို သင်ရပ်မှုမရှိဘဲ ဆွဲရင် အမှတ်ပြည့် မရနိုင်တော့ဘူး။

အချစ်ပို (၁၆)သို့

ကျောင်းသင်ခန်းစာနှင့်ကျော်ငြာ

အချပ်ပို (၁၅)မှ

နောက် Ohm's law ရဲ့ သဘာဝပြတဲ့ ဂရပ်ဆွဲရင် X-axis မှာ potential difference ထားပြီး Y-axis မှာ current ထားပြီးဆွဲရမယ်။ မျဉ်းဖြောင့်က origin (0) မှတ်ကို ဖြတ်ရမယ်။ Graph အမည်၊ X-axis၊ Y-axis မှာထားတဲ့ physical quantity တွေကို ထည့်ပြီး ဖော်ပြရမယ်။



Relation between the potential difference and the current

(၈) ရူပဗေဒဘာသာရပ်မှာ definition တို့၊ law တို့ကို စာကျက်ပြီး ဖြေနိုင်တာနဲ့ မလုံလောက်ပါဘူး။ သူ့ရဲ့ concept (သဘောတရား) တွေကို သိဖို့လိုပါတယ်။ ဥပမာအနေနဲ့ ပြောရရင်

(က) The capacitance of a capacitor ကို define လုပ်တာက The capacitance of a capacitor is the ratio of the charge to the potential difference between two conductors of that capacitor.

$$C=\frac{Q}{V}$$

where, C=capacitance of a capacitor
Q=charge
V=potential difference

ဒီdefinition အပြင် capacitor တစ်ခုရဲ့ capacitance က charge (Q) နဲ့ potential difference (V) ပေါ်ကို မမှီခိုဘူးဆိုတာ သိရမယ်။ charge of a capacitor (Q) က potential difference (V) နဲ့တိုက်ရိုက် အချိုးကျတယ်ဆိုတဲ့ concept ကိုသိရမယ်။ capacitance က capacitor ရဲ့ အရွယ်၊ ပုံသဏ္ဌာန်နဲ့ conductors (၂) ခုကြားမှာ ရှိတဲ့ insulator ရဲ့သဘာဝပေါ် မူတည်ပြီး ပြောင်းလဲကြောင်းသိရမယ်။

(ခ) Ohm's law ကိုဖြေတဲ့အခါ

<u>If a conductor is kept at a constant temperature,</u> the current flowing through it is directly proportional to the potential difference between its ends. ဖြစ်ပါတယ်။

အဓိကကျတဲ့ concept တစ်ခုက ဒီ conductor ရဲ့ temperature က constant ဖြစ်နေဖို့ လိုအပ်တယ် ဆိုတာဖြစ်ပါတယ်။

(ဂ) Snell's law ကိုဖြေတဲ့အခါ

<u>For a particular wavelength of light and for a given pair of media,</u> the ratio of the sine of the angle of incidence to the sine of the angle of refraction is a constant.

ဒီ law မှာလည်း အလင်းလိုင်း အလျားတစ်မျိုးနဲ့ ကြားခံနယ် တစ်စုံ အတွက်သာ sin i နှင့် sin r အချိုးဟာ ကိန်းသေဖြစ်ပါတယ်။ အဲဒီကိန်းသေ (constant) က refractive index 'n' ဖြစ်ပါတယ်။ white light က prism ပေါ် ရိုက်တဲ့အခါ white light မှာပါဝင်တဲ့ အရောင်ခုနစ်မျိုးအတွက် refractive index 'n' မတူတဲ့အတွက် အလင်းယိုင်တဲ့ထောင့် မတူပါဘူး။ ဒါကြောင့် ရောင်စဉ် (spectrum) အဖြစ် တွဲထွက်တယ်ဆိုတဲ့ အချက်ကိုလည်း သိရမယ်။

(၉) Circuit diagram တွေဆွဲရင် မထိတာတို့ ပြတ်နေတာတို့ မဖြစ်ရပါဘူး။ current direction ကိုလည်း ဖော်ပြပေးဖို့လိုပါတယ်။ battery တွေရဲ့ symbol မှာလည်း positive terminal နဲ့ negative terminal ကို မှန်တန်အောင် ဆွဲဖို့လိုပါတယ်။ terminal နှစ်ခုရဲ့ အလျားအတူတူ ဆွဲထားရင် capacitor ရဲ့ symbol နဲ့တူသွားမယ်။ အဲဒီလိုမျိုးအတူတူ ဆွဲထားရင် မှားပါတယ်။

ဥပမာအနေနဲ့ forward bias နဲ့ reverse bias ပေးထားတဲ့ p-n junction diode တစ်ခုအတွက် circuit diagram ကို ဖော်ပြထားပါတယ်။ forward bias ပေးဖို့အတွက် battery ရဲ့ positive terminal ကို p-type semiconductor နဲ့ ဆက်ပြီး negative terminal ကို n-type semiconductor နဲ့ ဆက်ရပါမယ်။ reverse bias အတွက်ဆိုရင်တော့ battery ရဲ့ negative terminal ကို p-type semiconductor နဲ့ ဆက်ပြီး positive terminal ကို n-type semiconductor နဲ့ ဆက်ရတယ်ဆိုတာကို သိရပါမယ်။



A junction diode with forward and reverse bias

(၁၀) တွက်ချက်မှုတွေမှာ ပေါင်းနှုတ်၊ မြှောက်စား လွယ်တူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်၊ ဒါကြောင့် အကြိမ်ကြိမ် စစ်ဆေးပေးရန် လိုအပ်ပါတယ်။ အဆင့်ကျော် တွက်တာတွေလည်း ရှိပါတယ်။ အမှတ်တအဆင့်လိုက် ပေးတာဆိုတော့ ကျော်တဲ့အဆင့်အတွက် အမှတ် မရရင် အမှတ်ပြည့်မရနိုင်တော့ပါဘူး။

<u>စာဖြေသူအားလုံးအတွက်</u>

အဖြေသိလျက်၊ ဖြေနိုင်လျက်နှင့် ပေါ့ဆ၍ဖြစ်စေ၊ စိတ်လောနေ၍ဖြစ်စေ၊ ပြန်လည် စစ်ဆေးခြင်း မပြု၍ဖြစ်စေ၊ အမှားတွေလည်း အဖြေလွှာမှာ ပါလာတတ်ပါတယ်။ အလွန်နစ်နာပါတယ်။ ဒါကြောင့်

- ❖ စိတ်ကို တည်ငြိမ်စွာထားပါ။
- ❖ ပုစ္ဆာမှာ ပြောင်းထားတာ၊ လှည့်ထားတာတို့ ဂရုစိုက်ပါ။
- ❖ အချိန် (အထူးသဖြင့် ပြန်လည်စစ်ဆေးချိန်)ကို ကြိုတင်သတ်မှတ်ပါ။ ဖြေဆိုလို့ မရနိုင်တဲ့ မေးခွန်းပုစ္ဆာတွေမှာ အချိန်ကုန် မခံသင့်ပါ။
- ❖ ဘာကြောင့်ပဲဖြစ်ဖြစ် အချိန်ကုန်သည်အထိ ဖြေပါ၊ စဉ်းစားပါ။
- ❖ အထပ်ထပ်ပြန်စစ်ပါ။

အခုပြောပြခဲ့တဲ့ သတိထားရမဲ့အချက်တွေကို ဂရုစိုက်ခဲ့ရင် ရူပဗေဒဘာသာရပ်ကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမှာပါ။

ကျောင်းသား၊ ကျောင်းသူအားလုံး စာမေးပွဲကို ထူးချွန်စွာ ဖြေဆိုနိုင်ကြပါစေ။

ဒေါက်တာ ခင်မာကြူ၊ ပါမောက္ခ(ဌာနမှူး)
ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

စာရွှေ့ငှက်မျိုးစိတ် နွားထိုးကြီးနယ်၌တွေ့မြင်ရ

နွားထိုးကြီး ဇန်နဝါရီ ၁၈

နွားထိုးကြီးမြို့နယ်တွင် ဒေသတွင်းငှက်မျိုးစိတ်လေးကောင်ကို ငှက်ကြည့်အသင်း၏အကူအညီနှင့် အသစ်ရှာဖွေတွေ့ရှိခဲ့ရာမှ ငှတ်မျိုး ၉၀ ကျော်တွင် အညာဒေသ၌ ထပ်တိုးတွေ့ရှိခဲ့ပြီဟု ငှတ်များလေ့လာသူ ဦးမြင့်ရွှေထံမှ သိရသည်။

အရှေ့တောင်အာရှ ငှက်များစာအုပ်မှတ်တမ်းအရ ယင်းမျိုးစိတ်လေးကောင်အနက်မှ စာရွှေ့ငှတ်သည် အမြီးရှည် ရင်ဘတ်အမွေးပွပြီး အရောင်မှာ အဖြူရောင်ဖြစ်သည်။ ဦးခေါင်းမှာ အနက်ဖျော့ရောင်အစင်းရှိပြီး မျက်တွင်းနက်သည်။ အပုပိုင်းတောစပ်ချုပတ်များ၊ စိုက်ခင်းများတွင် တွေ့ရသည်။ အမြင့် မီတာ၆၀၀ ထိတွေ့နိုင်ပြီး မြန်မာပြည်အလယ်ပိုင်း၌ တွေ့မြင်ရမှုများသည်။ အထူးသဖြင့် နွားထိုးကြီးနယ် မင်းစုံတောင် ဘေးမဲ့တောတွင်း၌ ဒေသရင်းမျိုးစိတ်အဖြစ် တွေ့မြင်ရခြင်းဖြစ်သည်ဟု ဦးမြင့်ရွှေက ပြောပြသည်။

ဒေသရင်းငှတ်မျိုးစိတ်ဆိုသည်မှာ နွားထိုးကြီးနယ်၌သာ တွေ့မြင်ရသော ငှတ်မျိုးဖြစ်သည်။ ရှားပါးငှက်မျိုးမဟုတ်သော်လည်း ပြင်ပမြို့နယ်အတွင်းတွေ့မြင်ရခဲ့သောငှတ်ဖြစ်သည်။ လုံးဝမတွေ့ရပါဟုလည်း ဆိုသည်။ **ရွှေမြင့်မောင်**

မော်တော်ဆိုင်ကယ်များ နယ်လှည့်ရောင်းချ

မလှိုင် ဇန်နဝါရီ ၁၈

အိန္ဒိယနိုင်ငံထုတ် မော်တော်ဆိုင်တယ်များကို အရောင်းပြမော်တော်ယာဉ်ပေါ်တင်၍ နယ်လှည့်ရောင်းချပေးလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က မလှိုင်မြို့သို့ ရောက်ရှိလာရာ ဒေသခံများ အထူးအဆန်းဖြစ်ပြီး စိတ်ဝင်တစားရှိနေကြကြောင်း သိရသည်။

"ဆိုင်တယ်လိုချင်တယ်ဆိုရင် မြို့ကြီးတွေကအရောင်းပြခန်းတို့၊ ဆိုင်တယ်ပွဲစားတန်းတို့မှာ သွားဝယ်ရတာ၊ ခုလို အရောင်းပြမော်တော်ယာဉ်ပေါ်တင်ပြီး နယ်လှည့်ရောင်းတာမျိုးတ မရှိဘူးလေ။ အထူးအဆန်းဖြစ်နေတာပေါ့။ ကျွန်တော်တို့ဆီမှာက တရုတ်နိုင်ငံလုပ်ပဲ အသုံးများတာ၊ ခုဆိုင်ကယ်က အိန္ဒိယနိုင်ငံထုတ်ဖြစ်ပြီး ဆိုင်တယ်မှာ ဖုန်းအားသွင်းလို့ရတယ်။ FM ရေဒီယိုနားထောင်လို့ရတယ်။ MP3 လည်းပါတယ်။ အင်ဂျင်ပိုင်းကို နှစ်နှစ်အာမခံပေးတယ်။ လိုင်စင်လည်းပါတယ် ပြောပါတယ်။ ဒါတောင့် စိတ်ဝင်စားလိုလာကြည့်တာပါ" ဟု လာရောက်လေ့လာသူတစ်ဦးက ပြောပြသည်။

မည်သို့ပင်ဖြစ်စေ သဘောကျနှစ်ခြိုက်ပါတ လက်တွေ့ဝယ်ယူနိုင်ပြီး သိရှိလိုပါတ စုံစမ်းလေ့လာနိုင်သဖြင့် အများစိတ်ဝင်စားပြီး အထူးအဆန်းဖြစ်နေကြောင်း သိရသည်။

အောင်ရွှေ(မလှိုင်)

ကန့်ကွက်နိုင်ပါကြောင်း

မှော်ဘီစမိုင်၊ မှော်ဘီမြို့၊ အမှတ်(၈)ရပ်ကွက်နယ်မြေ၊ အိမ်အမှတ် ၁၃၄၊ ရောမင်း (၃)လမ်းရှိ အကွက်အမှတ် ၁၁၉အကွက်အမည် မဟာဗောဓိ(ရောမင်း)၊ ဦးပိုင်အမှတ် ၁၃၄၊ ဧရိယာ ၁ဒသမ၀၅၇ဧက၊ ဦးအောင်အောင် အမည်ပေါက်ရှိသည် မြေငှားဂရန်ကို ဇနီး ဒေါ်သီ့သီ့က အမည်ပြောင်း လျှောက်ထားလာရာ ဦးအောင်အောင်၏ မူလဂရန်စာချုပ်ပျောက်ဆုံးကြောင်းနှင့် ၄င်းမြေနှင့် ပတ်သက်၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မှော်ဘီမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/နောက်၊ မြေကွက်အမှတ် ၆၄၉၊ မြေကွက်တည်နေရာအမှတ် ၆၄၉၊ ဝေဇယန္တာ (၁၄)လမ်း၊ ၆/နောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြူဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြူဝင်း ၁၂/သကတ(နိုင်)၀၁၂၃၁က ဂရန်မူရင်း ပြိုကွဲစုတ်ပြဲကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ (နွယ်အေး)၊ မြေကွက်အမှတ် ဂ-၈၉၊ မြေကွက်တည်နေရာအမှတ် ၂၄၈၊ စကားဝါပင်လမ်း၊ ဦးလှတင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဦးလှတင်နှင့် ဇနီး ဒေါ်စောခင်တို့ကွယ်လွန်ခြင်း၊ ၄င်းတို့၏သမီးတစ်ဦးဖြစ်သူ ဒေါ်မူမူ ကွယ်လွန်ခြင်းတို့ကြောင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်ဝင်းကြည် ၁၂/တမန(နိုင်)၀၀၉၄၃၈နှင့် သမက် (ဒေါ်မူမူ၏ခင်ပွန်း)ဦးကြည်ဝင်း ၁၂/တမန(နိုင်)၀၁၉၅၀၂ တို့က သမီး/သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၄၇၅၊ မြေကွက်တည်နေရာအမှတ် ၄၇၅၊ မင်းရဲကျော်စွာလမ်း ၁ လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံ ဦးကြီးဆိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးဆိုင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ညွန့် ၁၂/ဒပန(နိုင်)၀၂၄၈၀၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း၊ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော်၏ ကိုယ်ပိုင်ကားမှ နံပါတ်ပြားဖောင်းကြွ ၁ခ/၂၂၂၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၅၁၄၉၂

အများသိစေရန် ကြေညာချက်

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၄(တိုးချဲ့)၊ မြေကွက်အမှတ် ၁၂၂၄၊ မြေကွက်တည်နေရာ ၁၂၂၄၊ ပဒုမ္မာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးတင်အောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်အောင်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်စွာဝင်း ၁၂/လသယ(နိုင်)၀၄၁၀၆၀က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ EO ရုံးထောက်ခံစာ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇ၊ မြေကွက်အမှတ် ၇၁၀ဲ၊ မြေကွက်တည်နေရာအမှတ် ၇၁၀ဲ၊ သုခမ္မာလမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ် ဒေါ်စိန် ၁၂/ဥကမ(နိုင်)၁၁၉၈၆၁၊ ဦးမျိုးခင် ၁၂/ဥကမ(နိုင်)၁၁၈၅၆၆ အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်စိန်၊ ဖခင် ဦးမျိုးခင် ကွယ်လွန် သမြင့် ဦးမျိုးသိန်း ၁၂/ဥကမ(နိုင်)၁၁၉၄၄၇၊ ဦးမျိုးတင့် ၁၄/ပသန(နိုင်)၀၀၈၁၃၆၊ ဒေါ်ခင်မျိုးသန့် ၁၂/ဥကမ(နိုင်)၁၁၈၈၆၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စ၊ မြေကွက် အမှတ် ၂၄၊ မြေကွက်တည်နေရာ အမှတ်၂၄၊သုနန္ဒာ ၅ လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးချိန်သာ ၁၂/ဥကမ(နိုင်)၀၆၉၀၄၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးချိန်သာ၊ မိခင် ဒေါ်မြကွယ်လွန်သဖြင့် ဒေါ်လမြင့် ၁၂/တမန(နိုင်)၀၇၉၄၉၊ဒေါ်ဝင်းကြည် ၉/မထလ(နိုင်)၁၁၀၉၃၈၊ ဦးသောင်းစိန်၁၂/မဂတ(နိုင်)၀၁၂၉၅၈၊ ဦးသောင်းရွှေ ၁၂/ဥကမ(နိုင်)၀၆၈၉၇၉၊ ဦးစိန်ရွှေအောင် ၁၀/မလမ(နိုင်)၀၃၆၃၈၈တို့က သားသမီးများတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကုန်လွှာတင်ပြ၍ ၄င်းတို့ထံမှ GP-၁၇၁၅၂/၁၃-၉-၂၀၁၃၊ GP-၁၇၁၅၃/ ၁၃-၉-၂၀၁၃ဖြင့် ရရှိသူ ဒေါ်ခင်မာအေး၁၂/လမတ(နိုင်)၀၂၂၉၉၂မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက် အမှတ် ၂၉၆၊ မြေကွက်တည်နေရာ အမှတ်၂၉၆၊ သန္တာ ၇ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမောင်စိန်အောဲ-၀၅၂၂၀၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမောင်စိန်၊ မိခင် ဒေါ်ညိုမြ ကွယ်လွန်သမြင့် ဒေါ်စန်းစန်းမြင့် ၁၂/ဥကမ(နိုင်)၁၃၇၀၁၆၊ ဒေါ်ခင်သန္တာလင်း ၁၂/ဥကမ(နိုင်)၁၀၂၄၁၄၊ ဦးသက်လွင် ၁၂/ဥကမ(နိုင်)၁၃၆၉၁၇၊ ဦးအေးလွင် ၁၂/ဥကမ(နိုင်)၀၈၆၂၉၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၆၄၂/၂၄-၁၀-၂၀၁၃)ဖြင့် ရရှိသူ ဦးကျော်သူလှိုင် ၁၂/လကန(နိုင်)၀၄၂၇၉၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/B၊ မြေကွက်အမှတ် ၁၄၁၊ မြေကွက်တည်နေရာအမှတ် ၄၈၊ ခိုင်ရွှေဝါလမ်း၊ ပုလဲ (၂)ရပ်ကွက် ဦးမင်းလွင် ၁၂/ကတတ(နိုင်)၁၁၃၉၂၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမင်းလွင် ကွယ်လွန်သမြင့် ဒေါ်ပုရွှေ(ခ) ဒေါ်မြင့်မြင့်သွယ် ၁၂/ပဘတ(နိုင်)၀၂၆၀၆၈က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၃၄၃(က+ခ)၊ မြေကွက်တည်နေရာအမှတ် ၃၄၃(က+ခ)၊ ဘုရင့်နောင်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် မစန်းငွေ၊ မတင်အုံး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မတင်အုံး (ဇနီး) ကွယ်လွန်သဖြင့် ၄င်း၏အစုအား ခင်ပွန်း ဦးသန်းမြင့် ၁၂/ဒပန(နိုင်)၀၂၄၁၀၉၈ မှ ကျန်ပူးတွဲအမည်ပေါက် မစန်းငွေ ၁၂/ဒပန(နိုင်)၀၂၃၉၁၄ တို့မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာကြေညာချက်နှင့် နယ်သတင်း

စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ

၁။ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ပန်ယူတ်ကျေးရွာအုပ်စုနှင့် မန့်ဝန်းကျေးရွာအုပ်စု ပြည်သူများမှ VALVE CHAMBER မြေနေရာအတွက် မြေယာလျော်ကြေးရရှိလိုကြောင်းကိစ္စနှင့်ပတ်သက်၍မေးမြန်းလာမှုအပေါ် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စိစစ်ခဲ့ပြီး နမ့်ခမ်းမြို့နယ် ပန်ယူတ်ကျေးရွာအုပ်စု ပန်ယူတ်အထက်ပြင်ပကွင်းရှိ VALVE CHAMBER မြေနေရာအတွက် လျော်ကြေးငွေကျပ် ၁၂၄၈၀၀၀၀၀ နှင့် နမ့်ခမ်းမြို့နယ် မန့်ဝန်းကျေးရွာအုပ်စု ပန်ကနိုင်းပြင်ပကွင်းရှိ VALVE CHAMBER မြေနေရာအတွက် လျော်ကြေးငွေကျပ် ၄၆၈၀၀၀၀၀တို့အား ၂၄-၁၂-၂၀၁၃ ရက်နေ့နှင့် ၃၁-၁၂-၂၀၁၃ ရက်နေ့တို့တွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြေယာရရှိရေး၊ မြေယာနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သောအဖွဲ့မှ သက်ဆိုင်ရာကျေးရွာအုပ်စု တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပေးလျော်ပြီး ဖြစ်ပါသည်။

၂။ ကန်သွယ်မကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ **ဓာတ်မြေဩဇာများကြိုတင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ဓာတ်မြေဩဇာများကို ကုမ္ပဏီတည်ရှိရာ ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနထောက်ခံချက်၊ တိုင်းကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနထောက်ခံချက်တို့ဖြင့် စီးပွား/ကူးသန်းဝန်ကြီးဌာနမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို စက်ရုံထုတ်ဈေးနှုန်းဖြင့်ဝယ်ယူပြီး တောင်သူများသို့ ဖြန့်ဖြူးပေးရန်ကိစ္စနှင့် ပတ်သက်၍ စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတ်သို့ မေးမြန်းလာမှုအပေါ်** စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယူရီးယားဓာတ်မြေဩဇာများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံများ အထွက်တိုးစေရေးအတွက် အဓိကဦးစားပေး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးအမှန်တကယ်ဆောင်ရွက်သူများ လက်ဝယ်သို့ ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူသတ်မှတ်ပေးသည့် (Authorized Dealers)များမှ တစ်ဆင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းလက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ စက်ရုံများထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်များအပေါ်အခြေခံ၍ အချိုးကျဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၃။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းတည့်ရှိရာ လယ်မြေအား ဒေသခံပြည်သူတစ်ဦးမှ **အသုံးပြုလိုဝါကြောင်း တင်ပြလာသည့်ကိစ္စနှင့် ပတ်သက်၍** တိုးကြောင်ကလေး-တောင်ဒဂုံ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ၁၉၉၉ ခုနှစ်တွင် စတင်တည်ဆောက်ဆက်သွယ်ခဲ့ခြင်းဖြစ်ပြီး ပိုက်လိုင်းဖြတ်သန်းရာလမ်းကြောင်းရှိ လယ်မြေများအား သိမ်းဆည်းခြင်းမရှိခဲ့ပါ။ လုပ်ငန်းလိုအပ်ချက်အရ အနည်းဆုံးရှေ့ယာက်သာ ယာယီအသုံးပြုခြင်းဖြစ်ပြီး ပိုက်ဆက်သွယ်ခင်းကျင်းသည့်ကာလတွင် သီးနှံစိုက်ပျိုးပင်ရှိလျှင် သီးနှံလျော်ကြေး ပေးအပ်ခဲ့ပါသည်။

ယခုတင်ပြသည့်နေရာအား သွားရောက်စစ်ဆေးခဲ့ရာ မလပိုင်ရှင်မှ ရာသီသီးနှံစပါးများ စိုက်ပျိုးထားရှိပါကြောင်း စိစစ်တွေ့ရှိခဲ့ရသည့်။ ပိုက်လိုင်းဖြတ်သန်းရာ ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပိုက်လိုင်းအား ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ပိုက်လိုင်းအလမ်းကြောင်းမှ ဘေးဝဲယာ ပေ ၅၀ အတွင်း၌ အမြစ်ရှည်သစ်ပင်များ စိုက်ပျိုးခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကိုသာ တားမြစ်ထားရှိပြီး ပိုက်လိုင်းဖြတ်သန်းရာ လယ်မြေများပေါ်တွင် စပါးကဲ့သို့ အမြစ်ကြီးထွားမှုမရှိသော ရာသီသီးနှံပင်များ စိုက်ပျိုးခြင်းကိုမူ ခွင့်ပြုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တင်ပြပါမြေနေရာအား မူလကတည်းက သိမ်းဆည်းထားခြင်းမရှိပါကြောင်းနှင့် ပိုက်လိုင်းကြံ့ခိုင်မှုအား ထိန်းသိမ်းတာဝန်ယူသည့် အနေဖြင့် နှစ်ရှည်ပင်စိုက်ပျိုးခြင်းမပြုဘဲ ရာသီသီးနှံပင်များသာ စိုက်ပျိုးပါက မြေလွတ်ဧရိယာများအား ပြန်လည်အသုံးပြုခွင့်ရရှိရေး တင်မြလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်မရှိပါကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားပြီး ဖြစ်ပါသည်။

မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးမည့် ရွှေမြင့်မိုရ်စက္ခုဒါန မျက်စိအထူးကုဆေးရုံဖွင့်

ချောင်းဦး ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ ရွှေမြင့်မိုရ်စက္ခုဒါန မျက်စိအထူးကုဆေးရုံဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရွှေမြင့်မိုရ်စက္ခုဒါန မျက်စိအထူးကုဆေးရုံကို ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အလှူရှင်များကိုယ်စား ဒေါက်တာသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**မဟာဗောဓိတောရ စာသင်တိုက်နှင့် မဟာဗောဓိရွှေမြင့်မိုရ်ဓမ္မရိပ်သာတို့၏ ပဓာနနာယက ဗဟုဇန ဟိတရေ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝိသုတက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဝိသုတနှင့် တာဝန်ရှိသူများက ရွှေမြင့်မိုရ်စက္ခုဒါနမျက်စိအထူးကုဆေးရုံ၏ မော်ကွန်းကျောက်စာကို ပရိတ်ရေ၊ ပရိတ်ပန်း၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

စိုက်ထူပေး

ယနေ့ ဖွင့်လှစ်လိုက်သော ရွှေမြင့်မိုရ် မျက်စိအထူးကုဆေးရုံကြီးမှာ အလျား ပေ ၁၁၀၊ အနံပေ ၇၀၊ အမြင့် ၂၇ ပေရှိ သံကူကွန်ကရစ်အာရ်စီ အုတ်ညပ်အမျိုးအစားဖြစ်ပြီး ခင်မွန်စံပြကျေးရွာ မဟာဗောဓိတောရစာသင်တိုက်နှင့် မဟာဗောဓိရွှေမြင့်မိုရ်ဓမ္မရိပ်သာတို့၏ ပဓာနနာယက ဗဟုဇနဟိတရေ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝိသုတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ် သိန်းပေါင်း ၂၇၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြပြီး ဆေးပဒေသာပင်ရန်ပုံငွေကျပ် သိန်း ၁၂၀၀ စိုက်ထူပေးခဲ့ကြသည်။

ရွှေမြင့်မိုရ်မျက်စိအထူးကုဆေးရုံကြီးက မြန်မာပြည်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များကို အခမဲ့ဆေးကုသ ခွဲစိတ်ပေးမှာဖြစ်သည့်အပြင် ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက်တိုင်တိုင် မျက်စိဝေဒနာရှင် ၂၆၀၀ကို ရန်ကုန်မြို့နေ အလှူရှင် ဒေါက်တာသန်းဝင်း (Nero Vision Special Eye Care Centre) ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

အားကစားသမားများအား ဂုဏ်ပြု

ကလေး၀ ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ၏ ဒီဇင်ဘာလက ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြီးမြောက်ခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်တွင် နိုင်ငံ့ဂုဏ်ဆောင်ပါဝင်ယှဉ်ပြိုင်ခဲ့သော ကလေးဝမြို့နယ်ရှိ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံကိုယ်စားပြု ကလေးဝမြို့နယ်မှ အမျိုးသမီးဟော်ကီအားကစားသမားများမှာ ကလေးဝမြို့မှ မအေးအေးမာနှင့် မငွေဆွေတာရာတို့ဖြစ်ကြပြီး ၄င်းတို့သည် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပွဲတော်တွင် ကြေးတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သူများ ဖြစ်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ဆုရအားကစားမယ်များကို ၄င်းနှင့်အတူ အမျိုးသမီးရေးရာအဖွဲ့ကလည်း ဆုချီးမြှင့်ခဲ့သည်။ **ချင်းတွင်းသား(iprd)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ပင်လုံ)၊ လွိုင်လင်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ပင်လုံ)အတွက် အောက်ဖော်ပြပါပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	လုပ်ငန်းအမည်
(၁)	အိမ်သာခန်းများရေရရှိရန် Water Tank နှင့် ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်း
(၂)	ဆင်ဝင်ရှိမျက်နှာကြက်များ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၂-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၁-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(ပင်လုံ)၊ လွိုင်လင်မြို့
ဖုန်း-၀၈၁-၃၀၄၅၂၊ ၀၈၁-၃၀၅၉၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ကိုင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(က) ကျောင်းဝင်းဧရိယာ သံဆူးကြိုးကာရံခြင်း
(ခ) ကျောင်းဝင်းအတွင်း လမ်းနံဘေးပလက်ဖောင်းနှင့် ဘလောက်တုံးခင်းခြင်း
(ဂ) ကျောင်းဝင်းအတွင်း ကတ္တရာလမ်းခင်းခြင်း

တင်ဒါပုံစံထုတ်ယူရန်စတင်ရက် - ၁၅-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁-၂၀၁၄ ရက်၊ ညနေ ၁၆:၀၀ နာရီ
ဆက်သွယ်ရန်ဖုန်း - ၀၉-၅၃၃၇၁၄၉၊ ၀၆၀-၂၁၀၆၁

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်း(၂)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချနိုင်မည့်ဈေးနှုန်းကို နမူနာဖြင့် အိတ်ဖွင့်တင်ဒါလာရောက် ပေးသွင်းနိုင်ပါသည်-

(က) မိုးကာတဲ (ကင်းဘတ်စ အလျား ၁၂'၈"၊ အနံ ၉'၆"၊ အမြင့် ၇'၃"၊ ၆ ဦးဆံ့) ၁၀၀လုံး
(ခ) မိုးကာလိပ်(တာပေါ်လင်၊ ကိုရီးယား) (၆'×၃၀၀') ၁၀၀လိပ်

၂။ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းလွှာရောင်းချမည့်ရက်မှာ ကြော်ငြာပါသည့်ရက် ၀၉:၃၀ နာရီမှ ၂၄-၁-၂၀၁၄ရက် ၁၆:၀၀နာရီထိဖြစ်ပြီး စည်းကမ်းချက်/တင်ဒါပုံစံ တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၃၁၈၊ ၄၀၄၃၆၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၁၉၆၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးငွေမင်း(ဘ) ဦးမောင်မောင်သန်းအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ကွယ်လွန်သွားပါသဖြင့် ၄င်း၏ တရားဝင်ဇနီးမြစ်သူ ဒေါ်ခင်နွဲ့ကြည် ၉/ပမန(နိုင်)၀၀၅၅၃၃ (ဘ) ဦးတင်လှမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန် စာချုပ်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံးစက်ယန္တရားဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်း၊ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းအတွက် လိုအပ်သော Main Deck Loader (15 tons) စက်ယန္တရားအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းမှုကို ၂၁-၁-၂၀၁၄ရက် ၁၆:၀၀နာရီတွင် မြန်မာ့လေကြောင်း (ရုံးချုပ်)သို့ နောက်ဆုံးထားပေးပို့ရပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့လေကြောင်း
အမှတ် (၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့

ထွေ/အုပ်စီမံ(၁)ဝင်ခွင့်သင်တန်း(ထွေ/အုပ်ဓမ္မာရုံ)

၇-၂-၂၀၁၄ရက် ဒုတိယအသုတ်ဖွင့်မည်။
ဦးရေထန့်သတ်ထားသည်။ အမြန်စာရင်းပေးကြရန်။
ဖုန်း-၀၉-၅၁၅၂၈၂၉၊ ၀၉-၇၃၁၇၉၆၄၉၊ ၀၉-၈၆၁၅၉၄၈
ထွေ/အုပ် ဝန်ထမ်းဟောင်းများအသင်း(ရန်ကုန်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကယားပြည်နယ်မှ ဆီးဂိမ်းပွဲတွင် ပါဝင်သရုပ်ပြသခဲ့ကြသည့်မောင်မယ်များအား ဂုဏ်ပြု

လွိုင်ကော် ဇန်နဝါရီ ၁၈

ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးမှ Pre Sea Games (မြည်ထောင်စုဖလား)နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်ပွဲရရှိခဲ့ကြသည် ကယားပြည်နယ်မှ ထူးချွန်အားကစားသမားများနှင့် Sea Games ဖွင့်ပွဲတွင် ပါဝင်သရုပ်ဖြခဲ့ကြသည် မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် ညနေ ၆ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုဖလားပြိုင်ပွဲ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရကစားသမားများနှင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲတွင် အောင်နိုင်ဆုရ အားကစားသမားများနှင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုအကပါဝင်ပြသခဲ့ကြသော မောင်မယ်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့ကြသည် အားကစားသမားများအား ဦးပေါလူချမ်းက ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေသွားသော ယဉ်ကျေးမှုအဖွဲ့များနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရ အားကစားသမားများကို ဂုဏ်ပြုပန်းခြင်းများပေးအပ်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် အားကစားသမားများက "မြန်မာနိုင်ငံပြီ" သီချင်း သီဆို၍ ဂုဏ်ပြုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြှင့်တင်ပေးနိုင်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုပြည်ထောင်စုဖလားအားကစားပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းသည် အားကစားနည်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်း ၁၁ မျိုးတွင် ရွှေ ၂၀၊ ငွေ ၃၅၊ ကြေး ၂၈ ခု စုစုပေါင်း ဆုတံဆိပ် ၈၃ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆင့် (၅)ဆင့်နေရာတွင် ရပ်တည်ခဲ့ကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ကမ်ပိုကရာ တေး၊ ဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ ဘောလုံး အားကစားနည်း ငါးမျိုးတွင် ကစားသမား ၂၀ ဦးက ရွှေခုနစ်ခု၊ ငွေနှစ်ခု၊ ကြေး ၁၂ ခုဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သလို ကယားပြည်နယ်၏ ဂုဏ်ကိုလည်း အားကစားဖြင့် မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဒို့ကျေးရွာဂျာနယ်ထွက်ရှိ

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁)၊ အမှတ်(၂)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် စားသုံးသူများ ကျန်းမာရေး၊ စီးပွားရေးတွက်ခြေကိုက်သည် သီဟိုဠ်သရက်၊ အရည်အသွေးကောင်း သရက်သီးရရှိရန် အိတ်စွပ်ခြင်း၊ အပိုဝင်ငွေရဖို့ သနပ်ခါးပင်စိုက်ကြစို့ စသည် စိုက်ပျိုးရေးသတင်းဆောင်းပါးများ၊ ဝက်မွေးမြူခြင်းနှင့် အစာကျွေးနည်း၊ ခွာနာ၊ လျှာနာရောဂါသိကောင်းစရာစသည် မွေးမြူရေးသတင်းဆောင်းပါးများ၊ မျက်နှာသစ်နေချိန်အမှတ်မထင်မြိုမိတဲ့ အမှားကြီး(၇)ရပ်၊ ငှက်ပျောသီးနှင့် ဆေးရည်စိမ်အန္တရာယ်၊ ပျောက်ရေးမခက်ပါ နာတာရှည်ချောင်းဆိုးရောဂါ၊ ဆောင်းလချိန်နေ့အခါ မအိပ်ပါနှင့်စသည် ကျန်းမာရေးသတင်းဆောင်းပါးများ လောကမှာ ဘယ်အရာမှမမြဲဘူး၊ လူငယ်ပြည်သူ့နီတိ လောကနီတိနှင့် မမှနီတိများ၊ ယောနယ်ကိုအကျိုးပြုသော တောင်ခင်ရန်းရေလှောင်တမံ၊ ကျေးလက်ပညာရေး အလေးပေးရှက်ဆောင်၊ သစ်ပင်ချစ်သူစသည် အသိပညာပေး သုတ/ရသဆောင်းပါးများ၊ မြန်မာစတော့အိတ်ချိန်းစျေးကွက်၊ ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်မည်၊ နှစ်စဉ် ဂျီဒီပီ ရှစ်ရာခိုင်နှုန်းတိုးတက်စေရန် ကုန်ထုတ်လုပ်မှုကို နှစ်ဆကျော်တိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်၊ ကျေးရွာပေါင်း တစ်ထောင်ကျော် ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် စသည် မျက်မှောက်ရေးရာ သတင်းများ၊ တရုတ်က ဂျပန်ကို ဒေသတွင်းလုံခြုံရေး အလေးထားရန်တိုက်တွန်း၊ ဂျပန်နိုင်ငံ၏ အလှူကုန်များနှင့် သောက်သုံးကုန်များတွင် ဆန်ကိုတိုးမြှင့်သုံးစွဲ၊ ကမ္ဘာ့ရာသီဥတုကောင်းမွန်သည်ဘက်သို့ အတန်အသင့်ရောက်ရှိလာဟုဆို၊ အာဆီယံ ဒေသ လောင်စာဆီထောက်ပံ့မှုများ လျော့ချသင့်ကြောင်း ကမ္ဘာ့စီးပွားရေးညီလာခံသတိမှတ်၊ ဒိုမီနီကာ ဓနသဟာယနိုင်ငံအကြောင်း သိကောင်းစရာစသည် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာသတင်းများ၊ ဖတ်စုပ်ခြင်းဝတ္ထုတိုကိုအပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ဖြန့်ကြိုးရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် လေကြီးကုန်းကျေးရွာ၌ လောင်းကစားဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် လေကြီးကုန်းကျေးရွာတွင် လောင်းကစားချဲထိုးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိုးဖြင့်၏ လောင်းကစားဖမ်းဆီးရမိရေးစီမံချက်အရ ဝန်းသိုမြို့နယ် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် ဝန်းသိုရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထွန်းနှင့်အဖွဲ့၊ ကသာခရိုင် အတုမခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီးတင်ကိုတို့ ပူးပေါင်းအဖွဲ့သည် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားရှာဖွေဝရမ်း အမှတ် (၁/၁၄) ဖြင့် ဝန်းသိုမြို့နယ် ကြိမ်ချောင်းအုပ်စု လေကြီးကုန်းရွာနေ မခင်လမြိုင့် နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ မခင်လှမြင့်အမည်ပါ သုံးလုံးဂဏန်းများ ရေးသားထားသည် ဖြတ်ပိုင်းစာရွက် နှစ်ရွက်၊ ၀၀ မှ ၉၉ အထိ နှစ်လုံးဂဏန်းများ ရေးသားထားသော စာရွက်တစ်ရွက်၊ သုံးလုံးဂဏန်းများ ရေးသားထားသော စိုးမောင်အမည်ပါ ဘောက်ချာ ဖြတ်ပိုင်းနှစ်ရွက်၊ မနင်းဝေစိုးအမည်ပါ အထွင်း၌ အမည်နှင့် နှစ်လုံးဂဏန်းများ၊ သုံးလုံးဂဏန်းများ တွက်ချက်ထားသော စာအုပ်ပါ တစ်အုပ်၊ CITIZEN တံဆိပ် ဂဏန်းပေါင်းစက်တစ်လုံး၊ ဘောပင်တစ်ချောင်းနှင့်ငွေကျပ် ၈၃၅၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မခင်လှမြင့်(၄၀ နှစ်) တောင်သူ လေကြီးကုန်းကျေးရွာ ဝန်းသိုမြို့နယ်နေသူအား ဝန်းသို ရဲစခန်းမှ ဒုရဲအုပ် ဇော်လင်းထွန်းက တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ဝန်းသိုရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ သက်သေများစစ်ဆေးခြင်း၊ လက်ရေးလက်မှတ်နမူနာပေးပို့ခြင်း၊ အမှုအားခိုင်မာစွာ တည်ဆောက်ပြီး အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေးအတွက် ဝန်းသိုရဲစခန်းမှ ဒုရဲအုပ်ဇော်လင်းထွန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

လှအောင်(ကသာ)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ကွင်းဆင်းဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ အတွင်းရေးမှူး ဦးမြင့်ခိုင်ဦးစီးသော အဖွဲ့ဝင် ၂၃ ဦး(ငွေကြယ်ပွင့်လူငယ်လေးများ)နှင့်အတူ သုံးခွမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးဝင်းလှိုင်၊ အထက (၁)ကျောင်းအုပ်ကြီး ဦးမြင့်သိန်း၊ အထက (၂) ကျောင်းအုပ်ကြီး ဦးလှဝင်းတို့သည် သုံးခွမြို့နယ်အတွင်းရှိ အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးပညာပေးဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဆေးလိပ်သောက်ခြင်းကြောင့် အသက်ဆုံးရှုံးရခြင်းပညာပေး ဇာတ်လမ်းကို လက်ထိုးရုပ်သေးဖျော်ဖြေမှုဖြင့် အသိပညာပေးဟောပြောဆွေးနွေးကြောင်း သိရသည်။

ချစ်စရာ(သုံးခွ)

ပြည်သူများ အန္တရာယ်ကင်းစွာ စားသောက်နိုင်ရေးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးပိ(စိမ်းစား) ပွဲရုံနှင့် လက်ကားအရောင်းဆိုင်များသို့ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဘုရင့်နောင်ပွဲရုံတာဝန်ခံရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရောင်းချလျက်ရှိသော စိမ်းစားငါးပိများကို အတန်းစားအလိုက် နမူနာကောက်ယူ၍ ဘုရင့်နောင်ပွဲရုံ တာဝန်ခံရုံးခန်း၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသည်ဆိုးဆေးပါဝင်မှုရှိ မရှိ ဓာတ်ခွဲစစ်ဆေးကြသည်။ ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအနေဖြင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် အစားအသောက်များကို စစ်ဆေးမှုများ ပညာပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လ၊ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းနေရာ၊ ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁၇-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	-	၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဝင်လုံ) တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ (က) ကွာကျပျက်စီးနေသော မျက်နှာကြက်နှင့် နံမှကျွဲကွဲအက်သော ကြွေပြားများပြင်ဆင်ရန်၊ (ခ) ပင်မသုံးထပ်ကျောင်းဆောင်နှင့် ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာမဆောင်များဆက်သွယ်သောလမ်းခင်းရန် (One Lane 2'-6', Length 935 ft) and Two Lane (1'-6", Length 1360 ft) အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တွင် ဝယ်ယူနိုင်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၁၄ရက် ၁၆:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၈၁-၃၀၄၅၃၊ ၀၉-၈၃၆၂၆၂၉ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းရပ်ကွက်၊ ခရေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် ၁၁၆၀၊ မြေကွက်အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်ဆန်းဝင်း ၁၂/မဂဒ(နိုင်)သ၈၆၆၆ အမည်ဖြင့် မှတ်တမ်းတင်ထားရှိပြီး ဦးအောင်ဆန်းဝင်းထံမှတစ်ဆင့် အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်ရီ ၁၂/လမတ(နိုင်)၀၁၀၀၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည့်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်သိမ်း(မအူပင်) LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၉၁)
အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း(H) ၊
၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၂၄၅၅၉

တိုက်အမှတ် ၁၆၊ ငါးလွှာ (ခေါင်းရင်းခြမ်း)၊ ဇေယျဝတီလမ်း၊
သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း
အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်း၏ ငါးလွှာ (ခေါင်းရင်းခြမ်း) (အလျားပေ ၁၂½× အနံ ပေ ၅၀) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ပွင့်မွန်ချစ်သန်း ၁၃/ဖခန(နိုင်)၀၂၁၇၅၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ်-၅၆၁၊ M.A.C Tower ၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်( )၊ ဧရိယာ ၀.၁၁၅ဧကရှိ မြေပိုင်မြေ၊ မြို့မြေကွက်နှင့်ယင်းမြေပေါ်ရှိ အမှတ် (၄၅/အေ)၊ မစိုးရိမ်ကျောင်းလမ်း လမ်းသွယ်(၁)၊(၉)မိုင်၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ် တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ကေသီလှ ၁၂/မရက(နိုင်)၀၀၂၂၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောစိုင်းဦး(စဉ်-၄၁၈၀၁) ဥပဒေဘွဲ့(LL.B) အထက်တန်းရှေ့နေ
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ မြန်မာစာအဓိက၊ ခုံအမှတ် ၃မ-၁၀ဖြင့် အောင်မြင်ခဲ့သော မသက်သက်ညွန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်ထွန်း ၆/မအရ(နိုင်) ၀၅၉၁၈၄ ဖြစ်ပါကြောင်း။

ဦးမြင့်ထွန်း

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ သင်္ချာအဓိက၊ ခုံအမှတ် ၃/သခ-၇၉ဖြင့် အောင်မြင်ခဲ့သော မနှင်းဇူဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျင်ရှု ၆/တသရ(နိုင်) ၀၁၇၇၅၈ ဖြစ်ပါကြောင်း။

ဦးကျင်ရှု

နယ်သတင်းနှင့်ဆောင်းပါး

မိတ္ထီလာမြို့ ကူတော်ကျေးရွာတွင် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်လှူဒါန်း

မိတ္ထီလာ ဇန်နဝါရီ ၁၈

မိတ္ထီလာမြို့နယ် အင်းကျေးရွာအုပ်စု ကူတော်ကျေးရွာတွင် အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁ နာရီက ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဇော်က ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ စာဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိလာပုံနှင့် ၂၀၁၄ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အတွက် ရှင်းလင်းပြောကြားခဲ့ပြီး **(အပေါ်ပုံ)** ကူတော်ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ် စာစောင်များလှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ အင်းကျေးရွာအုပ်စု လွန်ငင်းကျေးရွာသို့ ညနေ ၃နာရီတွင်အသိပညာပေးဟောပြောပွဲနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်၌ ကမ်းလက်များ စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်တွင် ကမ်းလက်များစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာမောင်သင်းခိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရဲချို့နှင့် ကမ်းလက်များစာကြည့်တိုက် ဥက္ကဋ္ဌဦးဝင်းမြတ်ကျော်တို့ ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဆရာမောင်သင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက စာကြည့်တိုက်အား ဆက်လက်ရှင်သန်အောင် ကြိုးစားဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် တာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် စေတနာရှင် အလှူရှင်များတက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျိုးကျသွားသောတံတားနှင့် အန္တရာယ်ရှိသောတံတားများ အမြန်ဆုံးပြင်ဆင်ပေးစေလို

လိုင်းဘွဲ့ ဇန်နဝါရီ ၁၈

ကရင်ပြည်နယ်၊ လိုင်းဘွဲ့မြို့နှင့် ပိုင်ကျုံမြို့နယ်ခွဲတို့အားဆက်သွယ်ထားသော ကားလမ်းပေါ်ရှိ ကခိုကျေးရွာ အတွက်(၁၃)မိုင်တံတားတွင်ယန္တရား တင် နောက်တွဲယာဉ်တစ်စီးပေါ်တွင် မြေတူးစက်ကြီးတစ်စီး တင်ဆောင်၍ လိုင်းဘွဲ့မြို့မှ ပိုင်ကျုံမြို့နယ်ခွဲသို့ မောင်းနှင်ဖြတ်သန်းလာစဉ် တံတား ကျိုးကျခဲ့သောဖြစ်စဉ်တစ်ခု ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားခဲ့သည်။ **(ဝဲပုံ)**

ကျိုးကျသွား

အဆိုပါ ၁၃မိုင်တံတားအပြင် လိုင်းဘွဲ့-ပိုင်ကျုံဆက်သွယ်ထားသော ကားလမ်းများအား ပြီးခဲ့သောနှစ် မိုးရာသီတွင် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက်အဆင့်မြှင့်တင်တိုးချဲ့ခြင်းများ ဆောင်ရွက်ထားရှိခဲ့သော်လည်း မဲလောင်းချောင်းတံတား၊ ကမာစို အတွက်တံတားငယ်နှစ်စင်းနှင့် ယခု ကျိုးကျပျက်စီးသွားသော ၁၃မိုင် တံတားအပါအဝင်တံတားငယ်လေးစင်းတို့မှာ ပြင်ဆင်နိုင်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ ကျိုးကျသွားရခြင်းဖြစ်ကြောင်း၊ ယင်းကားလမ်းအား အမြဲဖြတ်သန်းအသုံးပြုနေရသည့်ကျေးရွာများဖြစ်သော မဲလောင်းကြီး၊ မဲလောင်းလေး၊ပါတ်ကျော၊ကမာခို၊ကစိုကျေးရွာများရှိ ဒေသခံများက ပြောသည်။

ယခင်၂၀၁၂ မိုးဦးကျ ကာလက ကမော့ကချုံတံတား ကျိုးကျခဲ့သဖြင့်ခြောက်ဘီးကျောက်သယ်ယာဉ် တစ်စီး ပြုတ်ကျမှုဖြစ်ပွားခဲ့ရသော ကြောင့်ယာဉ်ပေါ်ပါလူတစ်ဦးသေဆုံးခဲ့ဖူးကြောင်း၊ ယင်းလမ်းတွင် အမြဲသွားလာနေသောဒေသခံဦးဝင်းရှိန်က ပြောသည်။

ပြောကြား

ယခုကဲ့သို့ မြို့နယ်ချင်းဆက်လမ်းများပေါ်ရှိ တံတားများ ပျက်စီးယိုယွင်းနေခြင်းကြောင့်၂၄ဘီးယန္တရားတင်ယာဉ်ကြီးများနှင့် အခြားယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုများတွင် အန္တရာယ်ဖြစ်စေနိုင်ပြီး သွားလာရန် မသင့်သေးကြောင်း လိုင်းဘွဲ့မြို့နှင့် ပိုင်ကျုံမြို့ရှိဒေသခံများ ပြောကြားချက်အရ သိရသည်။

ထွန်းထွန်းဝေ(ဘားအံ)

ပညာရေးစုံညီပွဲတော် ကျွန်းလှ၌ ကျင်းပ

ကျွန်းလှ ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှမြို့ ပျဉ်းမပြင်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ကော်မတီ ဦးအောင်မောင်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းရှောင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ပညာရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းကာ စုံညီပွဲတော်ကိုဖျော်ဖြေရေးအစီအစဉ်များနှင့်ဖျော်ဖြေကြ၍မြို့နယ်အဆင့်တားချွန်ဆု၊ ဘာသာရပ်တားချွန်ဆုနှင့် အားကစားထူးချွန်ဆုများကို ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် စက်ဆီ၊ ချောဆီ အမျိုးမျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဉာဏ-၅၃၂-ဘီ/၅၊ ၊မြေကွက် အမှတ် ၃၁၆၊ အကျယ်(၁၈၊/၁၅၃ × ၁၄၀/၁၃၇)၊ ပါမစ်မြေပေါ်ရှိ အမှတ် ၁၇၅၊ အောင်သမြေလမ်း၊ ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်သန်းလှ ၁၂/ပဘတ(နိုင်) ၀၀၉၇၃၂က မိမိတရားဝင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး ဦးသန့်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ဝထမထပ်(ဝဲ)
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂

ဗိုလ်မှူးကျော်သူလှိုင် **နှင့်** ဒေါ်ဖြူဖြူမြတ်
(၄င်း၏ တရားဝင်ကိုယ်စားလှယ် ဦးချစ်ထွေး)
တရားလို **တရားပြိုင်**

ပျော်ဘွယ်မြို့၊ ယင်းတော်၊ အမှတ် ၄၁၇၊ ခြေမြန်တပ်ရင်းနေ ဒေါ်ဖြူဖြူမြတ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။။။

သင့်အပေါ်၌ တရားလို ဗိုလ်မှူးကျော်သူလှိုင် (၄င်း၏တရားဝင်ကိုယ်စားလှယ် ဦးချစ်ထွေး)က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၅ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဝင်းယုဆွေ)
မြို့နယ်တရားသူကြီး
ပျော်ဘွယ်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ သော်က ၁၇လမ်း၊ မြေကွက်အမှတ် ဥ-၅၄၁၀(D) မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်စိန် အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်စိန်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးချိန်ရှောက်စန်းမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးချိန်ရှောက်စန်း
၁၃/ကလတ(နိုင်)၀၂၆၂၉၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ သော်ကလမ်း၊မြေကွက်အမှတ် ဥ-၅၃၅၈(A)၊ မြေကွက်နှင့် ၄င်းမြေကွက်ပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်နီနီငြိမ်းအမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်နန်းမိုင်ခမ်းက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးချိန်ရှောက်စန်းမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးချိန်ရှောက်စန်း
၁၃/ကလတ(နိုင်)၀၂၆၂၉၀

19-1 (19).pmd 1 1/19/2014, 1:11 PM

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ် ၄၂၊ နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူး ၁၇နေရာ အောက်ဖော်ပြပါအရည်အချင်းကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) (၃)နေရာ
(ခ) သိပ္ပံဘွဲ့(သင်္ချာ၊ ဓာတု၊ ရူပ) (၅)နေရာ
(ဂ) ကွန်ပျူတာသိပ္ပံဘွဲ့ (၃)နေရာ
(ဃ) ဥပဒေဘွဲ့ (၃)နေရာ
(င) စီးပွားရေးဘွဲ့ (၃)နေရာ

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုး/လူမျိုး)ဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၁၄ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်ရ၊ မဟာဘွဲ့ရပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
(ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်းသုံးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ကွန်ပျူတာသိပ္ပံဘွဲ့လျှောက်ထားသူများသည် Network Management နှင့် Database Management တို့ကို လက်တွေ့လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ **ကိုယ်တိုင်ရေးလျှောက်လွှာတွင်-**
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်၊
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊
(င) အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊
(စ) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်း၏အလုပ်အကိုင်၊
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကိုဖော်ပြရမည်။

လျှောက်လွှာနှင့်အတူ-
(က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊
(ဂ) ခြောက်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ခြောက်လအတွင်းဆေးလက်မှတ်ထောက်ခံချက်(မိတ္တူ)၊
(င) လိုင်စင်ဓာတ်ပုံနှစ်ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(စ) အိမ်ထောင်စုစာရင်း(မိတ္တူ)

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍လည်းကောင်း၊ ၃၁-၁-၂၀၁၄ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့်လျှောက်ထားသူများသည် အောက်ဖော်ပြပါအတိုင်း ရေးဖြေစာမေးပွဲဖြေဆို၍ အောင်မြင်လျှင် လူတွေ့နှုတ်ဖြေနှင့်ကွန်ပျူတာအခြေခံဖြေဆိုရမည်-

စဉ်	ဖြေဆိုရမည့်အကြောင်းအရာ	နေ့ရက်	အချိန်	နေရာ
(က)	ရေးဖြေ(မြန်မာစာ၊အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)	၁၅-၂-၂၀၁၄ရက် (စနေနေ့) လေ့ကျင့်ရေးဦးစီးဌာန၊	၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ	ရုံးအမှတ် (၄၂) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နေပြည်တော်
(ခ)	လူတွေ့နှုတ်ဖြေ	၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့)	၉း၀၀နာရီ	״

၇။ ရေးဖြေအောင်မြင်၍ လူတွေ့စစ်ဆေးခြင်းလာရောက်ချိန်တွင် ပညာအရည်အချင်းဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လတ်မှတ်၊ နိုင်သားစိစစ်ရေးကတ်မူရင်းများယူဆောင်လာရန်ဖြစ်သည်။

၈။ ဖြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိခြင်းမရှိသောလျှောက်လွှာများအား ရွေးချယ်မည်မဟုတ်ပါ။ အသေးစိတ်အား ရုံးအမှတ် ၄၂၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်၊နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၃၄နှင့် ၀၆၇-၄၀၉၄၁၉တို့သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ပစ္စည်းများဝယ်ယူရန် ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေများ၊ စာရေးကိရိယာများဝယ်ယူရန်နှင့် အလှူခံပြေစာစာအုပ်များ၊ ပုံစံဇယားများ ရိုက်နှိပ်ရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ကျပ်နှုန်း ဝယ်ယူပြီး ၂၉-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

အများသိရှိစေရန်ကြေညာခြင်း

[illegible]

Ph: 09420087177, 0931284090

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ အဆင့် (၁)အစားအစာထုတ်လုပ်ရေး သင်တန်းတက်ရောက်ပြီးဖြစ်သူရမည်။
၇။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ) (အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၃-၂-၂၀၁၄ရက်မှ ၂၈-၃-၂၀၁၄ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

အသိပေး ကြေငြာခြင်း

[illegible]

လူပျောက်ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ် ၂၅၁နေ ဦးခင်ဝင်း ၁၂/ဒဂတ (နိုင်)၀၁၈၆၇၅ ၏လွှဲအပ်ညွှန်ကြားမှုအရ-

၎င်းနေရပ်တွင်နေထိုင်သော ဦးခင်ဝင်း၏သမီး ၁၂/သဃက(နိုင်)၁၈၀၂၇၉ ကိုင်ဆောင်သူ အသက်(၁၇)နှစ် (၃)လရှိ နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပထမနှစ်ကျောင်းသူ မသန္တာဦးသည် ၁၅-၁-၂၀၁၄ ရက် ညနေ ၄ နာရီခန့်က နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် ဖခင်ဦးခင်ဝင်းက သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏရဲတပ်ဖွဲ့စခန်းတွင် လူပျောက်အမှတ်စဉ် (၂/၂၀၁၄)ဖြင့် တိုင်ကြားထားခဲ့ရကြောင်းသိရှိရပါသည်။

သို့ပါ၍ မသန္တာဦးအား ဖြားယောင်းသွေးဆောင်ခေါ်ယူသွားပြီး တရားမဝင်လက်ခံပေါင်းသင်းသူအား ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် မသန္တာဦးရှိနေ သည့်နေရပ်အား သတင်းပေးပို့နိုင်သူကို ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ-

ဦးဇော်မျိုးဟန် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၁၁)
ဖုန်း-၀၉-၃၁၅၅၆၆၁၃

ဦးသိန်းဝင်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၀)
ဖုန်း-၀၉-၄၄၈၀၄၂၂၅၆

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ ဘူမိဗေဒအဓိက၊ ခုံအမှတ် ၃ဘ-၅ ဖြင့် အောင်မြင်ခဲ့သော မောင်မြင့်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖေမြင့်ဖြစ်ပါကြောင်း။

ဦးဖေမြင့်

အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ နဝမတန်း (C)မှ မအေးအေးဖြင့်ဖြတ်၏ အမည်မှန်မှာ နန်းအေးအေးဖြင့်ဖြတ် ဖြစ်ပါကြောင်း။

နန်းအေးအေးမြင့်မြတ်

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ နဝမတန်း (C)မှ နန်းအေးအေးမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ခွန်အောင်ကျော်ထွေး ဖြစ်ပါကြောင်း။

ခွန်အောင်ကျော်ထွေး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈ခ/၅၇၀၁၊ ရှမ်းစတား ယာဉ်လက်ဝယ်ရှိသူဦးအိုက်ခမ်း ၁၃/တကန (နိုင်)၀၀၃၅၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈က/၂၃၄၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှကြည်၏သမီး အလက(၂)ဒဂုံမှ အလယ်တန်းပြဆရာမ ဒေါ်ခင်စုစုကြည်(ခ) ဒေါ်စုစုကြည် ၁၂/ဒဂန(နိုင်)၀၁၈၉၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်စုစုကြည်

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၉က/၉၄၁၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ဖြည့်စွက်ခြင်း

ဦးထွန်းကျော်စိန်၏ သမီး [illegible] (ခ)မမိုးဝိုင်းသွယ် ၁၁/စတန(နိုင်)၀၀၈၃၃၃ အား မမေမျိုးခိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မမေမျိုးခိုင်
၁၁/စတန(နိုင်)၀၀၈၃၃၃

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၇၃ နေ
ဦးအောင်လွင်-ဒေါ်သင်းသင်းနိုင်တို့၏ တစ်ဦးတည်းသောသား

မောင်ပြည့်ဖြိုးအောင်

Bachelor of Information Technology
(James Cook University)
IDCS, NCC(UK)

နှင့်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရှဲလမ်း၊ အမှတ် ၁၀၈ နေ
ဦးဝေါင်ကင်စိန်-ဒေါ်အန်လိုင်ခိန်တို့၏ တစ်ဦးတည်းသောသမီး

မစန်းစန်းဝင်း (a) Wong Yu Yan

B.A (English)
Adv.Dip.in Business Management
(Bradford University)

တို့၏ ၁၈-၁-၂၀၁၄ ရက် (စနေနေ့)တွင် Western Park Royal မင်္ဂလာညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့်ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးအောင်-မစန်းစန်းဝင်း

ကျော်ကျော်နိုင်မိသားစုကုမ္ပဏီလီမိတက်

အောင်ချမ်းမြေ့

ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

[JAPANESE LANGUAGE TRAINING CENTRE]

No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅၊ ၀၉-၅၁၅၉၈၇၀

- 11-2-2014 ရက်မှစတင်မည်။ လူဦးရေ (၃၅)ဦးသာလက်ခံမည်။
- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 4:00 PM (Break 1 hour)
- သင်တန်းကာလ(၄)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာမှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည်သူများအတွက် ဂျပန်စာ၊ စကားနာရီပေါင်း(၄၅၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- "အောင်"ပြီး "ချမ်းမြေ့" မှုတွေရရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၀၃၃ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေးငွေးရွှေ ၉/မခန(နိုင်)၀၂၇၇၀၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ [illegible] (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၁)ရပ်ကွက်၊ သဲကန်လမ်း၊ အမှတ် ၁၁၅၀တွင် နေထိုင်သူ ဒေါ်အေး ၁၂/လကန(နိုင်)၀၃၃၁၆၇က ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနမြို့တော်အိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ် ၂၃၊ အခန်းအမှတ် ၀၀၁တွင် နေထိုင်သူ ဒေါ်ငွေး ၁၄/ဟသတ(နိုင်)၀၂၇၁၃၃အား ၂၇-၉-၂၀၁၃ ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၁၈၃၉၀အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြီးမြင့်	**ဦးမောင်မောင်ကြီး**
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
စဉ်-၂၂၁၈	စဉ်-၁၁၆၃၉
အမှတ်၄၇(ပထမထပ်)၊အနောက်မြင်းမြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊	တိုက် ၃၊ အခန်း ၂၈၊ (၈)ရပ်ကွက် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၅၀၀၁၅၆၉၁	ဖုန်း-၀၉-၄၂၁၁၀၀၇၆၅

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖြေတိုင်းရပ်ကွက်အမှတ် ၁၂အိုင်၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၂၂၄၊ မြေကွက်တည်နေရာ အမှတ် ၉၀၊ ၉၄လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မောင်လှရှိနှင့် အစ်မ မသန်းရင်အမည်ပေါ်[illegible] မြေအား အမည်ပေါက် ဦးလှရှိနှင့်ဇနီး ဒေါ်မကြီး ကွယ်လွန် ဒေါ်သန်းရင်၊ ခင်ပွန်း ဦးတင်ဖေနှင့် သားတစ်ဦး၊ ဦးဇော်ဝင်း ကွယ်လွန်သဖြင့် (၁) ဒေါ်တင်တင်လှ ၇/ပခန(နိုင်)၁၉၀၇၂၄၊ (၂) ဒေါ်မေသန်း ၁၂/ဗတထ(နိုင်)၀၂၈၆၆၆၊ (၃) ဒေါ်နွဲ့နွဲ့ ၁၂/ပဘတ(နိုင်)၀၂၂၉၀၄၊ (၄) ဒေါ်ဥမ္မာနွယ် ၁၂/ပဘတ(နိုင်)၀၂၁၁၈၄ (ဒေါ်သန်းရင် ဦးတင်ဖေ၏သမီးများ)၊ (၅) ဒေါ်ဝင်းဝင်းအောင် (ဒေါ်သန်းရင်၊ ဦးတင်ဖေ၏ချွေးမ)၊ (၆) ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၀၈၆၃၃၀၊ (၇)ဒေါ်လှလှချို ၁၂/ဥကတ(နိုင်)၀၃၂၁၁၉၊ (၈) ဦးစိန်ထွန်း ၁၂/ဥကတ(နိုင်)၀၃၂၁၀၃ ဦးလှရှိ၊ ဒေါ်မမကြီး၏ သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ [illegible] စာချုပ်ရန်နှင့် အရောင်း[illegible] မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ [illegible] အေးရိပ်သာလမ်း၊ အမှတ် ၁၇၀ဟုခေါ်တွင်သော မျက်နှာစာ အနံ ၁၅ပေ၊ ရှေ့နောက်အလျားပေ ၇၀၊ ဧရိယာအကျယ်ပမာဏရှိသောမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးသိန်းဖြင့် ၁၂/မဂဒ(နိုင်)၀၄၈၃၄၂နှင့် ဒေါ်နီ ၁၂/မဂဒ(နိုင်)၀၄၈၃၉၀ ထံမှ လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာလွင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၈)
အမှတ် ၁၃၊ ဉာဏလမ်း၊ ဧကရာဇ်ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်ပြည်ဖြိုးငြိမ်း ၉/မထလ (နိုင်) ၂၅၃၇၁၄ နှင့် ကျွန်မ မမေဘယ်(လ်)မိုး (ခ)အိတုံ ၉/မထလ(နိုင်)၂၈၉၉၆၀တို့သည် စိတ်သဘောထားချင်းလုံးဝမတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁-၁-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်းနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

မောင်ပြည်ဖြိုးငြိမ်း
ဖုန်း-၀၉-၄၂၀၇၀၂၃၃၁

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကိုးဆွဲရရိပ်သာ၌ အမြတ်ဆုံး၊ သိမ်၊ ဘုရား၊ ကျောင်းဒေကာခံယူပါ

[illegible]

KBZ Bank Account No.070 12 100 73 733

အများသိစေရန်ကြေညာခြင်း

ဦးထိန်လင်း ၁၂/စခန(နိုင်)၀၁၇၉၅၀၊ ဦးမောင်မောင်ဦး ၁၂/ကတတ(နိုင်)၀၁၀၂၆၈၊ ဦးကျော်လင်း ၁၂/ကတတ(နိုင်)၀၁၀၂၇၀၊ ဦးချိုဝင်း (ခ) ဦးထွန်းအောင် ၁၂/ကတတ(နိုင်)၀၁၀၂၆၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း၊ တိုက်အမှတ် ၉၇၏ မြေညီထပ်(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့သည် အထက်ဖော်ပြပါလွှဲအပ်သူ လေးဦးနှင့်လက်ရှိဖြစ်သူ ဒေါ်ခင်မကြီး ၁၂/ကတတ(နိုင်)၀၁၀၂၆၆ တို့၏ မိဘများဖြစ်သော ဦးအေးကြည်နှင့်ဒေါ်ရီတို့၏ လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။ ဦးအေးကြည်နှင့်ဒေါ်ရီတို့ ကွယ်လွန်ခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါတိုက်ခန်းသည် လက်ရှိအချိန်တွင် လွှဲအပ်သူလေးဦးနှင့် ဒေါ်ခင်မကြီးတို့၏ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိနေသောကြောင့် အမွေဆိုင်အားလုံး၏ သဘောတူညီချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ကြရန်နှင့် လက်ရှိငှားရမ်းနေထိုင်သူများမှလည်း ငှားရမ်းကာလပြည့်မြောက်၍ ထပ်မံငှားရမ်းလိုလျှင် အမွေဆိုင်အားလုံး၏ သဘောတူညီချက်ရယူရန် အသိပေးကြေညာအပ်ပါသည်။ အမွေဆိုင်အားလုံး၏ သဘောတူညီချက်မပါရှိဘဲ ပြုမူဆောင်ရွက်၍ တစ်စုံတစ်ရာပြဿနာဖြစ်ပေါ်လာပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထိန်လင်း၊ ဦးမောင်မောင်ဦး၊ ဦးကျော်လင်း၊ ဦးချိုဝင်း(ခ)ဦးထွန်းအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် (005-B)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဧွးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် (၅)၊ ပထမထပ်(လမ်းမဘက်မှမျက်နှာဆိုင်ကြည့်လျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၂½ပေ×အနံပေ ၅၀)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဒေါ်သင်းကြူ ၁၂/တမန(နိုင်)၀၀၈၆၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်သာထွန်း ၁၁/ပဏတ(နိုင်)၀၁၀၁၅၁သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၃-၁-၂၀၁၄ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ချုပ်ဆို၍ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤ ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ကန့်ကွက်မည်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီအောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ချယ်ရီအောင် LL.B, D.B.L, D.I.L၊ အထက်တန်းရှေ့နေ (စဉ်-၃၈၉၉၀)
အမှတ် (၄၂)၊ စမ်းရေတွင်းလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၅၄၀၀၈၅၀၂

ဦးဝင်းထွန်းဦး ၁၃/ညရန(နိုင်)၀၅၄၁၅၇ သတ်ွမြို့နေသိစေရန်

ရေနန်းသူဇာကုမ္ပဏီတွင် စာရင်းကိုင်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဝင်းထွန်းဦး (ဘ)ဦးထွန်းသိန်း ၁၃/ညရန(နိုင်)၀၅၄၁၅၇သည် စာရင်းများရှင်းလင်းခြင်းမရှိဘဲ ကုမ္ပဏီပိုင်ငွေကြေးများယူဆောင်ပြီးထွက်သွားပါ၍ ဤကြော်ငြာသည့်ရက်မှ တစ်ပတ်အတွင်း ကုမ္ပဏီသို့ လာရောက်ဖြေရှင်းပါရန်နှင့် ကျော်လွန်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရေနန်းသူဇာကုမ္ပဏီ ဖုန်း-၀၉-၇၃၈၈၈၈၉၉၊ ၀၉-၇၃၂၃၂၃၇၉

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ အမှတ် ၂၀၁(မြေညီထပ်)တွင် နေထိုင်သူ ဦးလှမြင့် ၁၂/ပဘတ(နိုင်)၀၂၀၀၁၅သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကို Indigo® Collection ကုန်အမှတ်တံဆိပ်ကို ၁၃-၈-၂၀၁၀ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၅၆၇၅/၂၀၁၀ဖြင့်လည်းကောင်း၊ ၃၀-၁၂-၂၀၁၁ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၃၂၁၂/၂၀၁၁ဖြင့်လည်းကောင်း တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Indigo

၄/၅၆၇၅/၂၀၁၀

Indigo

၄/၁၃၂၁၂/၂၀၁၁

အထက်ဖော်ပြပါ Indigo® Collection ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အသင့်ချုပ်ပြီး အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်အမျိုးမျိုး၊ ရပ်အင်္ကျီအမျိုးမျိုး၊ [illegible]၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီအမျိုးမျိုး၊ ကျောင်းဝတ်စုံအမျိုးမျိုး၊ အားကစားဝတ်စုံများ၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီ အတိုအရှည်၊ အမျိုးသမီးဝတ်စကတ်အမျိုးမျိုး၊ စွပ်ကျယ်၊ အိတ်အမျိုးမျိုး၊ ဖိနပ်၊ ခြေအိတ်၊ အဝတ်အထည်နှင့်ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို အထက်ပါလိပ်စာမှပင်ထုတ်လုပ်ပြီး ယင်းလိပ်စာမှပင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ယခုအခါ မသမာသူ စီးပွားရေးသမားအချို့သည် အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသဖြစ်သော Indi နောက်တွင် အခြားအမည်အမှတ်အသားကိုထည့်သွင်း၍ အရည်အသွေးမမီသော၊ ညံ့ဖျင်းသော ပစ္စည်းများကို ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ Indigo® Collection ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဦးလှမြင့်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ [illegible] တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဦးလှမြင့်၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဤသတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါတုပပြုလုပ်ထားသော ကုန်အမှတ်တံဆိပ်အား ဖျက်သိမ်းခြင်းမရှိဘဲ ဆက်လက်ပြုလုပ်ပါက ပြင်းထန်ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးသတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L., D.M.L, D.A (Psy),
WIPO, D.L.P (Switzerland)
Diploma in International Law
High Court Advocate & Legal Advisor

နေအိမ်
အမှတ်-၄၀၊ ဗိုလ်တောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

ရုံးခန်း
အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တာမွေမြို့နယ်တရားရုံး၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄ နှင့်ဆက်နွှယ်သည်
၂၀၁၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဦးရန်နိုင် နှင့် ဒေါ်သန်းသန်းဌေး
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်သန်းသန်းဌေး၊ ၄၅၊ ၁၃၃လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄တွင် ကျွန်ုပ်သည် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးရန်နိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇနနဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းအောင်)
မြို့နယ်တရားသူကြီး
တာမွေမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် ၁၁၊ အခန်း ၂ အား ဦးညီညီဝင်း ၁၂/ရကန(နိုင်)၀၁၂၅၀၁ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သူဇာအောင် ၁၂/အစန(နိုင်)၀၃၁၇၂၀က တိုက်ခန်းအမည်ပေါက်နှင့် နေထိုင်ခွင့်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

၁။ မှူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ဝဒသမ ၂၃၀ဧကရှိ မြေကွက်ကို ဒေါ်တုံရင်ဖင် ၁၃/မဆတ(နိုင်)၀၁၈၂၁၈ အမည်ဖြင့် ၂၄-၁၁-၁၉၉၉ခုနှစ်မှ ၂၃-၁၁-၂၀၂၉ ခုနှစ်အထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။

၂။ အဆိုပါ မြေငှားဂရန်ထွက်ရှိထားသည့် မြေနေရာအား ဒေါ်တုံရင်ဖင်မှ ဒေါ်လိရင်ရှန် ၁၃/ကခန(နိုင်)၀၅၄၂၀၅သို့ ရောင်းချထားခဲ့ပြီး ၎င်းမှ ကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဟူဒေးယင် ၁၃/ကခန(နိုင်)၀၂၈၉၆၃မှ လက်ဝယ်၌ ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမိတ္တူလျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ခ၊ မြေကွက်အမှတ် ၃၀၄၊ မြေကွက်တည်နေရာအမှတ် ၃၀၄၊ တုဿိတာလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုန်းမောင် ၁၂/ဥကမ(နိုင်)၀၄၀၈၈၁၊ ဒေါ်ခင်ဆွေ ၁၂/ဥကမ(နိုင်)၀၄၀၅၄၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးမြစ်သူ ဒေါ်ခင်ဆွေ(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးမြစ်သူ ဦးအုန်းမောင် ၁၂/ဥကမ(နိုင်)၀၄၀၈၈၁မှ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် ၁၂၊ ဧရိယာ ဝဒသမ ၀၈၆ဧကရှိ ဒေါ်ခင်မြဌေး အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်မြဌေး ၁၀/မဒန(နိုင်)၀၃၅၀၅၇ (ဘ)ဦးကောက်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဂ၊ မြေကွက်အမှတ် ၁၂၅၃၊ မြေကွက်တည်နေရာအမှတ် ၁၂၅/ခ၊ ဥက္ကာ ၅ လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးသန်းအောင် N/OKA-၀၀၂၅၄၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသန်းအောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကြည်လေး ၁၂/ဥကမ(နိုင်)၀၃၃၂၂၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/က)၊ မြေကွက်အမှတ်(၃/ဠ)၊ မြေကွက်တည်နေရာအမှတ် ၃၆၊ သမာဓိ ၄လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးသိန်းဖေ၊ မမွှေးမွှေး၊ မောင်သိန်းမြင့်ဖေ၊ မလှလှရွှေ၊ မောင်ထွန်းမြင့်ဖေ အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉)မြေအား အမည်ပေါက်တစ်ဦးမြစ်သူ ဦးသိန်းဖေ LKW-၀၀၃၂၄၅ (ခင်ပွန်း၊ ဖခင်)ကွယ်လွန်သဖြင့် ၁။ ဒေါ်အုံးမွှင့် ၁၂/သဃက(နိုင်)၀၇၃၈၂၆နှင့် ကျန်အမည်ပေါက်များမြစ်သော ဒေါ်မွှေးမွှေး ၉/မရတ(နိုင်)၀၃၇၀၄၁၊ ဦးသိန်းမြင့်ဖေ ၁၂/သဃက(နိုင်)၁၄၃၁၄၁၊ ဒေါ်ဝင့်ဝါဖေ(ခ)လှလှရွှေ ၁၃/တကန(နိုင်)၁၄၇၂၅၉၊ ဦးထွန်းမြင့်ဖေ ၁၂/သဃက(နိုင်)၁၄၂၈၇၂တို့က တစ်ဦးတည်းသောဇနီးနှင့် သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃J၊ မြေကွက်အမှတ် V ၁၄၅၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ကျောင်းလမ်း၊ စော/တောင်ရပ်ကွက်၊ အလုံ ဒေါ်မာလာမြင့်၊ ဒေါ်ခင်စန်းမြင့် အမည်ပေါက် နှစ် ၉၀၏ မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးမြစ်သူ ဒေါ်ခင်စန်းမြင့် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်မာလာမြင့် ၁၂/အလန(နိုင်)၀၁၉၇၁၈က သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာ၊ ဂရန်မိတ္တူတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၂၀အေ/၄၊ ဧရိယာ ၀ ဒသမ ၁၅၀ ဧက၊ မြေကွက်တည်နေရာအမှတ် ၅၀၁၊ တီစီစီလမ်းသွယ်၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေအမည်ပေါက် ဒေါ်ကြူကြူဝင်း၊ ဒေါ်သီသီ မြေအား အမည်ပေါက်တစ်ဦးမြစ်သူ ဒေါ်သီသီထံမှ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ် ၃၄၁၃/၁-၉-၂၀၀၅မြင့်ရရှိသူ ကျန်အမည်ပေါက် တစ်ဦးမြစ်သူ ဒေါ်ကြူကြူဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၆၇/၂၂-၁၁-၂၀၁၃မြင့်ရရှိသူ ဦးစိုးမြင့် ၁၂/စခန(နိုင်)၀၄၈၂၉၄ မှ မူလအမည်ပေါက်စာချုပ် ၃၇၂၂/၂၄-၁၁-၂၀၀၄ နှင့် အပြီးအပိုင်စွန့်လွှတ်စာချုပ် ၃၄၁၃/၁-၉-၂၀၀၅တို့၏ မိတ္တူမှန်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အနန္တကျေးဇူးတော်ရှင်ကြခတ်ပိုင်းဆရာတော်ကြီး (၃)နှစ်ပြည့် အထိမ်းအမှတ် တတိယအကြိမ်ဂုဏ်ပူဇာပင့်လျှောက်/ဖိတ်ကြားခြင်း

ဘဝနတ်ကျောင်းရွှေပြောင်းစံနေတော်မူသည့် တပည့်များ၏ အနန္တကျေးဇူးရှင် နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တွဲဖက်ရွှေကျင် သာသနာပိုင် ကြခတ်ပိုင်း ပဌမဆရာတော် ဘဒ္ဒန္တဇောတိပါလ မဟာထေရ်မြတ်ကြီး၏ ဂုဏ်တော်အဖုံဖုံကို အာရုံတန်းမှန်းလှူဒါန်းပူဇော်သည့် (၃)နှစ်ပြည့်အထိမ်းအမှတ် ကျေးဇူးဆပ် တတိယအကြိမ် ဂုဏ်ပူဇာအလှူတော်မင်္ဂလာသဘင်ကို ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက် (၂၈-၁-၂၀၁၄) ရက် အင်္ဂါနေ့ နံနက် ၉နာရီတိတိတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်ကြပါရန် ရပ်ဝေးရပ်နီးအသီးသီးရှိ ဆရာတော်ကြီး၏ တပည့် ကြခတ်ပိုင်း ဝံသဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့ထံ လက်လှမ်းမီသမျှ ပင့်လျှောက်လွှာ၊ ဖိတ်ကြားလွှာများ ပေးပို့ဆက်ကပ်ပြီးဖြစ်ပါသည်။

ပင့်လျှောက်/ဖိတ်ကြားလွှာမရောက်လျှင်လည်း ဤသတင်းစာပါ ပင့်လျှောက်/ဖိတ်ကြားခြင်းကို အသိအမှတ်ပြုပြီး ကြွရောက်ပူဇော်ကြပါရန် ရိုသေလေးစားအရေးထားကာ အကြောင်းကြားသိစေအပ်ပါသည်။

ဝန်ဆောင်သံဃာတော်များနှင့်
ဒါယကာ ဒါယိကာမများ
ကြခတ်ပိုင်းကျောင်းတိုက်၊ ပဲခူးမြို့

စယာနယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

(၄၄)ကြိမ်မြောက် ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်လုံးကျွတ်အစည်းအဝေးကို သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့်အတူ အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ယောသား ယောသူများအား တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	- ၂-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- မွန်းတည့် ၁၂း၀၀နာရီ
ကျင်းပမည့်နေရာ	- သတ္တာဒေဝမန္ဒသာန်၊ ယောနယ်အသင်းဓမ္မာရုံ၊ စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်။

(၁၀)တန်းအောင် ဝိဇ္ဇာ၊ သိပ္ပံတွဲ၊ ဒီပလိုမာ၊ အဆင့်ဖြင့်ဘွဲ့ရသူများသည် အထောက်အထားများနှင့်အတူ ၂၅-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ၂၀၂/လမ်း ၄၀ အသင်းတိုက်သို့ လျှောက်လွှာတင်သွင်းကြပါရန်နှင့် အလှူရှင်များ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလု ဖုန်း-၃၈၀၄၄၈တို့သို့ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ပါသည်။ အစည်းအဝေးတက်ရောက်သူတိုင်းအား အသင်းမှ အမှတ်တရလက်ဆောင်ပေးပြီး အကျွေးအမွေးဖြင့် ဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ နှစ်စဉ်ကြေးကောက်ခံကြောင်း အသင်းသူ အသင်းသားများအား အသိပေးကြေညာခြင်း

နှစ်စဉ်ကြေးကောက်ခံမှုသတ်မှတ်ချက်များ

(က) မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ အသင်းဝင်ကတ်ပြားအသစ်လဲလှယ်ခြင်းနှင့် နှစ်စဉ်ကြေးကောက်ခံမှုအား ၃၁-၁-၂၀၁၄ ရက်အထိ ကောက်ခံသွားမည်ဖြစ်ပါသည်။
(ခ) ၁-၂-၂၀၁၄ ရက်မှစ၍ ကုန်စည်ဒိုင်ကတ်ပြားအသစ်များဖြင့်သာ ကုန်စည်ဒိုင်အတွင်း ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။
(ဂ) ၁-၂-၂၀၁၄ ရက်မှ ငွေလာသွင်းပါက ကတ်ပြားမူလအဟောင်းအား ပြန်လည်သိမ်းယူမည်ဖြစ်ပြီး ဧည့်ကတ်ပြုလုပ်၍ ကုန်စည်ဒိုင်အတွင်း ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။
(ဃ) နှစ်စဉ်ကြေးပေးသွင်းမည့်ကာလအား သတ်မှတ်ကာလ သုံးလသတ်မှတ်ထားပြီး သုံးလထက်ကျော်လွန်ပါက နောက်ကျကြေး ၁၀၀၀၀ိ/- တိုးမြှင့် ကောက်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀-က)
မှော်ဘီမြို့နယ်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၄

ကိုဇော်မင်းသိန်း နှင့် မဇင်ဇင်ငြိမ်း
တရားလို **တရားပြိုင်**

တရားပြိုင် မဇင်ဇင်ငြိမ်း တ.ရ.သ(၁)၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **လင်မယားကွာလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည့်ဖြစ်၍ သင်ကိုယ်တိုင်မြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၅ရက်) ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည့်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းသိန်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး
မှော်ဘီမြို့နယ်တရားရုံး

ပါရာဂိမ်းနှင့် မုဒိတာ

မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှု၊ ပွင့်လင်းမြင်သာမှုနှင့်အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်လျှောက်လှမ်းနေသည့်ကာလ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခါစကာလတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နိုင်ငံတကာက အံ့သြချီးကျူးရလောက်အောင် အိမ်ရှင်အဖြစ် တရားမျှတအောင်မြင်စွာ လက်ခံကျင်းပအပြီး ယခု (၇) ကြိမ်မြောက် အာဆီယံ

မသန်စွမ်း အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ဆက်လက်လက်ခံကျင်းပလျက်ရှိသည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ကျင်းပခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေးတစ်ခုတည်းအတွက် ရည်ရွယ်ပြီး ကျင်းပခြင်းမဟုတ်ဘဲ လူ့ဘောင်အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများကိုလည်း တန်းတူအခွင့်အရေးပေးခြင်း၊ ကိုယ်ချင်း စာနာစိတ်ထားရှိခြင်း၊ အားကစားဖြင့် အာဆီယံဒေသအတွင်း မသန်စွမ်းသူများအကြား ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားခြင်းပင်ဖြစ်သည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား ၂၆၉ ဦးနှင့်အတူ အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားသမားစုစုပေါင်း ၁၄၈၂ ဦးတို့က အားကစားနည်းပေါင်း ၁၂ မျိုး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆုတံဆိပ်များအနေဖြင့် ရွှေတံဆိပ်ဆု ၃၃၉ဆု၊ ငွေတံဆိပ် ၃၃၉ဆု၊ ကြေးတံဆိပ် ၃၅၉ဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအားကစားကွင်းသို့ စာရေးသူတို့ သတင်းသွားရောက်ယူရာတွင် လုံခြုံရေးတာဝန်ယူထားကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များက သူ့နေရာနှင့်သူ ကိုယ်ရောစိတ်ပါ ညီရင်းအစ်ကိုမောင်ရင်း နှမသဖွယ် ကရုဏာမေတ္တာစိတ်များဖြင့် မသန်စွမ်းအားကစားမောင်မယ်များနှင့် အားကစားပွဲများလာရောက်အားပေးကြည့်ရှုသူ၊ ဖွင့်ပွဲသို့ လာရောက်ကြည့်ရှုသူ၊ မသန်စွမ်းသူများအား နွေးထွေးပျူငှာစွာကရုဏာစိတ်များထား၍ ဝိုင်းဝန်းကူညီဖေးမပြုစုစောင့်ရှောက်ပေးမှုများကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည်။ လုံခြုံရေးဝန်ထမ်းစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နေတာလား၊ တကယ့်ကိုကရုဏာစိတ်များထား၍ ပြုလုပ်ပေးနေတာလားဆိုတာသိချင်လာ၍ မိမိတို့သတင်းအဖွဲ့က တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရဲမှူးကြီးက ရဲအရာရှိကြီးများ၊ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူး ညီဝင်းတို့နှင့်အတူ လုံခြုံရေးဝန်ထမ်း ၂၀၀၀၀ ကျော် တာဝန်ယူချထားခဲ့ကြောင်း ပြောပြသည်။ စာရေးသူတို့ကိုယ်တိုင် မသန်စွမ်းသူများအပေါ် ကိုယ်ချင်းစာတရားထား၍ ကရုဏာစိတ်များထားကာ ပြုလုပ်ဆောင်ရွက်ပေးနေသည်ကို သတင်းသမားများ မြင်တွေ့ရတဲ့အတိုင်း မသန်စွမ်းသူများ ကားပေါ် အဆင်းမှစ၍ အားကစားကွင်းအတွင်းသို့ သွားရောက်နိုင်ဖို့ ကိုယ်တိုင်ကိုယ်ကျနွေးထွေးစွာ ကူညီဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ခဲ့ရသည်။ မသန်စွမ်းသူများ ဝင်/ထွက်သွားလာကြသည် ဂိတ်ပေါက်များကို ရဲချုပ်ဖော်ဝင်း ကိုယ်တိုင် စလယ်ဆုံးစောင့်ကြပ် ကြည့်ရှုနေသည့်ကိုတွေ့မြင်ရသည့်အတွက် စိတ်ထဲမှာတွေးထင်ရင်း ပြည်သူချစ်သော ဖြည်သူ့ရဲတပ်ဖွဲ့ဝင်များကို မုဒိတာပွားပြီး (၇) ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအား ကစားပွဲကြီးအောင်မြင်ပါစေကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဗုန်းကျော်

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်း

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် /၂၀၁၄)
(၁၃၇၅ ခုနှစ်၊ လ ရက်)
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်၊ စီရင်စီုင်ခွင့်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် ဖြစ်စေ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင် ကျူးလွန်လျှင် လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ခ) **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတစ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း(၅)အရ ဖွဲ့စည်းထားသောဌာန သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဂ) **စီစစ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း(၆)အရ ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း(၇)အရ ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

(င) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေက သတင်းပို့ရန် သတ်မှတ်ထားသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေအရသတင်းပို့ရန် အခါအားလျော်စွာ သတ်မှတ် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။

(စ) **စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့ရန် သတ်မှတ်ထားသည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအနေဖြင့် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြစေရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိကြောင်း ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်လျက် တာဝန်ပေးအပ်ခြင်းခံရသူကို ခေါ်သည်။

(ဆ) **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် အခြားသက်ဆိုင်သော ဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဖောက်သည် တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကုန်သွယ်ရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ရောင်းပယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်း အဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများကို ဆိုသည်-

(၁) ပုဂ္ဂလိကတစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကုန်သွယ်ရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူ ချေးငွေ၊ အပေါင်ဖြင့် ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေရေးကြေးရေးအငှားချထားခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရွန်နစ် ငွေကြေးများနှင့် ပေးချေမှုနည်းလမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါ ငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ဘီလ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်း နှင့် စျေးနှုန်းညွှန်းကိန်း စာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးစျေးကွက် စာချုပ်စာတမ်းများအား ရောင်းပယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်း ရောင်းဝယ်ခြင်း၊

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင်ပါဝင်ခြင်းနှင့် အဆိုပါ ကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များ ကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သောငွေချေးသက်သေခံ လက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေ များ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြား ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက် အာမခံလုပ်ငန်းဆောင်ရွက်ပေးခြင်းနှင့် တစ်ဆင့်အာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့်ငွေများ လဲလှယ်ဆောင်ရွက်ခြင်း၊

(ဇ) **သင်္ကေတနိုင်သောဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်း တရားပင်စီးပွားရေး လုပ်ငန်းအဖွဲ့တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အမြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့် အပြင် ထိရောက်ခိုင်မာသည့် ကြီးကြပ်မှုခံရသော ငွေရေးကြေးရေး အုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်း မရှိသည့် ဘဏ်ကိုဆိုသည်။

(ဈ) **တစ်ဦးတစ်ယောက်သောသူ၊ သူတစ်ဦး** ဆိုသည်တွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ သို့တည်းမဟုတ် အဖွဲ့အစည်း သို့တည်းမဟုတ် လူအစုလည်း ပါဝင်သည်။

(ည) **အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်** ဆိုသည်မှာ မူလအစကပိုင်ဆိုင်သူကိုဖြစ်စေ၊ ဖောက်သည်တစ်ဦးကို ထိန်းချုပ်သူကိုဖြစ်စေ သို့မဟုတ် လွှဲပြောင်း ဆောင်ရွက်မှုတစ်ခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေ သည့် သူတစ်ဦးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခုကို အဆုံးစွန်ထိရောက် သော ထိန်းချုပ်မှုပြုလုပ်သည့် သူတစ်ဦးလည်း ပါဝင်သည်။

(ဋ) **ဖောက်သည်** ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူကို ဆိုသည်-

(၁) ငွေလွှဲပြောင်းခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် ကတိကဝတ် ပြုခြင်း ဆောင်ရွက်သူ၊

(၂) ငွေလွှဲခြင်း သို့မဟုတ် ငွေစာရင်းတွင် လက်မှတ်ရေးထိုးသူ၊

(၃) ငွေလွှဲရန် တာဝန်ပေးအပ်ခံရသူ၊ ငွေလွှဲပြောင်းသူ၊ ငွေလွှဲရန် အခွင့်အရေးရှိသူ သို့မဟုတ် တာဝန်ရှိသူ၊

(၄) ငွေလွှဲပြောင်းရန် သို့မဟုတ် ငွေစာရင်းအားထိန်းချုပ်ရန် အခွင့် အာဏာရှိသူ၊

(၅) ပုဒ်မခွဲငယ် (၁) မှ (၄) အထိပါ ကိစ္စရပ်များ ဆောင်ရွက်ရန် အားထုတ်သူ၊

(ဌ) **ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကို လည်းကောင်း၊ ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ** ဆိုသည်မှာ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဘုတ်အဖွဲ့အဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူ တို့ကို ဆိုသည်။

(ဎ) **ငွေကြေးခဝါချမှု** ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ် ကျူးလွန် ခြင်းကို ဆိုသည်-

(၁) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်သည် ဟု သိရှိလျက်နှင့်ဖြစ်စေ၊ သိရှိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ ဇာစ်မြစ်ကို အသွင်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင် သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူ တစ်ဦး တစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤ ဥပဒေအရအရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှု မကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီ ပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့် ပစ္စည်းကို ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ် ကြောင်း သိရှိသည် သို့မဟုတ် သိရှိရန် အကြောင်းရှိသည့် ငွေကြေး နှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်း ငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းသော်လည်းကောင်း ပြုခြင်း၊

(၃) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်း ဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိရှိသော သို့မဟုတ် သိရှိရန်အကြောင်းရှိသော ငွေကြေးနှင့်ပစ္စည်းကို ရယူ ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲ (ဎ)၊ အပိုဒ် (၁) မှ (၃) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန် အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့် သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ် ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း။

(ဏ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပ နိုင်ငံတစ်ခုခုက ထုတ်ပေးထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း များဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက် မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံ စာချုပ်များ၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(တ) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင် သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း အီလက်ထရွန်နစ် အထောက်အထားများ အပါအဝင်ပစ္စည်းကို အသုံးချ ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ် အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားပင်ငွေများလည်း ပါဝင်သည်။

(ထ) **တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းနှင့်စပ်ဆိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုမဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို အခြေခံ၍ ဖြစ်ထွန်းလာသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့် အကျိုးအမြတ် တို့သည်လည်းကောင်း၊ အခြားပစ္စည်းအဖြစ် ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း အဖြစ်ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများသည်လည်းကောင်း ပါဝင်သည်။

(ဒ) **သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ** ဆိုသည်မှာ ပိုင်ရှင် ကိုယ်စား ငွေထုတ်သည့်ပုံစံဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ ခုန်ကန် ကြောင်း လက်မှတ်ရေးထိုးခြင်းဖြင့်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံ သူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိ စာချုပ်များနှင့် ငွေပေးအမိန့်များ အပါအဝင် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ ခရီးသွားချက်လက်မှတ်များကဲ့သို့ သယ်ဆောင်လွှဲ ပြောင်းနိုင်သည့်ပုံစံရှိသော ငွေရေးကြေးရေး စာချုပ်စာတမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေ လက်ခံမည့်သူ၏အမည်မပါဝင်သည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များ၊ ငွေပေးအမိန့်များနှင့် မပြည့်မစုံဖြစ်သည့် စာချုပ် စာတမ်းများလည်း ပါဝင်သည်။

(ဓ) **အသုံးပြုဝစ္စည်း** ဆိုသည်မှာ ဤဥပဒေပါပြစ်မှုများ၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုကျူးလွန်ရန်အလို့ငှာ အသုံး ပြုသည် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းများကို ဆိုသည်။

(န) **ငွေစာရင်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေရေး ကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများက ဖြုလုပ်သော အောက်ပါ ဆောင်ရွက်ချက်တစ်ခုခုကိုဆိုသည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းများအပ်နှံသည်ကို လက်ခံခြင်း၊

(၂) ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းခြင်းကိုသော်လည်းကောင်း၊ ဘဏ်စာရင်းမှ ထုတ်ယူခြင်းကိုသော်လည်းကောင်း ခွင့်ပြုခြင်း၊

(၃) အခြားသူတစ်ဦးတစ်ယောက်ကိုယ်စား လွှဲပြောင်းနိုင်သော သို့မဟုတ် ရွှေ့ပြောင်းနိုင်သော စာချုပ်စာတမ်းများပေးအပ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ယူခြင်း သို့မဟုတ် စဆောင်းခြင်းအတွက် အမိန့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(၄) လုံခြုံသည့် အာမခံသေတ္တာ သို့မဟုတ် အခြားလုံခြုံမှုရှိသော အာမခံ ပုံစံများအတွက် အထောက်အကူ သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ခုခု။

(ပ) **ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း** ဆိုသည်မှာ ဖောက်သည် တစ်ဦးတစ်ယောက်၏ လွှဲပြောင်းဆောင်ရွက်မှုသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့နှင့် စပ်ဆိုင်မှု ရှိမရှိ ဆက်လက် စိစစ်နိုင်ရန်အတွက် စီးပွားဆက်ဆံမှု စတင်သည့်အချိန်မှစ၍ အဆိုပါ ဖောက်သည်နှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲ ပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်စုံစွာ ရရှိရန် စဉ်ဆက်မပြတ် အာရုံစိုက်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များသို့ ဆက်လက်သတင်းပို့ခြင်း စသည်တို့ပါဝင်သည့် လုပ်နည်းစနစ်ကို ဆိုသည်။

(ဖ) **ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရွန်နစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း** ဆိုသည်မှာ မူလပုဂ္ဂိုလ်၏ကိုယ်စား ငွေရေးကြေးရေးလုပ်ငန်းတစ်ခုမှ တစ်ဆင့် အခြားငွေရေးကြေးရေးလုပ်ငန်းတစ်ခု၏ အကျိုးခံစားခွင့်ရှိသူ ထံ အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးလွှဲပြောင်းခြင်း အားလုံးကို ဆိုသည်။

(ဗ) **ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှု ဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း**ဆိုရာတွင် အောက်ပါတို့ပါဝင် သည်-

(၁) ကာဆီနိုများ၊

(၂) အိမ်ခြံမြေ အကျိုးဆောင်များ၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းပယ်သူများ၊

(၄) မိမိအမည်၏ ငွေကြေးနှင့် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုနှင့် အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေများ၊ နိုထရီများ၊ စာရင်းကိုင်များ သို့မဟုတ် အခြားလွတ်လပ်သော ဥပဒေရေးရာကျွမ်းကျင်သူများ-

(ကက) အိမ်ခြံမြေရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) အမည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ် များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များ စာရင်းကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက် ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ပယ်ယူခြင်းနှင့်ရောင်းချခြင်း။

(၅) အောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီ များ အုပ်ထိန်းမှုအဖွဲ့နှင့် ကုမ္ပဏီဝန်ဆောင်မှုပေးသူများ-

(ကက) တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စား လှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး အဖြစ်သော်လည်းကောင်း၊ စပ်တူလုပ်ကိုင်သူ သို့မဟုတ် အခြားတရားဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ် တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော် လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသောတရားဝင်အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ် တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

အချပ်ပို (D)သို့

ဥပဒေကြမ်း

အချပ်ပို (C)မှ

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံ အစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဘ) **အုပ်စုလိုက် အကောင်အထည်ဖော်မှု** ဆိုသည်မှာ မိခင်ကုမ္ပဏီ သို့မဟုတ် အခြားသော ကုမ္ပဏီအဖွဲ့အစည်းအမျိုးအစားတစ်ရပ်ရပ်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ မိမိ၏ရုံးခွဲများနှင့် လက်အောက်ခံ ကုမ္ပဏီများအား ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှု၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့်ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့မှ တစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားသောသက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်နှင့်သက်ဆိုင်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။

အခန်း (၃)
ဤဥပဒေ နှင့် သက်ဆိုင်သည့် ပြစ်မှုများ

၅။ အောက်ပါပြစ်မှုများသည် ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုဖြစ်သည်-

(က) ဥပဒေနှင့်မညီသောလုပ်ငန်းများနှင့် ဒစရိုက်ဂိုဏ်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သော ပြစ်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ခ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဂ) ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ထိပါးမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊ (ဉာဏပစ္စည်းဆိုင်ရာ ပြစ်မှုများ)

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှုများ၊

(င) အခွန်တိမ်းရှောင်မှုနှင့် အခြားအခွန်ဆိုင်ရာ မှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(စ) ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဆ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့် သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအားပေးအပ်၍ဖြစ်စေ တရားမဝင် အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာ ပြစ်မှုများ၊

(ဇ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်သုံးနှစ်နှင့်အထက် ဖြစ်ဒဏ်ထိုက်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအပေါ် ငွေကြေးခဝါချခြင်းနှင့် စပ်ဆိုင်သောပြစ်မှုများ၊

(ဈ) အခါအားလျော်စွာ နိုင်ငံတော်က ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြဋ္ဌာန်းသည့် ပြစ်မှုများ၊

(ည) ပုဒ်မခွဲ (က) မှ (ဈ) ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မဖြင့်သော်လည်းကောင်း၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှု။

အခန်း (၄)
ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင်ဦးရေအများဆုံး(၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများထဲမှဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းမဟုတ်သူများထဲမှဖြစ်စေ သင့်လျော်သည့် ပုဂ္ဂိုလ်များကိုရွေးချယ်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

၇။ ဗဟိုအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်အပေါ်ပြု ချဉ်းကပ်မှုနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်မှုကိုလည်းကောင်း၊ သတင်းပို့ အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများလိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း-

(၁) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် အန္တရာယ်အဆင့်မြင့်မားသည့် အခြေအနေမျိုးတွင် ဖောက်သည်အပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် ဆောင်ရွက်ပြီးနောက် ဖောက်သည်အပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစဉ် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) မိမိအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု အန္တရာယ်ဖော်ထုတ်အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ ယင်းရလဒ်များအနက် သင့်လျော်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများအား အသိပေးဖြန့်ဝေခြင်းနှင့် ယင်းတို့ရရှိသည့် အချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့စေခြင်း၊

(ခ) သတင်းပို့ရမည့် ငွေကြေးနှင့် ပစ္စည်းများ၏ တန်ဖိုးပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ စိစစ်ရေးအဖွဲ့က ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရန်အမိန့်ထုတ်ဆင့်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(င) ပုဒ်မခွဲ (ဂ) အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ဃ) အရ ထုတ်ဆင့်သည့် တားမြစ်မိန့်နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကိုလည်းကောင်း ရုပ်သိမ်းခြင်း၊

(စ) ငွေကြေးခဝါချမှုပြုလုပ်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးတပ်ဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(ဆ) သက်သေခံအဖြစ်သိမ်းဆည်းထားသောပစ္စည်းကို ခံဝန်ချုပ်ဖြင့်ပြန်လည်ပေးအပ်ရန် ခွင့်ပြုသည့်အမိန့်ချမှတ်ခြင်းနှင့် ယင်းခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား လိုအပ်သော အကာအကွယ်ပေးခြင်းနှင့် ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ည) ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အောက်ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်များအနက် အရေးယူသင့်သည့် ပြစ်ဒဏ်များ ချမှတ်အရေးယူရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ သို့မဟုတ် ကော်မရှင် သို့မဟုတ် အဖွဲ့အစည်းထံသို့ ဆက်သွယ်ညှိနှိုင်းအကြောင်းကြားခြင်း-

(၁) စီးပွားရေးလုပ်ငန်း ရပ်ဆိုင်းစေခြင်းနှင့် အဆိုပါကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(၂) မည်သည့်လုပ်ငန်း ဆောင်ရွက်မှုတစ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်မှုအများကိုဖြစ်စေ နှစ်နှစ်ထက်မပိုသည့်ကာလအတွင်း ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၃) ကုမ္ပဏီအဖွဲ့အစည်း၏ လုပ်ငန်းခွဲကို ငါးနှစ်ထက်မပိုသည့်ကာလ သက်မှတ်၍ ပိတ်သိမ်းခြင်း၊

(၄) ဤဥပဒေပါပြစ်မှုများကို ကျူးလွန်ခြင်းနှင့် ဆက်နွှယ်သည့် အဆောက်အအုံကို ငါးနှစ်ထက်မပိုသည့်ကာလအထိ အသုံးမပြုရန် တားမြစ်ခြင်း၊

(၅) ကစ်နှစ်ထက်မပိုသည့် ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဗဟိုအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ထားရှိခြင်း၊

(၆) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းစေခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်း။

(ဋ) ပုဒ်မခွဲ (ည) ပါ ပြစ်ဒဏ်သတ်မှတ်ချက်များကို စာပေစာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ အများပြည်သူသို့ ထုတ်ပြန်ကြေညာအသိပေးခြင်း။

အခန်း (၅)
ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုအဖွဲ့သည်-

(က) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့်ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာ ပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဗဟိုအဖွဲ့အစည်းတစ်ရပ်အဖြစ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ပေးရမည်။

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၏ ဖွဲ့စည်းမှု၊ လုပ်ငန်းလည်ပတ်မှုနှင့် အရင်းအမြစ်များကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည်။

၁၀။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည်-

(က) သတင်းပို့အဖွဲ့အစည်းများက လိုက်နာအသုံးပြု ဆောင်ရွက်ရမည့် သတင်းပို့ချက် သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့် အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု သံသယရှိလျှင် စိစစ်ချက်ရလဒ် သို့မဟုတ် အခြားသောသက်ဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာ ပေးအပ်ခြင်း၊ ပြည်တွင်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းပြုနိုင်သည်။

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၏ အလားအလာများ၊ စောင့်ကြည့် အကဲဖြတ်မှုရလဒ်များနှင့် ယင်းပြစ်မှုနှင့်ဆက်စပ်သည့် ပုံစံများ၊ ဦးတည်ရာများ၊ အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ လေ့လာရရှိသည့် သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်းပြုရမည်။

(ဃ) ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်သည့် ပြည်တွင်းမှ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ ပြုရမည်။

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သော အကူအညီအထောက်အပံ့ပေးခြင်းတို့ ပြုရမည်။

(စ) မိမိ၏လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်အသစ်များကို သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများက သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့ရန် ကာလသတ်မှတ်၍ တောင်းခံနိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့်သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိသည်။

(ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဈ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းနှင့် သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု ပြုလုပ်ခွင့်ရှိသည်။ သဘောတူညီချက်မရှိသည့် အခြေအနေတွင် စည်းမျဉ်းသတ်မှတ်ချက်ကို အခြေခံ၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ပြုနိုင်သည်။

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည်-

(က) မိမိအဖွဲ့အစည်းနှင့်အလားတူ လုပ်ငန်းတာဝန်ရှိပြီး လျှို့ဝှက်ချက်ထိန်းသိမ်းရန် တာဝန်ရှိသော ပြည်တွင်း၊ ပြည်ပအာဏာပိုင် အဖွဲ့အစည်းများနှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ပြည်ပမိတ်ဖက်အဖွဲ့အစည်းများအား အောက်ပါနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားရမည်-

(၁) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့က အသုံးပြုသည့် ရည်ရွယ်ချက်နှင့် အသုံးပြုပုံအတိုင်းသာ အသုံးပြုစေခြင်း၊

(၂) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ ပါ ပြစ်မှုများတိုက်ဖျက်ရေးအတွက် အသုံးပြုစေခြင်း၊

(၃) အခြားကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန်ရည်ရွယ်ပါက ယင်းသတင်းအချက်အလက်ကို ပေးအပ်သည့် အဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက် ရယူစေခြင်း။

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ပြည်ပမိတ်ဖက်အဖွဲ့အစည်းထံမှ လက်ခံရရှိသည့် အကူအညီတောင်းခံမှုကို အခြေခံကာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) တွင် ရည်ညွှန်းထားသည့် သတင်းအချက်အလက်များကို ရယူနိုင်သည့်ခြင် ပြည်တွင်းကိစ္စရပ်များအတွက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ အကူအညီတောင်းခံမှုကို အထောက်အကူဖြစ်စေမည့် အခြားသောအရေးယူဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည်။

အချပ်ပို (E)သို့

အချပ်ပို (D)မှ

၁၂။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လက်ခံရရှိသည့် သတင်းပို့ချက်များနှင့် သတင်းအချက်အလက်များကို လည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများဆိုင်ရာ သတင်းအချက်အလက်များကို လည်းကောင်း လက်ခံ၍ စိစစ်သုံးသပ်ပြီးနောက် တွေ့ရှိချက်များအရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိပါက စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

အခန်း (၆)

စိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ စိစစ်ရေးအဖွဲ့သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမားတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် ယင်းငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းခြင်းဆိုင်ရာကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်း၊ ခြေရာကောက်ခြင်းနှင့် ရှာဖွေခြင်း၊

(ခ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ သိမ်းဆည်းထားသော ပစ္စည်းများအား အာမခံဖြင့် ပြန်လည်ပေးအပ်ထားရှိခြင်း၊

(ဂ) ခံဝန်ချုပ် ပြုလုပ်ခြင်း၊

(ဃ) စိစစ်သည့်ကာလအတွင်း အဆိုပါငွေကြေးနှင့်ပစ္စည်းများအား ချိပ်ပိတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ရောင်းဝယ်မှုမပြုလုပ်ရန် တားမြစ်ခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားသော မှတ်တမ်းများအားထုတ်ပေးရန် တောင်းဆိုခြင်းနှင့်ဖတ်ရှုခြင်း။

(စ) စိစစ်ခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးထံမှဖြစ်စေ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော အထောက်အထားများကို တောင်းယူစစ်ဆေးခြင်း။

(ဆ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ၏ အမည်ခံထားသော အဆောက်အအုံ၊ မြေနှင့်လုပ်ငန်းနေရာ တစ်ခုခုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၁၄။ ပုဒ်မ (၁၃) တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့်ညွှန်ကြားချက်များ သို့မဟုတ် အခြားသောသက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ စိစစ်သည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

အခန်း (၇)

စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုအဖွဲ့သည် **ငွေကြေးဆိုင်ရာ** စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တင်ပြလာသည့် စိစစ်ချက်အစီရင်ခံစာအရ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဒုတိယဝန်ကြီးတစ်ဦး သို့မဟုတ် ဗဟိုအဖွဲ့ဝင် တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး အနည်းဆုံး အဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ခ) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့် ထပ်မံရယူသည့် သက်သေခံချက်များကို သုံးသပ်ပြီး မိမိ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

အခန်း (၈)

ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၁၈။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့်အညီ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းများကိုမဆို စာဖြင့် ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်ပြင် သက်ဆိုင်ရာအာဏာပိုင်များက အဆင်သင့်ရယူ အသုံးပြုနိုင်ရမည်။

၁၉။ သတင်းပို့အဖွဲ့အစည်းများသည်-

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဖောက်သည်များနှင့်ပတ်သက်၍ ဤဥပဒေအရ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ်အခြေပြု၍ သင့်လျော်သည့် အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇(ဂ) အရ အန္တရာယ် အကဲဖြတ်ခြင်းဆိုင်ရာရလဒ်များနှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ ဗဟိုအဖွဲ့ကပေးအပ်သည့် သတင်းအချက်အလက်များ ရရှိပါက ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) ငွေကြေးခဝါချမှုအန္တရာယ်သည် အကဲဖြတ်ချက်အရ အဆင့်မြင့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းသို့ဖော်ထုတ်ရရှိသည့် အန္တရာယ်အဆင့်နှင့်အညီ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန်ဟုတ်မဟုတ်ကို လည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိကို လည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) ငွေကြေးခဝါချမှုအန္တရာယ်သည် အကဲဖြတ်ချက်အရ အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းသို့ဖော်ထုတ်ရရှိသည့် အန္တရာယ်၏ သဘောသဘာဝနှင့်အညီ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း။

(၃) ပုဒ်မခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်သည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်ရမည် -

(၁) ဖောက်သည်တစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားရေးဆက်ဆံမှု ထူထောင်ထားခြင်းမရှိသည့် ဖောက်သည်တစ်ဦးနှင့် ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက် များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့်ပမာဏ သို့မဟုတ် ယင်းထက်ပိုသော ပမာဏဖြစ်သည့်အခါ အဆိုပါဖောက်သည်အတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့်နိုင်ငံတကာကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဖောက်သည်အတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဖောက်သည်ဆိုင်ရာအချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိသည့်အခါတိုင်း၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိသည့်အခါတိုင်း။

(ဂ) ပုဒ်မခွဲ (ခ) တွင်ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်ပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင်ရောက်ရှိချင်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) အပိုဒ်ခွဲ (က) အရ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဖောက်သည်အား အတည်ပြုစိစစ်ခြင်းနှင့် ဖောက်သည်၏ မှတ်ပုံတင်ကို အတည်ပြုခြင်း၊

(၂) စီးပွားရေးဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး အတည်ပြုစိစစ်နိုင်မည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့်အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

(၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဖောက်သည်ကိုယ်စားဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ်မဟုတ် စိစစ်ခြင်းနှင့် ယင်း၏ မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဖောက်သည်၏ အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများ သတ်မှတ်ခြင်း၊

(၅) ဖောက်သည်သည် ပြည်တွင်းပြည်ပတွင် သြဇာတိက္ကမ ရှိသူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သြဇာတိက္ကမရှိသူဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ပုဒ်မခွဲ (၁) မှ (၄) ပါ ဖောက်သည် အပေါ် အလေးထား စိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိပါက ပုဒ်မခွဲ (ခ) မှ (၁) မှ (၃) အထိ ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ခြင်း၊ ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်။ ယင်းအခြေအနေအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ရမည့် ဖောက်သည်အပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စီးပွားဆက်ဆံမှုဆောင်ရွက်ပြီးသော်လည်း ပြုလုပ်နိုင်သည်။

(ဆ) အထူးသဖြင့် အန္တရာယ်အဆင့်မြင့်သည့် ဖောက်သည်များ သို့မဟုတ် စီးပွားရေးဆက်ဆံဆောင်ရွက်မှုများဆိုင်ရာ အချက်အလက်များ အပါအဝင် ဤပုဒ်မအရ စုဆောင်းရယူထားသည့် အထောက်အထားစာရွက်စာတမ်းများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရေး၊ သက်ဆိုင်အကျုံးဝင်သောအချက်အလက်များဖြစ်စေရေး ဆောင်ရွက်ထားရှိရမည်။

၂၀။ သတင်းပို့အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့အပြင် မိမိတို့သိရှိထားသည့် ဖောက်သည်ဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အန္တရာယ်ရှိမှုအဆင့်အတန်းများနှင့် ကိုက်ညီစေရေးအတွက် မည်သည့်လွှဲပြောင်းဆောင်ရွက်မှုကိုမဆို သေချာစွာ စိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်း စိစစ်ရမည်။

၂၁။ (က) သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးရမည်-

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်သာမြင်သာ မရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်သာမြင်သာမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်း မရှိသည့် နိုင်ငံတစ်နိုင်ငံမှ သို့မဟုတ် ယင်းနိုင်ငံရှိသူတစ်ဦးနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် လွှဲပြောင်းဆောင်ရွက်မှုများ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုများ၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်သည် အဆင့်မြင့်သည်ဟု ဖော်ထုတ်သိရှိရပါက သတင်းပို့အဖွဲ့အစည်းများသည် ဖောက်သည်အပေါ် အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၂၂။ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဖောက်သည်တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးသည် ပြည်တွင်းပြည်ပ သြဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သြဇာတိက္ကမရှိသူများ ဟုတ်မဟုတ် ဆုံးဖြတ်နိုင်ရန် သင့်လျော်သည့် အန္တရာယ်စီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အပြည်ပြည်ဆိုင်ရာ သြဇာတိက္ကမ ရှိသူများနှင့် စပ်လျဉ်း၍-

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက် ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဖောက်သည်အပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းမြည်ပ သြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးရမည်။

၂၃။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါ သတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့် သတင်းအချက်အလက်များကို အဆင်သင့်ပေးပို့နိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည့်အထိ ပြည့်စုံလုံလောက်မှုရှိရမည်-

(က) စီးပွားဆက်ဆံဆောင်ရွက်မှု ရပ်စဲပြီးချိန်မှဖြစ်စေ၊ ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှဖြစ်စေ နောက်ထပ် အနည်းဆုံးငါးနှစ်ကြာကာလအထိ ဖောက်သည် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ငွေစာရင်းဖိုင်များနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များအပါအဝင် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းမှ တစ်ဆင့်ရရှိထားသော မှတ်တမ်းမှတ်ရာများနှင့် ဆောင်ရွက်ခဲ့ပြီးသော စိစစ်တွေ့ရှိချက်ရလဒ်အားလုံး၏ မိတ္တူများ၊

(ခ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှနောက်ထပ် ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းအားလုံး၊

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့တင်ပြခဲ့သည့်မှာ အနည်းဆုံးငါးနှစ်ကြာပြီဖြစ်သည့် ဤဥပဒေအခန်း(၈)အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးခဲ့သည့်မှာ သို့မဟုတ် နောက်ဆုံးအချိန် ပြင်ဆင်မွမ်းမံခဲ့သည့်မှာ ငါးနှစ်ကြာပြင့်ပြီးဖြစ်သော ပုဒ်မ ၁၈ အရ အန္တရာယ်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၂၄။ (က) သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အချက်များအနက် အောက်ပါ လိုအပ်ချက်များကို အကောင်အထည်ဖော်နိုင်စွမ်းရှိသော ကြားလူကို အားထားဆောင်ရွက်နိုင်သည်။ စီးပွားစတင်ဆောင်ရွက်နိုင်ရန်အတွက် ၎င်းကြားလူသည်-

(၁) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ သတင်းအချက်အလက်အားလုံးကို ချက်ချင်းရယူခြင်း၊

(၂) မှတ်ပုံတင် အထောက်အထားဆိုင်ရာ အချက်အလက်များနှင့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို တောင်းဆိုပါက နှောင့်နှေးမှုမရှိဘဲ ကျေနပ်ဖွယ် ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) ပုဒ်မ ၂၁ မှ ၂၃ ပါ ဆောင်ရွက်ရန် လိုအပ်ချက်များကို ကိုယ်စားလိုက်နာဆောင်ရွက်ရေးအတွက် ထိန်းသိမ်းခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများကို ကျေနပ်ဖွယ် ဆောင်ရွက်ထားနိုင်ခြင်း။

(ခ) ဖောက်သည်ကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် အတည်ပြုစိစစ်ခြင်းအတွက် အဓိကတာဝန်ရှိမှုသည် ပုဒ်မခွဲ (က)အရ ကြားလူ သို့မဟုတ် အဖွဲ့အစည်းကိုအားထားဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်းများတွင် ဆက်လက်တည်ရှိရမည်။

၂၅။ သတင်းပို့အဖွဲ့အစည်းများသည် အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့်ဆက်နွှယ်၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၂၆။ နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အခြားသော အလားတူ ဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ပါ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော အခြားနိုင်ငံမှ အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်း၊ ယင်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခံရခြင်း သို့မဟုတ် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ အရေးယူခံရခြင်း ရှိမရှိ ကို လည်းကောင်း၊ ကြီးကြပ်မှုဆိုင်ရာ အရည်အသွေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လည်းကောင်း စုဆောင်းရယူခြင်းနှင့် သိရှိခြင်း၊

(ခ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတာဝန်ဝတ္တရားများကို မှတ်တမ်းတင်ခြင်း။

၂၇။ (က) ကြေးနန်းသို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲခြင်းပါဝင်သော ဆောင်ရွက်မှုများကို ပြုလုပ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယင်းလွှဲပြောင်းဆောင်ရွက်မှုများ၌ ကနဦး လွှဲပြောင်းသူ၏ အမည်အပြည့်အစုံ၊ ငွေစာရင်းအမှတ်နှင့် လိပ်စာ၊ လိပ်စာမရှိပါက နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးနေ့သက္ကရာဇ်နှင့် မွေးရာဇာတိတို့ကို လည်းကောင်း၊ ယင်းလွှဲပြောင်းမှုလုပ်ငန်းစဉ်တွင် ပါဝင်သည့် အကျိုးခံစားခွင့်ရှိသူ၏အမည်နှင့်ငွေစာရင်းအမှတ်များကိုလည်းကောင်း ရယူ

အချပ်ပို (F)သို့

ဥပဒေကြော်ငြာ

အချပ်ပို (E)မှ

ခြင်းနှင့် စိစစ်ခြင်းများ ဆောင်ရွက်ရမည်။ ယင်းသတင်းအချက်အလက်များတွင် ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲရာ၌ပါရှိသည့် မှာကြားချက်များ သို့မဟုတ် ငွေပေးချေမှုများလည်း ပါဝင်ရမည်။ အကယ်၍ ငွေစာရင်းအမှတ်မရှိပါက ထိုလွှဲပြောင်းမှုအတွက် သီးခြားရည်ညွှန်းနံပါတ်ကို သတ်မှတ်ပေးရမည်။ ဤပုဒ်မ၏ ပြဋ္ဌာန်းချက်ပါ သတင်းအချက်အလက်ကို ငွေပေးချေမှုဆောင်ရွက်သော ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်းများက ထိန်းသိမ်းခြင်းနှင့် တစ်ဆင့်ပေးပို့ခြင်းများ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အကြွေးဝယ်ကတ် သို့မဟုတ် မြီစားကတ်ဖြင့် လွှဲပြောင်းဆောင်ရွက်မှု၊ ယင်းလွှဲပြောင်းမှုနှင့်အတူ အကြွေးဝယ်ကတ်နှင့် မြီစားကတ်အမှတ်များပါရှိသော လွှဲပြောင်းမှု၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စား ဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဂ) ငွေပေးချေမှုဆောင်ရွက်သော ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်၏ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသည့် ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲခြင်းကို ဆောင်ရွက်ပေးခြင်းမပြုရ၊

(ဃ) နိုင်ငံဖြတ်ကျော်၍ ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲခြင်း သို့မဟုတ် ငွေကြေးလက်ခံမပြုသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည်-

(၁) အဆိုပါလွှဲပြောင်းဆောင်ရွက်ချက်နှင့်အတူ ကနဦးလွှဲပြောင်းပေးသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ(က)ပါ လိုအပ်သည့် သတင်းအချက်အလက်များ မပါဝင်သော ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲခြင်းများကို ဖော်ထုတ်ရန် ထိုက်သင့်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

(၃) ယင်းလွှဲပြောင်းမှုဆောင်ရွက်ခြင်း၊ လက်ခံခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းနှင့် နောက်ဆက်တွဲ အရေးယူ ဆောင်ရွက်မှု တစ်စုံတစ်ရာ ချမှတ်ခြင်းများ ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်ရေးအတွက် အန္တရာယ် အခြေပြုလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရှိရမည်။

(င) ပုဒ်မခွဲ (က) ပါ ကနဦးလွှဲပြောင်းသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များသည် ပြည်တွင်း ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲခြင်းတစ်ရပ်တွင် မှတ်တမ်းကျန်ရှိစေရေးအတွက် နည်းပညာကန့်သတ်ချက်များကြောင့် အတားအဆီးဖြစ်ပါက ယင်းငွေကြေးလွှဲပြောင်းမှု ပြုလုပ်ရန် ညွှန်ကြားသည့် သို့မဟုတ် ဆောင်ရွက်သည့်အဖွဲ့အစည်းထံမှ ဖော်ပြပါ သတင်းအချက်အလက်အားလုံး ရရှိသောအဖွဲ့အစည်းသည် မှတ်တမ်းကို သိမ်းဆည်းထားရှိရမည်။

(စ) ပုဒ်မခွဲ(က)ပါ လိုအပ်သည့် သတင်းအချက်အလက်များကင်းမဲ့နေသော ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် နိုင်ငံဖြတ်ကျော်၍ ငွေလွှဲပြောင်းခြင်းကို လက်ခံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ယင်းလွှဲပြောင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား အတည်ပြုစိစစ်ရမည်။

(ဆ) နိုင်ငံတော်ဗဟိုဘဏ်သည် ကြေးနန်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်ထုတ်ပြန်သတ်မှတ်ပေးရမည်။

၂၈။ (က) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန်နှင့် ဤဥပဒေနှင့်အညီ ဖော်ထုတ်ရရှိသည့်အန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် ဌာနတွင်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက် ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် လိုအပ်ပါက ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများတွင် အောက်ပါအချက်များ ပါဝင်သည်-

(၁) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန် တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်း မြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်တစ်ရပ်၊

(၃) မိမိဖောက်သည်ကိုသိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း(၈)ပါ သတင်းပို့ရန်လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကို စစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်။

(ခ) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရေး အရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) သတင်းပို့အဖွဲ့အစည်းသည် ဤပုဒ်မတွင် ဖော်ပြထားသည့် လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်တစ်ခုချင်းစီအတွက် ယင်းအဖွဲ့အစည်းက ဆောင်ရွက်မည့် အရေးယူဆောင်ရွက်မှု အမျိုးအစားများကို သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများပမာဏ၊ ဖောက်သည်များ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့်နည်းလမ်းနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်ပတ်သက်သည့် ပထဝီဝင် အနေအထားနှင့် နိုင်ငံများ စသည်တို့ကို ထည့်သွင်းသုံးသပ်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(၁) ဤဥပဒေအရ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံ လုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှု အန္တရာယ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၂၉။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အကောင်အထည်ဖော်ဆောင်ရေးအရာရှိအတွက် အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းနှင့် လိုအပ်သည့် အရင်းအမြစ်များထောက်ပံ့ခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်-

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၀။ (က) မည်သည့် သဏ္ဌာန်ဆောင်ဘဏ်ကိုမျှ နိုင်ငံတော်အတွင်း ဖွဲ့စည်းထူထောင်ခြင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ဆောင်စေခြင်း မပြုရ၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များနှင့်ဖြစ်စေ၊ ၎င်းဘဏ်များ တည်ရှိသည့်နိုင်ငံများ၌ဖြစ်စေ စီးပွားရေးဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံမှု ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရ၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များအား ယင်းတို့၏ငွေစာရင်းများကို အသုံးပြုရန်ခွင့်ပြုထားသည့် အဆက်အသွယ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်ခြင်းများ မပြုလုပ်ရ။

၃၁။ (က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်နိုင်ငံများကို ဖော်ထုတ်သတ်မှတ်ရမည့်အပြင် ထိုကဲ့သို့သော နိုင်ငံများနှင့်ဆက်နွယ်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်များ ထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများသည် အပိုဒ်ခွဲ (က) ပါ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို တိကျစွာ လိုက်နာကျင့်သုံးရမည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် သတင်းပို့အဖွဲ့အစည်းများက တိကျစွာလိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၃၂။ သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန်သတ်မှတ်ထားသည့် ပမာဏ သို့မဟုတ် ယင်းပမာဏထက်ကျော်လွန်သော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက်သည်ဟု သော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် အားထုတ်သည်ဟုသော်လည်းကောင်း သံသယဖြစ်ရန် သင့်လျော်သည့် အကြောင်းရှိပါက ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ပုဒ်မ ၀၀(က) အရ ထုတ်ပြန်ထားသော သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း ယင်းတပ်ဖွဲ့သို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပေးပို့ရမည်။

၃၃။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များ တင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များ ပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့် အကြောင်းကြောင့် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရ လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ၊

(ခ) သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကလိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတ်ပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၃၄။ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနအဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ဝန်ထမ်းများသည် မိမိတို့၏ဖောက်သည်များ သို့မဟုတ် ကြားလူနှင့် အဖွဲ့အစည်းများအား ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့် သတင်းအချက်အလက်ကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ တင်ပြရန်ရှိသည်ဟုလည်းကောင်း၊ တင်ပြနေသည်ဟုလည်းကောင်း၊ တင်ပြထားပြီးဖြစ်သည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်နေသည် သို့မဟုတ် ပြုလုပ်ခဲ့သည်ဟုလည်းကောင်း ထုတ်ဖော်ပြောကြားခြင်းမပြုရ။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်သည် သတ်မှတ်ထားသော သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ၊ ဝန်ထမ်းများနှင့် ဥပဒေအကျိုးဆောင်များအကြား ထုတ်ဖော်ပြောကြားခြင်းကိုဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းကိုဖြစ်စေ ဟန့်တားပိတ်ပင်ခြင်းမရှိစေရ။

၃၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသောပမာဏနှင့် ယင်းပမာဏထက်ကျော်လွန်သည့် ငွေသားလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားဖြင့် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့ရမည်။

၃၇။ ရှေ့နေများ၊ နိုတရီများနှင့် အခြားလွတ်လပ်သော ဥပဒေပညာရှင်များသည် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် မိမိတို့ဖောက်သည်များ၏ ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များမှလည်းကောင်း သို့မဟုတ် အဆိုပါဖောက်သည်အတွက် တရားစွဲဆိုခြင်းကိစ္စရပ်တွင်ဖြစ်စေ၊ တရားစွဲဆိုခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင်ဖြစ်စေ ခုခံကာကွယ်ခြင်း သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ခြင်းများ ပြုလုပ်ရာမှလည်းကောင်း ရရှိသည့် ဖောက်သည်ဆိုင်ရာ သတင်းအချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

အခန်း (၉)
ကြီးကြပ်ဆောင်ရွက်ခြင်း

၃၈။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်သည်-

(က) သတင်းပို့အဖွဲ့အစည်းများအား စည်းမျဉ်းစည်းကမ်းထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား မပျက်မကွက် တိကျစွာ လိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) မိမိတို့စည်းမျဉ်းထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းဆောင်ရွက်ရသည့် သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို ဖော်ထုတ်ခြင်း၊ ချင့်တွက်ခြင်း၊ စောင့်ကြည့်ခြင်းများ ပြုလုပ်ရန်အတွက် အကဲဖြတ်မှုကို ဆောင်ရွက်ရမည်။ အဆိုပါအကဲဖြတ်မှုကို အခါအားလျော်စွာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီနေစေရမည့်အပြင် အဆိုပါဖော်ထုတ်ရရှိသည့် အန္တရာယ်များအပေါ် လုံလောက်စွာ စီမံခန့်ခွဲမှုပြုနိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန်အချက်များကို ချမှတ်ရမည်။

(ဂ) သတင်းပို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် အခြားသော အချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် အုပ်စုလိုက် အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ပြင်ပမှ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်စားဆောင်ရွက်ရန် မည်သူ့ကိုမဆို လွှဲအပ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများက သိမ်းဆည်းထားသော သတင်းအချက်အလက် အထောက်အထားမိတ္တူကို ယင်းသတင်းပို့အဖွဲ့အစည်းများထံမှ ရယူနိုင်သည်၊

(င) အခန်း(၈)ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော သတင်းပို့အဖွဲ့အစည်းကို အရေးယူဆောင်ရွက်မှုအစီအစဉ်များ ချမှတ်ကျင့်သုံးနိုင်သည်။

(စ) ဤဥပဒေပါ တာဝန်ဝတ္တရားများကို သတင်းပို့အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

(ဆ) ငွေကြေးခဝါချမှု၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှု သို့မဟုတ် အကြမ်းဖက် ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆိုတင်ပို့ခြင်း၌ဖြစ်စေ အခြားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ဇ) သတင်းပို့အဖွဲ့အစည်းများ၏ နိုင်ငံခြားလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်း ဥပဒေနှင့်စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိ တို့ကို စိစစ်နိုင်သည်။

(ဈ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ ချက်ချင်း သတင်းပို့ရမည်။

(ည) သတင်းပို့အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းသတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဋ) ဤဥပဒေကိုကျင့်သုံး၍ အရေးယူဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

၃၉။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့်အာဏာပိုင်များသည် အခန်း(၈)ပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါ အရေးယူဆောင်ရွက်မှု တစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားသတ်မှတ်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရန်အမိန့်ပေးခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ပုံမှန်အစီရင်ခံစာများ တင်ပြရန် ညွှန်ကြားခြင်း၊

(ဃ) ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်းများ ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(င) အခြားသောသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

၄၀။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် ပုဒ်မ ၃၉ အရ ချမှတ်ဆောင်ရွက်သည့် အရေးယူဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

အခန်း (၁၀)
ငွေကြေး သို့မဟုတ် သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၄၁။ ဗဟိုအဖွဲ့ကသတ်မှတ်သော ပမာဏနှင့်ညီမျှသည် သို့မဟုတ် ကျော်လွန်သည့် တန်ဖိုးရှိသော ငွေကြေး၊ သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို နိုင်ငံတော်အတွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ယင်းမှထွက်ခွာသူသည် လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ ပါရှိလျှင် သော်လည်းကောင်း၊ နိုင်ငံတော်အတွင်းသို့ သို့မဟုတ် ပြင်ပသို့ သင်္ဘော သို့မဟုတ် လေယာဉ်ဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

အချပ်ပို (G)သို့

ဥပဒေကြမ်း

အချပ်ပို (F)သို့

၄၂။ အကောက်ခွန်ဦးစီးဌာနသည် ပုဒ်မ ၄၁ နှင့်အညီ တရားဝင်ကြေညာရန် ပျက်ကွက်သည် သို့မဟုတ် လိမ်လည်ကြေညာသည် ကိစ္စရပ်များကိုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု၊ သို့မဟုတ် ဤဥပဒေနှင့် သက်ဆိုင်သောပြစ်မှုများနှင့်ဆက်နွှယ်ပတ် သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင်သော်လည်းကောင်း၊ ငွေကြေး၊ သယ်ဆောင် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ သို့မဟုတ် အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖမ်းဆီးရန်လည်းကောင်း၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်သော်လည်းကောင်း လုပ်ပိုင်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရန် ဤဥပဒေအခန်း(၆)နှင့် ပင်လယ်အကောက်ခွန်ဥပဒေတို့တွင်ပါရှိသည် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ကျင့်သုံးနိုင်သည်။

၄၃။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အောက်ပါအချက်များနှင့် ပင်လယ်အကောက်ခွန်ဥပဒေအရ သက်ဆိုင်သူများက လိုက်နာဆောင်ရွက်စေရေးအတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ ရှိစေရမည်-

(က) လူများ၊ ယင်းတို့၏ဝန်စည်စလယ်များ၊ ယင်းတို့၏သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှုနည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ (က) တွင် ညွှန်းဆိုထားသည် ပုဂ္ဂိုလ်များထံမှ အဆိုပါ ငွေကြေး၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများနှင့် အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ မူလဇာစ်မြစ်နှင့် အသုံးပြုရန် ရည်ရွယ်ချက်များနှင့် သက်ဆိုင်သည် သတင်းအချက်အလက်အသစ်များကို တောင်းခံခြင်း သို့မဟုတ် ရယူခြင်း။

၄၄။ ဤဥပဒေပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် နိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားငွေစီမံခန့်ခွဲရေးဌာနများသို့ ပေးပို့ရမည်။

အခန်း (၁၁)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၅။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) တွင် ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၅၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းငါးရာထိ ငွေဒဏ်ချမှတ်ရမည်။ ဒဏ်ငွေမဆောင်နိုင်ပါက ပြစ်မှုကျူးလွန်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အကျိုးခံစားခွင့်ရှိသူ မူလပိုင်ရှင်ကို ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၁၈ မှ ၃၀ ထိ ပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာရန် လိုအပ်ချက်များ သို့မဟုတ် အရေးယူဆောင်ရွက်ရမည်အချက်များကို ချိုးဖောက်ခြင်းဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်စေ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းတစ်ရာထိ ချမှတ်ရမည်။

၄၉။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အလွန်ပေါ့ဆ၍ဖြစ်စေ ပုဒ်မ ၃၀(က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ မြန်မာနိုင်ငံအတွင်း သဏ္ဍာန်ဆောင်ဘဏ်တစ်ခုကို ထူထောင်ခြင်း သို့မဟုတ် ထူထောင်ရန်အားထုတ်ခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်လုပ်ဆောင်ခြင်း သို့မဟုတ် ပုဒ်မ ၃၀(ခ) သို့မဟုတ် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်နှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ရန် ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၀။ မည်သည့်သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပေးပို့ရာတွင် မှားယွင်းသောအချက်အလက် ဖော်ပြခြင်း သို့မဟုတ် အချက်အလက်ဖုံးကွယ်ထားခြင်းများ ပါဝင်သည် အစီရင်ခံစာ သို့မဟုတ် အကြောင်းကြားစာပေးပို့ခြင်းပြုကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ချမှတ်ရမည်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၁။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၄၂ အရ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်ခြင်းသော်လည်းကောင်း၊ အကောက်ခွန်အရာရှိ၊ အရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည်အချက်အလက်များကို ဖုံးကွယ်ခြင်းသော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည်ကာလအတွင်း ငွေကြေးနှင့် ပစ္စည်းများဆိုင်ရာ တားမြစ်အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်ပြင် ငွေဒဏ်လည်းချမှတ်ရမည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် ကျပ်သန်း သုံးရာထိ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်၍ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သတင်းပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကိုသုံးနှစ် ထိထောင်ဒဏ်ချမှတ်ရမည်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ထုတ်ဖော်ပြောကြားကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ စိစစ်ရေးအဖွဲ့သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေနှင့် သက်ဆိုင်သည် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဃ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၅၆။ တရားရုံးသည်-

(က) ဤဥပဒေပါ ငွေကြေးခဝါချမှု ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည်အမိန့် ချမှတ်ရမည်။

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများ ရောင်းရငွေ၏ ငါးရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

အခန်း (၁၂)

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များအပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း။

အခန်း (၁၃)

တရားခံ လွှဲပြောင်းပေးခြင်း

၅၈။ (က) ဤဥပဒေပါ ငွေကြေးခဝါချမှုကို တရားခံလွှဲပြောင်းပေးနိုင်သည် ပြစ်မှုအဖြစ် သတ်မှတ်ရမည်အပြင် တရားခံလွှဲပြောင်းရေးကို ပြည်တွင်းဥပဒေ သို့မဟုတ် ပြည်တွင်းရပ်တည်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေနှင့်ပတ်သက်သည် တရားခံ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၅၉။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံတစ်ခုခုမဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင် နိုင်ငံတစ်ခုခုမဖြစ်စေ ဤဥပဒေပါ ငွေကြေးခဝါချမှုတစ်ရပ်ရပ်ကို ပြည်တွင်း၌ ကျူးလွန်သည့် တရားခံအား ပြည်ပသို့လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍-

(က) ဤဥပဒေနှင့်အကျုံးဝင်သည် ငွေကြေးခဝါချမှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည်ပြစ်မှုဟု မှတ်ယူခြင်း မပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည် ကျူးလွန်ခဲ့သော ငွေကြေးခဝါချမှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်း မပြုရ။

အခန်း (၁၄)

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရန်ပုံငွေ

၆၀။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါ ရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်ရမည်-

(က) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသောငွေကြေးနှင့် ပစ္စည်းများတန်ဖိုး၏ ငါးရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ။

၆၁။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များ ကျခံရန် ခွင့်ပြုနိုင်သည်-

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ စိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သော ကုန်ကျစရိတ်များ၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်သည့် ကိစ္စများ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် ကူညီထောက်ပံ့ပေးသည် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ထိုက်သင့်သည် ဆုကြေးငွေချီးမြှင့်သည် ကိစ္စများ၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေး အစီအမံများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ်လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုများ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်သူအား ဆုငွေချီးမြှင့်သည်ကိစ္စများ။

အခန်း (၁၅)

အထွေထွေ

၆၂။ ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၆၃။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင်-

(က) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများသည် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသော အထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့်ပစ္စည်းများကို ရရှိစေခဲ့သည် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်း သက်သေတင်ပြရန် လိုအပ်ခြင်း မရှိစေရ၊

(ခ) အပိုဒ်ခွဲ (က) ပါ ပြစ်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ၊

(ဂ) ပြစ်မှုကျူးလွန်သူ၏ အသိအပြင်၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်တို့သည် မူလပြစ်မှု၏ အခြေခံအချက်များ အထိုက်အလျောက်ဖြစ်စေကာမူ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုပြစ်မှုများတွင် ၎င်းအချက်များကို ဖြစ်ရပ်မှန် အကြောင်းခြင်းရာများမှ ကောက်ချက်ချနိုင်သည်။

၆၄။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံနေရသူ မဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့်ပစ္စည်းများအား သဘောရိုးဖြင့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်း မရှိစေရ။

၆၅။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များအရ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက်ရရှိစေရမည်။

၆၆။ ငွေကြေးခဝါချမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူ မည်သူမဆို ယင်း၏ အခွင့်အရေးများ ရရှိရေးအတွက် ယင်းပုဂ္ဂိုလ်နိုင်ငံသားဖြစ်သည် နိုင်ငံ၏ အနီးစပ်ဆုံးသင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

၆၇။ ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့်အမိန့်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည်။

၆၈။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းများ၊ ဤဥပဒေကိုအကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ဖြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ ဥပဒေအရ အရေးယူခြင်းခံရမည်။

၆၉။ ပုဒ်မ ၅ ပါ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းအား-

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) ပါ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရာမှရရှိသည် ငွေကြေးနှင့်ပစ္စည်းများနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

(ခ) ဤဥပဒေ စတင်အာဏာမတည်မီက ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာမှရရှိသည် ငွေကြေးနှင့်ပစ္စည်းများနှင့် သက်ဆိုင်သော ပြစ်မှုများကို ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဖြင့် အရေးယူရမည်။

၇၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းများ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည် အာဏာပိုင်တို့သည် လိုအပ်ပါက ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၂။ ရုပ်သိမ်းလိုက်သည် ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂) အရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခု အရဖြစ်စေ ထုတ်ပြန်သည် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၃။ ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ကြော်ငြာ

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံ

ကျင်းပမည့်နေ့ရက် - ၂၂-၁-၂၀၁၄ရက်မှ ၂၅-၁-၂၀၁၄ရက်အထိ

ကျင်းပမည့်နေရာ - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့

မှတ်ပုံတင်ရမည့်နေရာ - ၂၀-၁-၂၀၁၄ရက်မတိုင်မီ မြန်မာနိုင်ငံသားများဘဏ်နှင့် ၎င်းနှင့်ဆက်သွယ်ထားသောဘဏ်အသီးသီးသို့ စာရင်းအမှတ် SM 359 တွင် ပေးသွင်းရန်၊

- ၂၀-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ ရက်အတွင်း ညီလာခံကျင်းပမည်နေရာရှိ မှတ်ပုံတင်ရမည်နေရာတွင် နံနက်၉နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တစ်ဦးလျှင် ကျပ် ၄၀၀၀၀ နှုန်း ပေးသွင်းရန်။
- ၂၂-၁-၂၀၁၄ရက်တွင် တက်ရောက်လိုပါကလည်း တစ်ဦးလျှင် ကျပ်၅၀၀၀၀နှုန်းဖြင့် ၎င်းရက်တွင် ပေးသွင်းနိုင်ပါသည်။

အဆိုပါနေရာတွင် ညီလာခံနှင့်သက်ဆိုင်သော စာရွက်စာတမ်းလက်ဆောင် ပစ္စည်းများ ထုတ်ယူခြင်းတို့ကို ဆောင်ရွက်ရပါမည်။

ကျင်းပမည့်အစီအစဉ်အကျဉ်း - အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ခြင်း။ သုတေသန စာတမ်းဖတ်ပွဲများနှင့်ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများကျင်းပခြင်း။
- အသက်၇၀နှင့် အထက် သက်ကြီး သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ ပူဇော်ပွဲကျင်းပခြင်း။
- အားကစားပြိုင်ပွဲများကျင်းပခြင်း။
- အထွေထွေဆွေးနွေးပွဲ ကျင်းပခြင်း။
- (သခ)လိုင်စင် သက်တမ်းတိုးခြင်း။
- မြရိပ်ညိုဟိုတယ်၌ ညီလာခံအထိမ်းအမှတ် ညစာစားပွဲ ကျင်းပခြင်း။
- သွားနှင့်ခံတွင်းဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများပြပွဲ ကျင်းပရောင်းချခြင်း။

သွားနှင့်ခံတွင်းဆရာဝန်တိုင်း မပျက်မကွက်တက်ရောက်ရန် နှစ်စဉ်ကျင်းပသည့်ပွဲကြီးဖြစ်သဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

MDA ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၂လမ်း (ယာ)၊ အမှတ် (၃၀)၊ တိုက်ခန်းအမှတ် C.2 ပထမထပ် (မှန်ခန်း)ခြေရင်းခန်းအား ကန်ထရိုက် ဒေါ်အိအိချော ၁၂/သဃက(နိုင်)၀၃၇၄၄၆ထံမှ တစ်ဆင့် ဝယ်ယူသူ ဒေါ်မွန်မွန်အေး ၉/နမန(နိုင်) ၀၃၃၅၂၉ ရောင်းချခွင့်ရှိသူမှ ကျွန်တော်ဦးညီညီဝင်း ၁၂/သဃက(နိုင်)၁၅၃၉၂၈အား ရောင်းချရန်ကမ်းလှမ်းလာသဖြင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း အပြည့်အစုံမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားပါမည်။

ဦးညီညီဝင်း
ဖုန်း-၀၉-၄၃၀၂၆၈၇၁၊ ၀၉-၅၀၆၇၀၃၆
အမှတ် ၂၆(က)၊ မြေညီ (B) အောင်ဇေယျ (၂)လမ်းယာ၊
ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ်(၃၅) G.F-2 ကို ပိုင်ဆိုင်သောပိုင်ရှင်ဦးအောင်ကျော်ကျော် ၁၂/မရက(နိုင်)၀၄၇၇၆အသို့ ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကန့်ကွက်မည်သူမရှိပါက ဖော်ပြပါတိုက်ခန်းကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ စာချုပ်ချုပ်ဆို ဝယ်ယူမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှဖေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၉၁)
အမှတ် ၃၊ သီရိလမ်း၊ ၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၆၅၁၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၄)၊ မြေကွက်အမှတ် (၁၁၅၄)၊ ယခုအခေါ်အမှတ်(၁၁၅၄)၊ သင်းဝင်လမ်း (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အကျယ်အဝန်း (၄၂×၆၁)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မြင့် ၁၂/မရက(နိုင်)၀၈၇၉၈၃ ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောအထောက်အထားပြသ၍ ဤကြော်ငြာပါသည်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဝင်း ၃/ဘအန(နိုင်)၁၁၅၈၄၆
အမှတ် ၉၂၃၊ ပျဉ်းမမြိုင်လမ်း၊
(၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၃၁၀၇

ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်မင်းထွန်း ၁၂/မဂတ(နိုင်)၀၀၆၈၀၂ CDC.37960 ၏ သင်္ဘောသား D.S.D လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၆၁၉၅၃

ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၇၁၅၉ Yamanya ၊ သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းထွန်း ၃/ဘအန(နိုင်)၁၉၅၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MARINE BLUE (V.93) သင်္ဘောသည် ၁၉-၁-၂၀၁၄ရက်ခန့်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN NAGA (V.29) သင်္ဘောသည် ၂၀-၁-၂၀၁၄ရက်ခန့်တွင်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၁၃၊ ၂၅၆၉၀၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ် ၃၈ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အကျယ်အဝန်း(အလျားပေ ၅၀×အနံပေ၈၀)ရှိ နှစ်ခန်းတွဲရစ်ထပ်ခွဲအဆောက်အအုံမှ အခန်း ၂၀၁၊ အကျယ်အဝန်း (အလျား၂၅ပေ×အနံပေ ၈၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ Strong Source Construction Company (ကုမ္ပဏီ၏ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးစိုးနိုင် ၁၂/ကတတ(နိုင်)၀၀၁၅၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်း တန်းဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax & Ph ၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

[illegible]

သွာနုတ္တသားများအဖြစ်ကြေညာခြင်း

[illegible]

ဒေါ်တင်သန်း ၁၂/မဂဒ(နိုင်)၀၄၁၆၅၃ နှင့်သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၄၁၊ ၁ လမ်း၊ ရိပ်မွန်နေ ဒေါ်စုလဲ့မြင့် ၉/မထလ(နိုင်)၀၄၅၅၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်တင်သန်း ၁၂/မဂဒ(နိုင်)၀၄၁၆၅၃ ဂရန်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/က)မှ မြေကွက်အမှတ်(၂၂၈/က)၊ မြေအကျယ်အဝန်း(၃၄'×၇၀')အနက်မှ (၂၄'×၇၀')ရှိ မြေနှင့်အကျိုးခံစားခွင့်များကို မိမိပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အချုပ်အချယ်(လုံးဝ)ကင်းရှင်းကြောင်း ရောင်းချသူ ဒေါ်တင်သန်းမှ ဝန်ခံသဖြင့် ငွေကျပ် ၃၅၅ သိန်းဖြင့် သတ်မှတ်ခဲ့ပြီး နှစ်ဦးသဘောတူ စရန်ပေးကတိစာချုပ်ကို ၅-၁၁-၂၀၁၃ရက်တွင် ချုပ်ဆိုခဲ့ပြီး ပထမအရစ်စရန်ငွေ သိန်း ၀၀၀ ကို အသိသက်သေများရှေ့ပေးချေခဲ့ပြီး ၅-၁၂- ၂၀၁၃ ရက်တွင် ဒုတိယအရစ်ငွေသိန်း ၁၀၀ ကို ထပ်မံပေးချေပြီးနောက် ကျန်ငွေ ၁၅၅ သိန်းကို သတ်မှတ်ရက်မတိုင်မီပေးချေရန် သွားရောက်ခဲ့ရာ ရောင်းချသူမှ အကြောင်းအမျိုးမျိုး ပြကာ လက်မခံသဖြင့် အုပ်ချုပ်ရေးမှူးရုံးတွင် ညှိနှိုင်းခဲ့ပြီးနောက် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ ကိစ္စရပ်အားစုံစမ်းရာ ဒေါ်တင်သန်းသည် မင်္ဂလာဒုံမြို့နယ် တရားရုံးတော်၌ တရားမကြီးအမှုအမှတ်(၅၈/၂၀၁၁)ဖြင့် အချင်းဖြစ်ခြံမြေနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ အမှုအခင်းဖြစ်ပွားနေကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။ ထို့ကြောင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ထိမ်ချန်ထားသူ ဒေါ်တင်သန်းသည် ကျွန်ုပ်၏မိတ်ဆွေအား စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပေးရန်(သို့မဟုတ်) စရန်ငွေနစ်ဆပြန်လည်ပေးလျော်စေရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်အေး B.A, H.G.P, (Philo;)	**ဦးဝင်းကျော်ဟိန်း LL.B**
အထက်တန်းရှေ့နေ (စဉ်-၁၀၉၅၄)	**အထက်တန်းရှေ့နေ (စဉ်-၃၈၉၁၂)**
ဖုန်း-၀၉-၅၀၂၉၉၇၈	**ဖုန်း-၀၉-၄၂၁၀၈၅၇၃၃**

မင်္ဂလာဒုံတရားရုံးဝင်း၊ ရှေ့နေများနားနေခန်း

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြ/ကျေးလက်လမ်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာ တန် ၅ပပကို ပယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည်
- နေ့ရက် - ၂၈-၁-၂၀၁၄ရက် (အင်္ဂါနေ့)
- အချိန် - နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ
- နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည်
- နေ့ရက် - ၇-၂-၂၀၁၄ရက် (သောကြာနေ့)
- အချိန် - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
- နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည်ကတ္တရာအားထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ (၁)တန်ဈေးနှုန်း၊ ကတ္တရာ (၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty)ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာအရည်အသွေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာ အရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

Specfic Gravity @25/ 25 deg C	1.01-1.04	D-20
Penetration@ 25 deg C	80-100	D-5
Sottening Point deg C	43-48	D-36
Ductility at 25 deg C(cm)	100 Min;	D-113
Loss on Heating (%)	0.5 Max;	D-6
Droap in Penetration after Heating Point	20 Max;	D-5
Flash Point deg C	220 Min;	D-92
Solubility in Trichloroethane % wt	99.5 Min;	D-2042
Organic Matter in Soluble in Trich wt	0.2 Max;	D-2042
Wax Content PCT	2.0 Max;	DIN-52015

၃။ တင်သွင်းမည့်ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး (အထိုင်ဈေးပေါ်တွင်) ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကို နုတ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၀၂၀၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧက၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ အမှတ် ၁၀၂၀၊ ဗိုလ်ထွန်းလင်းလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးထွန်းရီ ISN-၀၆၈၀၆၀ အမည်ပေါက်လျက်ရှိပြီး ၎င်းမှာ ၂၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ငွေးရီ ၁၂/လမန(နိုင်)၀၇၀၁၆၈ က တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅) ဦးကောင်းမြတ်ဇော် အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမှတ် ၉၈၈ခ၊ ကျွန်းကလေးကွင်း၊ ဦးပိုင်အမှတ်(၂၇)၊ ရန်ကုန်-ပဲခူးလမ်းမအနီး၊ ဧရိယာ(၈၆×၃၀၀)ပေရှိ ဦးစွာလစ်အမည်ပေါက် ဦးခင်မောင်အမည်ဖြင့် ၃(ခ)လျှောက်ထားရရှိသည် ခြံမြေ တစ်ကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါရှိသည်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေလင်းစိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၄၃၀၇)
မမ-၁၄၀၊ အောင်သုခ (၃)လမ်း၊ မြို့မရပ်ကွက်၊
လှည်းကူးမြို့၊ ဖုန်း-၆၂၉၈၆၅

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လမ်း ၃၀၊ အမှတ် ၂၂၃ နေ **ဦးအဗ္ဗဒူရာဟင်(ခ)ဦးခင်မောင် ၁၂/ကတတ(နိုင်)၀၀၈၁၂၁** သည် အောက်ဖော်ပြပါ လုပ်ငန်းအမည် အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမှပိုင်တံဆိပ်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၁၄၃၇၄+ ၄/၁၄၃၇၅+ ၄/၁၄၃၇၆/၂၀၁၄) အရ မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

သစ်မင်း	**လမင်း**	**ဆန်းဖလားဝါး**
အထူးစပါယ်ရှယ်	**အထူးစပါယ်ရှယ်**	**အထူးစပါယ်ရှယ်**
အာမခံလွန်	**အာမခံလွန်**	**အာမခံလွန်**

အဆိုပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားဖြင့် အာမခံလက်သမားလွန်၊ မတတပ်လွန်ဆုဒ်စုံ၊ စက်ဖောက်လွန်ဆုဒ်စုံ၊ အနံ့အသက်ပျောက်ဆေးရည်၊ တိုက်သုတ်ကော်ရည်နှင့် ပတ်သက်သော ပစ္စည်းအမျိုးမျိုးတို့ကို ဖော်ပြပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားကို ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄